
1990




Alien-ချစ်စုလှိုင်

သိုင်းစာစဉ်များpage.

10.1.2019


ALIEN.

Alien မှ pdf အဖြစ် စကန်ဖတ်သည်

# မိုးကျော်သူ

## ဈိုင်းမညိုး

(ပထမပိုင်း)



ပထမအကြိမ်

၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ

အုပ်ရေ ၅၀၀

တန်ဖိုး ၃၅-ကျပ်

အဖုံးနှိပ်

ဦးကျော်မိုးစိန် (မြ-၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁-လမ်း၊ ရန်ကုန်။

ထုတ်ဝေသူ

ဦးထွန်းရှိန် (မင်းလွင်) (မြ-၀၁၂၈၅) ပန်းစုံမြိုင်စာသဘင်
၈၄၃၊ အောင်သစ္စာ ၃-လမ်း၊
၄-ရပ်ကွက်၊ သာကေတ၊ ရန်ကုန်။

ပုံနှိပ်သူ

ဦးပါကြီး (မြ-၀၁၉၅)
ဆန်းသစ်စပုံနှိပ်တိုက်
၅၀၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

မိုးကျော်သူ

# ဗျိုင်းမည်း

( ပထမပိုင်း )

အတုမရှိ ဝေဒနာ

---

ညနေဆည်းဆာ....

နေဝန်းနီမှာ အနောက်တက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားတော့မည် ဖြစ်ပေသည်။

တစ်နေ့တာ ထွန်းလင်းတောက်ပခဲ့သော အလင်းတန်းများသည် အင်အားကုန်ခန်း ညှိုးနွမ်းသွားချေပြီ။

အုံ့အုံ့ဆိုင်းဆိုင်းတောရိပ်တောင်ရိပ်များ ခိုအောင်းနေခဲ့သည့် အမှောင်ရိပ်သည် တဖြည်းဖြည်း အားယူကာ တိုးထွက်လာပြီး လောကကြီးတစ်ခုလုံးအား ချုပ်ကိုင်လွှမ်းမိုးရန် ကြံစည်ကြိုးစားနေပြီဖြစ်၏။

တစ်နေ့တာအချိန် မီးစာကုန်ဆီခန်း ချုပ်ငြိမ်းပျောက်ကွယ်သွားချိန်တွင် အမှောင်ထု စိုးမိုးသည့် တစ်ညတာအချိန် အစားထိုးဝင်ရောက်လာ၏။

နေရောင်က ကွယ်ပျောက်သွားသည်နှင့် အေးမြမှုလည်းကြီးစိုးလာသည်။

* * *

လုထင်းက ရင်ဘတ်မှ အင်္ကျီစကို ခပ်တင်းတင်း ဆွဲစေ့လိုက်၏။

ဆည်းဆာအချိန် ချုပ်ငြိမ်းသွားသည်ကို ကြည့်ရင်း ရင်ထဲဟာတာတာကြီး ဖြစ်နေ၏။

ပျော်ရွှင်မှုရှိနေသူများအတွက် ဆည်းဆာအချိန်သည် ကြည်နူးသာယာ လှပလှသည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။

သို့သော်....

အဆွေးဓာတ်ခံရှိသူများအတွက်မူ လွမ်းဆွေးကြေကွဲဖွယ်ရာကောင်းလှသည်ဟု မှတ်ထင်ခံစားမိကြမည်သာ ဖြစ်လေသည်။

လုထင်းကား ဝမ်းသာပျော်ရွှင်နေသူလော....

ဝမ်းနည်းကြေကွဲနေသူလော....



ကိုယ့်ကိုယ်ကိုပင် မသိနိုင်အောင် ဖြစ်နေ၏။

တစ်ခါတစ်ရံ တွေးတောစဉ်းစားရင်း သူ၏မျက်နှာ ပြုံးရောင်သမ်းလာသည်။

သူ၏မျက်လုံးများ အရောင် တဖိတ်ဖိတ် ဝင်းလက်တောက်ပြောင်ကာ ပျော်ရွှင်ခြင်း၊ မျှော်လင့်ခြင်း၊ အားရကျေနပ်ခြင်းအရိပ်အယောင်များဖြင့် ပြည့်လျှံနေ၏။

သို့သော်....

တစ်ခါတစ်ရံ မှိုင်တွေငေးမောရင်း၊ စိတ်ဓာတ်ကျဆင်းခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ အားမလို အားမရ မကျေမနပ်ဖြစ်ခြင်းစသည့် အရိပ်အယောင်များ ပေါ်လွင်နေပြန်ပါသည်။

ထိုသို့ဖြစ်ရခြင်းကြောင့် လုထင်း ရူးသွပ်နေပြီဟုဆိုက ဆိုနိုင်၏။

ရူးသွပ်နေသည်ဆိုလျှင် လူတစ်ယောက်ကြောင့်သာ ဖြစ်ရပေမည်။

လူတစ်ယောက်....

ထိုလူသည် လုထင်းအား ပျော်ရွှင်မှုကိုလည်းကောင်း၊ ဝမ်းနည်း ကြေကွဲမှုကိုလည်းကောင်း ပေးစွမ်းခဲ့သည် မဟုတ်ပါလား။

လုထင်း ထိုင်ရာမှ ထလိုက်သည်။

တောင်ကမူကလေးပေါ်မှ လှည့်ပြန်မသွားမီ မြောက်ဘက်အရပ်ဆီသို့ နောက်ဆုံးအနေနှင့် လှမ်းကြည့်လိုက်၏။

မြောက်ဘက်အရပ်ဝယ် မှောင်ရိပ်စိုးမိုးနေသည့် တောအုပ်ရှိနေပါ၏။

တောအုပ်အတွင်းမှ ထိုးထိုးထောင်ထောင် ထွက်ပေါ်နေသော အိမ်ခေါင်မိုးနှင့် မီးရောင်အချို့ တွေ့မြင်နိုင်၏။

တောအုပ်အတွင်းဝယ် ကြီးကျယ်ခန်းနားလှသည့် အဆောက်အအုံကြီးတစ်ခု ရှိနေသည် မဟုတ်ပါလား။

လုထင်း၏ မျက်လုံးများသည် အဆောက်အအုံကြီးဆီသို့ လှမ်းမျှော်ကြည့်ရင်း ရုတ်ဘရက်မျက်နှာ လွှဲမပစ်နိုင်အောင်ဖြစ်နေ၏။ အတော်လေးကြာမှ သက်ပြင်းမျှင်းမျှင်းချကာ လှည့်ထွက်ရန် ခြေလှမ်းပြင်လိုက်လေသည်။

ထိုစဉ်မှာပင် တောင်ကုန်းပေါ်သို့ ပြေးတက်လာသည့် လူရိပ်တစ်ခုအား တွေ့မြင်လိုက်ရလေသည်။

* * *

'ဘယ်သူများပါလိမ့်'

လုထင်း လွှတ်ခနဲ ရေရွတ်မိ၏။

ရိပ်ခနဲရိပ်ခနဲ ပြေးတက်လာသည့်လူရိပ်ကိုလည်း မျက်တောင်မခတ် အကဲခတ်ကြည့်နေမိ၏။

လူရိပ်ကား သူကြည့်နေစဉ်အတွင်း တောင်ကုန်းပေါ်သို့ ရောက်ရှိလာပြီ ဖြစ်လေသည်။



မသဲမကွဲ အလင်းရောင်ဖြင့် ထိုလူမှာ အသက်လေးဆယ်ခန့်ရှိပြီး ခရမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထားသူ တစ်ယောက်ဖြစ်ကြောင်း တွေ့ရလေသည်။

ခန္ဓာကိုယ် ထွားကျိုင်းပြီး မုတ်ဆိတ်မွေး ပါးသိုင်းမွေး ထူထပ်စွာရှိသူ ဖြစ်ပေသည်။

ထိုသူကိုမြင်လျှင် လုထင်း စိတ်သက်သာရာ ရသွားသလို လေပူ ဟူးခနဲ မှုတ်ထုတ်ရင်း....

'အစ်ကိုကြီး လုဖုံးကိုး....'

ဟု ရေရွတ်လိုက်လေသည်။

မုတ်ဆိတ်မွေး ပါးသိုင်းမွေး ထူထပ်စွာ ရှိနေသူမှာ သူ့အနီးသို့ ရောက်ရှိလာပြီဖြစ်၏။

လုထင်းကိုမြင်လျှင် ခရီးရောက်မဆိုက်ပင်....

'ညီလေးလုထင်းက ဒီမှာရောက်နေတာကိုး'

သူက သက်ပြင်းချရင်း....

'မိုးချုပ်တော့မယ်၊ ညီလေး ပြန်ရောက်မလာလို့ အားလုံး စိတ်ပူနေကြတာ၊ ဒီမှာ ဘာလာလုပ်နေတာလဲ ညီလေး'

လုထင်း ခေါင်းခါယမ်းလိုက်သည်။

'ဘာမှမဟုတ်ပါဘူး အစ်ကိုကြီးရာ၊ ပျင်းပျင်းရှိတာနဲ့ ဒီမှာ လာထိုင်နေတာပါ၊ ဒီမှာက ရှုမျှော်ခင်းတွေ ကောင်းတယ် မဟုတ်လား၊ ကျွန်တော်လဲ အခုပဲ ပြန်တော့မလို့ပါ'

'ဒါဖြင့် သွားကြစို့၊ မေမေ စိတ်ပူနေပြီကွ'

လုထင်း ပြုံးလိုက်သည်။

ဘာမှမပြောတော့ဘဲ တောင်ကုန်းပေါ်မှ ဆင်းရန် ခြေလှမ်းပြင်လိုက်လေသည်။

လုဖုံးက သူနှင့် ပခုံးချင်းယှဉ်လျက် လိုက်လာရင်း....

'ညီလေးကို အခုတလော ကြည့်ရတာ မရွှင်မပျနဲ့၊ ဘာတွေများ ဖြစ်နေတာလဲ၊ အစ်ကိုကြီးကို ပြောပြပါလား'

သူက လုထင်းကို အကဲခတ်လိုက်ပြီး....

'ညီလေး စိတ်ဆင်းရဲအောင် တစ်ယောက်ယောက်ကများ လုပ်လို့လား၊ ပြောသာ ပြောရတယ်၊ ဒီအရပ်ဒေသမှာ တို့မိသားစုကို ဒုက္ခပေးဖို့မပြောနဲ့၊ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ဝံ့သူတောင် မရှိသလောက်ပဲ'

လုထင်း ခေါင်းခါယမ်းလိုက်ပြန်သည်။

'ကျွန်တော် ဘာမှမဖြစ်ပါဘူး အစ်ကိုကြီးရာ'

'အေး....မင်းကသာ ဘာမှမဖြစ်ဘူးပြောနေ၊ မေမေကတော့ မင်း တစ်ခုခုဖြစ်နေပြီလို့ တဖွဖွ ပြောနေတယ်'

လုဖုံးက သူ့ကို စိုက်ကြည့်ရင်း....

'ငါတို့အကြီးတွေ အသုံးမကျဘူးလို့လဲ ဆူပူ ကြိမ်းမောင်းတယ်၊ ညီလေးဟာ အငယ်ဆုံး အထွေးဆုံးမို့ မေမေအချစ်ဆုံး မဟုတ်လား'

လုထင်း ပြုံးလိုက်သည်။

လုဖုံးကို လှည့်ကြည့်ရင်း....

'မေမေ အစိုးရိမ်ပိုတာပါ အစ်ကိုကြီးရာ၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး'



'ဘာမှမဖြစ်ဘူး မလုပ်နဲ့၊ မင်း အမူအရာပျက်နေတာ မေမေမပြောနဲ့ ငါတို့တောင် ရိပ်မိတယ်၊ မေမေက မင်းကို ဦးလေးတုနဲ့ ထည့်လိုက်မယ်လို့ ပြောနေတယ်'

* * *

ထိုစကားကြားလျှင် လုထင်း ခြေလှမ်း တုံ့ခနဲရပ်သွားလေသည်။

သူ၏မျက်နှာတွင်လည်း ထိတ်လန့်အံ့သြသည့်အရိပ်အယောင်များ ထွက်ပေါ်နေ၏။

'လုဖုံးကို မယုံကြည်နိုင်စွာကြည့်ရင်း ....

'ကျွန်....ကျွန်တော့်ကို ဦးလေးတုနဲ့ ထည့်လိုက်မယ်၊ ဟုတ်လား'

'ဟုတ်တယ်၊ မေမေက ဒီလိုပဲပြောတယ်'

'ဟာ....ဦးလေးတုနဲ့ လိုက်သွားရင် အန္တရာယ်များတယ်၊ မလိုက်ရဘူးလို့ မကြာခဏ ပြောခဲ့တာပဲ၊ အခုမှ ဘာကြောင့် ထည့်ရတာလဲ၊ ကျွန်တော်လဲ မလိုက်ချင်ပါဘူး'

'ဟ....ဒီတစ်ခါ ဦးလေးတုက အလုပ်လုပ်ဖို့ သွားတာမဟုတ်ဘူး၊ ကျွန်းနန့်က ဖောက်သည်တွေဆီ ပစ္စည်းသွားသွင်းမှာကွ၊ ဘာမှ အန္တရာယ်မရှိဘူး'

လုဖုံးက အားတက်သရောဖြင့်....

'ကျွန်းနန့်ဟာ သာယာလှပတယ်၊ ပျော်စရာအလွန်ကောင်းတယ်၊ ဒါကြောင့် ညီလေး စိတ်ပျော်ရွှင်လာမလား ဆိုပြီး မေမေ ထည့်လိုက်တာ'

လုဖုံးက သူ့ပခုံးကို ဖက်လိုက်ပြီး....

'ဦးလေးတုကလဲ ညီလေးကို ချစ်တာပဲ၊ အစ်ကိုကြီးတောင် လိုက်ချင်သေးတယ်၊ မေမေ မလွှတ်လို့ပေါ့၊ နို့မဟုတ်ရင်လား'

လုဖုံးက စကား တစ်ပိုင်းတစ်စဖြင့်ရပ်ကာ လေထဲ လက်နှစ်ဘက် ဝေ့ယမ်းလိုက်သည်။

လွှတ်လစ်စွာ လည်ပတ်ပစ်လိုက်မည်ဟူသည့် သဘော ဖြစ်သည်။

လုထင်းက....

'ဒါဆို အစ်ကိုကြီးက ကျွန်တော့်အစား လိုက်သွားပါလား'

'ဟာ....ဘယ်ဖြစ်မလဲ'

'မေမေ့ကို ကျွန်တော် ပြောလိုက်မယ်လေ'

လုဖုံး ကပျာကယာ လက်ကာပြလိုက်သည်။



'မလုပ်နဲ့၊ မလုပ်နဲ့ တော်ကြာ ညီလေးကို အပူကပ်တယ်ဆိုပြီး မေမေ အပြစ်တင်နေဦးမယ်၊ ကဲ....ကဲ....သွားကြရအောင်၊ မေမေမျှော်နေလိမ့်မယ်'

စကားဆုံးလျှင် ရှေ့မှ ခက်သွက်သွက် ပြေးထွက်သွား၏။

လုထင်းလည်း မတတ်သာတော့။

နောက်မှ လိုက်ပါသွားရလေတော့သည်။

အခန်းဝသို့ ရောက်သည်နှင့် အတွင်းဘက်ရှိ ဘဲဥပုံ စားပွဲဝိုင်းကြီးဝယ် လူငါးယောက် ဝိုင်းဖွဲ့ထိုင်နေကြသည်ကို တွေ့ရ၏။ ထိုလူများသည် သူတို့ဝင်လာသည်ကိုမြင်လျှင် ချက်ချင်း လှည့်ကြည့်ကြသည်။

ထိုလူငါးယောက်အနက် သုံးယောက်မှာ လူငယ်လူရွယ်များ ဖြစ်ကြ၏။

ကျန်နှစ်ယောက်မှာမူ အဘွားအိုတစ်ယောက်နှင့် အဘိုးအို တစ်ယောက် ဖြစ်သည်။

အဘွားအိုမှာ တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစား များ ဝတ်ဆင်ထား၏။

ချောမောခန့်ညားသည့် ရုပ်သွင်ရှိသော်လည်း သူမ၏ မျက်လုံး များကား ပြတ်သားသူဖြစ်ကြောင်း ဖော်ပြနေ၏။

ထိုအဘွားအိုက လှမ်းဝင်လာနေသည့် လုထင်းနှင့် လုဖုံး တို့အား တစ်ချက် ဝေ့ကြည့်လိုက်ပြီး....

'သားငယ်၊ ဘယ်တွေလျှောက်သွားနေတာလဲ၊ ထမင်းစားဖို့ စောင့်နေကြမယ်ဆိုတာ မသိဘူးလား'

ဟု အနိမ့်အမြင့်မရှိသော လေသံဖြင့် လှမ်းပြောသည်။

ပြစ်တင်စကား ဆိုလိုက်ခြင်းလည်း ဖြစ်သည်။

လုထင်း ခေါင်းငုံ့ထားလိုက်၏။

လုဖုံးက ခပ်သွက်သွက် လှမ်းဝင်သွားပြီး လွတ်နေသည့် ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်ချလိုက်၏။

လုထင်း၏ ခြေလှမ်းများကား နှေးကွေးလေးလံနေ၏။

သို့သော်....

နောက်ဆုံးတွင် ထမင်းစားပွဲဆီသို့ ရောက်သွားသည်သာ ဖြစ်၏။ အဘွားအို မျက်မှောင်ကုတ်ရင်း....

'သားငယ် မေမေပြောတာ ကြားရဲ့လား'

လုထင်း ခေါင်းမော့လာ၏။

အဘွားအိုကိုကြည့်ရင်း ....

'ကြားပါတယ် မေမေ'

'ကဲ...လာထိုင်၊ နောက်ကို ဒီလိုနောက်မကျစေနဲ့'

လုထင်းက အဘွားအိုဘေးမှ ကုလားထိုင်တွင် ဝင်၍ ထိုင်ချလိုက်၏။

လူငယ်သုံးယောက်ကား လုထင်းအား တစ်ချက်ကြည့်လိုက်ကြပြီး စိတ်မဝင်စားသလို စားသောက်ရန် ဟန်ပြင်နေကြ၏။



ဘဲဥပုံစားပွဲပေါ်၌ အစီအရီချထားသော ထိုင်ခုံများတွင် လူစေ့တက်စေ့ ထိုင်ချလိုက်ကြပြီး ဖြစ်၏။

* * *

အဘွားအိုက....

'ကဲ....စားကြတော့'

လက်ဝှေ့ယမ်းကာ ပြောလိုက်လျှင် လူငယ်သုံးယောက်နှင့် လုဖုံးတို့ အားရပါးရ စားသောက်လိုက်ကြလေသည်။

အဘွားအိုသည်ကား လုထင်း၏မိခင် ဝမ်းလျှံဖြစ်လေ၏။

အဘွားအို (၀၇) ဝမ်းလျန်၏ဘေး၌ ထိုင်နေသည့်အဘိုးအိုမှာ သူမ၏အစ်ကို ဝမ်းတုဖြစ်လေသည်။

လုထင်း၏ဖခင်ကား ကွယ်လွန်သွားခဲ့ပြီး ဖြစ်သည်။

လုထင်းတွင် ညီအစ်ကိုငါးယောက်ရှိပြီး အကြီးဆုံးမှာ လုဖုံးဖြစ်သည်။

ဝိုင်းဖွဲ့ထိုင်နေသည့် လူသုံးယောက်ကား လုထင်း၏အစ်ကိုများဖြစ်ကြသော လုဟန်၊ လုခန်း၊ လုကျောက်တို့ ဖြစ်ကြလေသည်။

လုထင်းတစ်ယောက်မှ လွဲပြီး၊ ကျန်ခြောက်ယောက်ကား ညစာကို မြိန်ရည်ယှက်ရည် စားသောက်နိုင်ကြသည်။

လုထင်းကား တို့ကနန်း ဆိတ်ကနန်းမျှသာ စားသောက်နိုင်ခဲ့လေသည်။

စားသောက်ရာ၌လည်း စိတ်ပါဝင်စားပုံ မရချေ။

ဝမ်းလျှန်က သူ့အား မသိမသာ အကဲခတ်ကြည့်နေ၏။

စားသောက်ပြီး စီးသွားကြလျှင်၊ လုဖုံးတို့ ထိုင်ရာမှ ထသွားကြ၏။ ထိုအခါ စားပွဲ၌ဝမ်းလျှန်၊ ဝမ်းတုနှင့် လုထင်းတို့သုံးယောက်သာလျှင် ကျန်ရစ်ခဲ့လေသည်။

လုထင်း ထိုင်ရာမှ ထမည်အပြုတွင် ဝမ်းလျှန်က....

'သားငယ် ထိုင်ပါဦး၊ မေမေ ပြောစရာရှိသေးတယ်'

ဟု ဟန့်တားလိုက်သည်။

လုထင်း မတတ်သာဘဲ ပြန်လည် ထိုင်ချရလေသည်။

ထိုအခါမှ ဝမ်းလျှန်က သူ့အား သေသေချာချာ အကဲခတ်ကြည့်လိုက်ပြီး....

'သားငယ်....သားငယ် ဘာတွေဖြစ်နေတယ်ဆိုတာ မေမေ့ကို ပြောပါဦး၊ သားငယ်ကိုကြည့်ရတာ တမှိုင်မှိုင်တတွေတွေနဲ့ ဘာများ စိတ်သောက ရောက်စရာရှိနေလို့လဲ'

ဟု မေးလာလေသည်။

လုထင်း ခေါင်းယမ်းလိုက်သည်။

'သား....ဘာမှမဖြစ်ပါဘူး မေမေ'



'သားငယ် မေမေ့ကိုမညာနဲ့၊ ညာတာ မေမေ မကြိုက်ဘူး၊ သားငယ်မှာ ဘယ်လိုအခက်အခဲတွေ ရှိနေသလဲ၊ မေမေ့ကို ပြောပြ၊ မေမေ ဖြေရှင်းပေးမယ်'

'သား....ဘာမှမဖြစ်ပါဘူးမေမေ'

'ဒါဖြင့် သားငယ် ဘာကြောင့် မှိုင်နေရတာလဲ'

'သား...သား'

'မေမေ့ကို ပြောစမ်းပါ'

ဝမ်းလျှန် မချင့်မရဲ ဆိုလေသည်။

လုထင်း သက်ပြင်းချလိုက်သည်။

• • •

သူ့အဖြစ်က မထွေးနိုင်မမျိုနိုင်။ မည်သို့မျှ ပြောပြနိုင်မည် မဟုတ်ချေ။

လုထင်း အားတင်းရင်း...

'သား....သားဘာမှမဖြစ်ဘူး'

ဝမ်းလျှန် မကျေမနပ် ဖြစ်သွားသည်။

'ကောင်းပြီလေ၊ ဘာမှမဖြစ်ဘူးဆိုရင်လဲ ပြီးတာပဲ။ မနက် ဦးလေးတုနဲ့ ကျန်းနန်ကို လိုက်သွားရလိမ့်မယ်၊ ဒါကြောင့်

လိုအပ်တဲ့ပစ္စည်းတွေ မေမေ အသင့်ပြင်ခိုင်းပြီးပြီ၊ သားစောစောအိပ်၊ မနက်စောစောကြီး ထသွားရမှာ'

'မေမေ....'

'သား....ဘာပြောချင်လို့လဲ'

'သား....သား....မလိုက်ချင်ဘူးမေမေ'

'ဟေ....ဘာဖြစ်လို့လဲကွ'

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသည့် ဝမ်းတုက တအံ့တသြသံကြီးဖြင့် ဝင်မေးလေသည်။

လုထင်းက ဝမ်းတုအား လှည့်ကြည့်လိုက်၏။

ဝမ်းတုက သူ့အား မျက်လုံးပြူး၍ကြည့်ကာ....

* * *



'မင်း မလိုက်ချင်ဘူး ဟုတ်လား၊ ကျန်းနန်ဟာ ဘယ်လောက်ပျော်စရာကောင်းတယ်ဆိုတာ မင်းမသိဘူးလား။ အရင်တုန်းကတော့ ကျန်းနန်သွားရင် ခေါ်ပါ လိုက်ချင်လှချည်ရဲ့ဆို၊ အခုတော့ ဘယ်လိုဖြစ်သွားရတာလဲ လုထင်း၊ မင်း နေမှကောင်းရဲ့လား'

လုထင်း ခေါင်းငုံ့ရင်း....

'ကျွန်တော် နေကောင်းပါတယ်'

'ဒါဖြင့် ပြောစမ်းပါဦး၊ ဘာကြောင့် မလိုက်ချင်ရတာလဲ'

'ကျွန်.... ကျွန်တော်....'

'ပြောပါလေ၊ မလိုက်ချင်ဘူးဆို အကြောင်းတစ်ခုခုတော့ ရှိရမယ် မဟုတ်လား'

'ဘာ.... ဘာမှမရှိပါဘူး၊ အခုတလော နေလို့ထိုင်လို့ သိပ်မကောင်းလို့ပါ၊ ခရီးထွက်ရင်....'

ဝမ်းတု လက်ကာပြလိုက်သည်။

'မင်း တော်တော်အသုံးမကျတဲ့ကောင်ပဲ၊ အခုလိုမအီမသာဖြစ်နေရင် ခရီးထွက်တော့ ချက်ချင်း ပျောက်သွားမှာပေါ့၊ ကျန်းနန်ကိုရောက်ရင် မင်းပျော်သွားမှာပါ၊ ကဲ....ကဲ သွားအိပ်တော့၊ မနက်စောစော ထရမယ် ဟုတ်ပြီလား'

လုထင်းက မိခင်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။

ဝမ်းလျှန်ကလည်း....

'ဟုတ်တယ်၊ သား မနက်စောစောထပြီး ဦးလေးတုနဲ့ လိုက်သွားရမယ်'

လုထင်း ခေါင်းငိုက်စိုက်ချထား လိုက်သည်။

မိခင်ဖြစ်သူက ဆုံးဖြတ်ချက်ကို ပြင်တော့မည်မဟုတ်ကြောင်း ထင်ရှား၏။

ဤအိမ်ဂေဟာမှ လူတိုင်းလူတိုင်းသည် ဝမ်းလျှန်၏စကားကို မြေဝယ်မကျ နားထောင်ကြရသည်။

ဤအိမ်ဂေဟာမှလူများ မဆိုထားနှင့် တောင်ပြုချောင်း မြောက်ဘက်ခြမ်း၌ နေထိုင်သူအားလုံး နားထောင်ကြရသည် ဆိုလျှင်လည်း မှားမည်မဟုတ်ချေ။

* * *



သံမဏိယပ်တောင်မယ်တော်ဝမ်းလျှန်သည်ကား လျှမ်းလျှမ်းတောက် ကျော်ကြားသူတစ်ယောက် မဟုတ်ပါလား။

ဝမ်းလျှန်၏ စကားအတိုင်း တစ်သွေမတိမ်း လိုက်နာရုံမှတစ်ပါးအခြားမရှိကြောင်းနားလည်ထားရာ လုထင်းက ဦးညွှတ်အရိုအသေပြုပြီး အခန်းထဲမှ ခပ်သုတ်သုတ် ထွက်သွားလေသည်။

ဝမ်းလျှန်နှင့် ဝမ်းတုတို့က သူ၏နောက်ကျောကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြ၏။ လုထင်း အခန်းတွင်းမှ ထွက်သွားပြီးမှ ဝမ်းလျှန် သက်ပြင်းချလိုက်သည်။

ဝမ်းတုဘက် လှည့်ရင်း....

'သူတစ်ခုခုဖြစ်နေတယ်ဆိုတာ သေချာပါတယ်၊ ဒါပေမယ့် မေးလို့ကိုမရဘူး။ ဘာဖြစ်နေသလဲ သိရမှဖြစ်မယ်'

ဟု ပြောလိုက်၏။

ဝမ်းတုက....

'ညီမ အခုရက်ပိုင်းအတွင်းမှာ သူ့ကို ဆူပူကြိမ်းမောင်းခဲ့သေးသလား'

ဝမ်းလျှန်က ခေါင်းယမ်းလိုက်သည်။

'ဟင့်အင်း.... ကျွန်မ မဆူခဲ့ပါဘူး'

'တစ်ယောက်ယောက်နဲ့များ စကားများတာကော တွေ့သလား'

'ဟင့်အင်း'

'သူက အဝတ်အစားအသစ်များ လိုချင်နေလို့လား'

'မဖြစ်နိုင်ပါဘူး၊ သားငယ်မှာ ဝတ်စရာအပြည့်ရှိတာပဲ'

'ဒါဆို ထူးခြားတယ်'

ဝမ်းလျှန်က....

'အို.... ထူးပါတယ်ဆိုမှ အစ်ကိုကြီးကလဲ'

'ဟာ.... ထူးတယ်ဆိုတာ ရိုးရိုးထူးတာမှမဟုတ်တာ။ တခြား စိတ်သောကရောက်စရာရှိရင် သူ ဖွင့်ပြောမှာပေါ့၊ အခုတော့ မထွေးနိုင် မမျိုနိုင် ပြောမပြနိုင်တဲ့ ပူပင်သောကတစ်ခုခုနဲ့ ကြုံတွေ့ရတာ ဖြစ်လိမ့်မယ်'

ဝမ်းလျှန် စိတ်ပူသွားလေသည်။

* * *

ဝမ်းတုကို စိုက်ကြည့်ရင်း....

'ပြောစမ်းပါဦး၊ အစ်ကိုကြီး ဘာများ စဉ်းစားမိလို့လဲ။ ကျွန်မရင်ထဲ ထိတ်သာ မလန့်သာ ရှိလိုက်တာ အစ်ကိုကြီးရယ်'

'ငါလဲ မပြောတတ်ဘူး၊ ဒီလိုလုပ်ပါလား'

'ဘယ်လိုလုပ်ရမှာလဲ'

'ရှောင်စုကို ခေါ်မေးကြည့်ပေါ့'

ဝမ်းလျှန် မျက်မှောင်ကုတ်သွား၏။

ရှောင်စုဆိုသည်ကား ကျိုဂေဟာမှ အလုပ်သမားလေး တစ်ယောက်ဖြစ်ပေသည်။



လုထင်းနှင့် အသက်အရွယ် မတိမ်းမယိမ်းရှိပြီး လုထင်းနှင့် လည်ပင်းဖက်ကစားရင်း ကြီးပြင်းလာသူဆိုလျှင်လည်း မမှားချေ။

ဝမ်းလျှန်က....

'ရှောင်စုကို ဘာမေးရမှာလဲ'

'လုထင်း ဘာဖြစ်နေတယ်ဆိုတာ မေးကြည့်ပေါ့'

'သူက....'

'သူက လုထင်းနဲ့ အနီးစပ်ဆုံးနေတဲ့လူ မဟုတ်လား၊ ဒါကြောင့် တို့ထက်ပိုပြီး သိနိုင်တာပေါ့'

ဝမ်းလျှန်၏မျက်လုံးများ ဝင်းလက်သွား၏။

* * *

ဝမ်းတုပြောသည့်စကား သဘာဝကျပေသည်။

'ကောင်းပြီ ကျွန်မ အခုပဲ ခေါ်တွေ့လိုက်မယ်'

ပြောရင်း ထိုင်ရာမှ ထလိုက်၏။

'နေဦး....'

ဝမ်းတုက ဟန့်တားလိုက်၏။

ဝမ်းလျှန်က....

'အစ်ကိုကြီး ဘာပြောမလို့လဲ'

ဝမ်းတုက စဉ်းစားချင့်ချိန်နေသော လေသံဖြင့်....

'မနက်ဖြန် ငါတို့ ခရီးထွက်သွားပြီးမှ သူ့ကိုခေါ်မေးတာ ကောင်းမယ်....

လုထင်း သောကရောက်နေရတဲ့ အကြောင်းရင်းကို သိထားတယ်ဆိုရင် သူကလဲ ဖွင့်ပြောမှာမဟုတ်ဘူး။

လုထင်းမရှိတော့ မေးလို့ကောင်းတာပေါ့'

ဝမ်းလျန် သက်ပြင်းချလိုက်သည်။

ဝမ်းတုပြောစကား မှန်ကန်ကြောင်း နားလည်မိသဖြင့်....

'ကောင်းပြီလေ။ မနက်ဖြန်ကျမှပဲ ကျွန်မ ခေါ်မေးလိုက်ပါမယ်....

သားငယ် ပျော်ရွှင်လာအောင် အစ်ကိုကြီး ဖန်တီးနိုင်လိမ့်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်ရှင်'

'ဟား....ဟားဟား....ညီမကတော့ မောင်နှမအချင်းချင်း စကားလုံးအောင်ပြောပြီး ခိုင်းနေပြန်ပါပြီ....

စိတ်ချစမ်းပါ။ လုထင်းကိုပါ အိမ်ထောင်ဘက် ရှာပေးလိုက်ဦးမယ်'

ဝမ်းတုက သဘောကျစွာ ရယ်မောလိုက်၏။

ဝမ်းလျန်က သဘောကျစွာပြုံးရင်း....

'အမယ်လေး....မလုပ်လိုက်ပါနဲ့။ ကျွန်မသားလေး ငယ်ငယ်ရွယ်ရွယ် ရှိပါသေးတယ်။ မိန်းမယူပြီး ကျွန်မဆီက ထွက်သွားမှာကို ကျွန်မ ခွင့်မပြုနိုင်သေးဘူးရှင့်'



မောင်နှမနှစ်ယောက် သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

ရယ်မောသံများကား အခန်းတွင်းဝယ် စီစီညံသွားလေတော့သည်။

* * *

ကျုန်းနန်....

ကျုန်းနန်နယ်ကား ကျော်ကြားသည်နှင့်အညီ လှန်စွာ လှပသော အရပ်ဒေသတစ်ခု ဖြစ်လေသည်။

ကျုန်းနန်နယ်တွင် အရပ်ဒေသပေါင်းစုံမှ လူပေါင်းစုံ တွေ့မြင်နိုင်၏။

သာယာလှပသော ရောင်စုံပန်းများ နေရာတိုင်း၌ တွေ့မြင်နိုင်၏။

အချို့က ကိစ္စရှိ၍ လာရောက်ကြသည်။

အချို့က ကျုန်းနန်၏ အလှအပကိုကြည့်ရန် လည်ပတ်ရန် ရောက်လာကြသည်။

ဝမ်းတုနှင့် လုထင်းတို့ကား အလုပ်ကိစ္စရှိ၍ လာသည်ဆိုက မှန်မည် ဖြစ်သလို လုထင်း စိတ် ပြေလက် ပျောက် ရှိစေရန် အလည်အပတ်လာသည်ဟုလည်း ဆိုနိုင်၏။

ကျန်းနန်သို့ ရောက်သည်နှင့် ဝမ်းတု၏ အစီအစဉ်ဖြင့် နဂါး နှစ်ကောင် တည်းခိုခန်း၌ တည်းခိုခဲ့ကြသည်။

နဂါးနှစ်ကောင် တည်းခိုခန်းသည် ရပ်ဝေးမှလာကြသည့် ကုန်သည်ပွဲစားများ တည်းခိုလေ့ရှိသော တည်းခိုခန်းတစ်ခု ဖြစ်၏။

နဂါးနှစ်ကောင် တည်းခိုခန်း၌ ကုန်သည် ပွဲစားများ ယူ ဆောင်လာသည့် ကုန်ပစ္စည်းများ သိုလှောင်ထားရှိရန် အခန်း များ စျေးနှုန်းချိုသာစွာ ငှားရမ်းရရှိနိုင်ခြင်းက ကုန်သည် ပွဲစားများအတွက် မျက်စိကျစရာ အဆင်ပြေစရာ ဖြစ်လာခဲ့ သည်။

ဝမ်းတုနှင့် လုထင်းတို့ နှစ်ယောက်ကား ပစ္စည်းမယ်မယ်ရရ ပါမလာကြပါချေ။

အဝတ်အစားများ ထည့်ထားသည့် ကျောပိုးအိတ်တစ်လုံး စီနှင့် ဝမ်းတုလက်မှ မချတ်ယူလာခဲ့သည့် မြွေအရေခွံ အိတ် တစ်လုံးသာ ပါရှိလေသည်။

ထို မြွေအရေခွံ အိတ်ကား ကြီးမားလှသည် မဟုတ်ချေ။

သူတို့နှစ်ယောက် တည်းခိုခန်းသို့ ရောက်ချိန်ဝယ် ညနေ စောင်းသွားပြီ ဖြစ်သည်။

ဆိုင်လုလင်က အိပ်ရာခင်းပေးပြီး အခန်းတွင်းမှ ထွက်သွား လျှင် ဝမ်းတုက....



'ကဲ....မင်းခဏနေခဲ့ဦး၊ ငါအပြင်သွားလိုက်ဦးမယ်၊ မနက် ကျမှ လျှောက်လည်ကြတာပေါ့'

ဟု ပြောလာသည်။

လုထင်း သဘောကျသွား၏။

ပတ်ဝန်းကျင်အသစ်သို့ ရောက်လာခဲ့ပြီ ဖြစ်သော်လည် သူ၏စိတ်ဓာတ် ပြောင်းလဲသွားခြင်း မရှိပါချေ။

မည်သူနှင့်မျှ စကားမပြောချင်သလို မည်သည့်နေရာမှ လည်ပတ်လိုစိတ် မရှိပါ။

အခန်းထဲအောင်းကာ တစ်ယောက်တည်း ငြိမ်နေလိုစိတ်သာ ရှိပေသည်။

ထို့ကြောင့် ခေါင်းညိတ် သဘောတူလိုက်သည်။

ဝမ်းတုက....

'ရော့.... ဒီဖိတ်စာကလေးကို ကောင်းကောင်း သိမ်းထား။ မကြာခင် ငါပြန်လာခဲ့မယ်'

မြွေအရေခွံ အိတ်ကို ပစ်ပေးရင်း ပြောလိုက်၏။

လုထင်းက ဖမ်းယူထားလိုက်လေသည်။

ဝမ်းတုက သူ့အား ပြုံးပြပြီး အခန်းအပြင်ဘက် ထွက် သွား၏။

တံခါးဝရောက်မှ....

'တံခါး ပြန်ပိတ်ထားလိုက်ဦး'

ပြောပြီး ထွက်သွား၏။

လုထင်းက မြွေအရေခွံ အိတ်လေးကို ခုတင်ပေါ် ချကာ အခန်းတံခါး သွားပိတ်လေသည်။

ပြီးလျှင် ခရီးပန်းလာခဲ့သည်ဖြစ်သည့်အလျောက် ခုတင်သို့ ပြန်လာပြီး လှဲချလိုက်၏။

အမှတ်မထင် မြွေအရေခွံအိတ်ပေါ် ဖိချမိလိုက်ခြင်း ဖြစ်ပေသည်။

လူထောင်း ပြန်ထလိုက်သည်။

မြွေအရေခွံအိတ်မှာ ခိုးလိုခုလု ဖြစ်နေပြီး အတွင်းဘက်၌ မာကျောသည့်ပစ္စည်းများ ပါရှိသည်ဟု သတိပြုမိလိုက်၏။

'ဒုက္ခပဲ ဘာတွေလဲမသိဘူး၊ ငါဖိလိုက်လို့ ကျိုးပဲ့ကုန်ရင် ဦးလေးတွ ဆူတော့မှာပဲ'

တွေးရင်း မြွေအရေခွံအိတ်ကို ဖွင့်ကြည့်လိုက်၏။

အိတ်ကို ဖွင့်လိုက်သည်နှင့် အတွင်းဘက်ဝယ် အဖိုးတန် ကျောက်မျက်ရတနာများ ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုရတနာများကား အမျိုးသမီးများ အသုံးပြုလေ့ရှိသည့် လက်ဝတ်ရတနာများ ဖြစ်လေသည်။

လုံထင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။



'ဦးလေးတုက ဘာတွေယူလာတာလဲ။ ဒီပစ္စည်းတွေက ဘာလုပ်ဖို့ပါလိမ့်။ တစ်ခုခုတော့ တစ်ခုခုပဲ'

တီးတိုးရေရွတ်ရင်း မြွေအရေခွံအိတ်ကလေးအား ပြန်ပိတ်ထားလိုက်၏။

ထို့နောက် ခုတင်ပေါ် လှဲချရန် ဟန်ပြင်လိုက်စဉ်....

'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ပေါ်ထွက်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်....ဦးလေးတု ပြန်လာတာ မြန်လှချည်လား'

ချက်ချင်းပင် ခုတင်ပေါ်မှဆင်းကာ အခန်းတံခါးဆီသို့ လျှောက်သွားပြီး တံခါးဖွင့်ပေးလိုက်လေသည်။

တံခါးပွင့်သွားသောအခါ အပြင်ဘက်၌ ရပ်နေသူမှာ ဦးလေးတုမဟုတ်ဘဲ ဆိုင်လုလင်ဖြစ်နေသည်ကို တွေ့ရ၏။

လုထင်း မျက်မှောင်ကုတ်သွားပြီး....

'ဘာကိစ္စရှိလို့လဲ'

ဟု မေးလိုက်လေသည်။

ဆိုင်လုလင်က ဦးညွှတ်ယင်း....

'ဆရာလေး ညနေစာ ဘာများသုံးဆောင်မလဲ အမိန့်ရှိပါခင်ဗျာ'

ဆိုင်လုလင်က ညနေစာအတွက် လာရောက်မေးမြန်းခြင်း ဖြစ်ကြောင်း သိလိုက်ရ၏။

လုထင်းက စဉ်းစားခြင်းမပြုဘဲ....

'အသားဟင်း နှစ်ခွက်လောက်ရရင် တော်ပါပြီ'

'အောက်ထပ်ကိုဆင်းလာမလား၊ ဒါမှမဟုတ် အခန်းထဲကို လာပို့ပေးရမလား အမိန့်ရှိပါခင်ဗျာ'

'ဒီကိုပဲ လာပို့ပေးပါ'

'ကောင်းပါပြီခင်ဗျာ'

ဆိုင်လုလင် လှည့်ထွက်သွားလေသည်။

* * *

လုထင်းသည်း တံခါးပြန်ပိတ်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ခြူသံများ ကြားရပြီး မြင်းလှည်းတစ်စီး ဒုန်းစိုင်းမောင်းနှင်လာသည့်အသံများ ကြားလိုက်ရ၏။

လုထင်း စိတ်ဝင်စားသွားပြီး လှမ်းကြည့်လိုက်၏။

ထိုအခါ အခန်းအပြင်ဘက် ဝရံတာမှတစ်ဆင့် အောက်ဘက် မင်းလမ်းမကြီးအတိုင်း မြင်းလှည်းတစ်စီး မောင်းနှင်သွားသည်ကို တွေ့ရ၏။

မြင်းလှည်းကား အဖြူရောင် ဆေးရေးခြယ်ထားပြီး ကနုတ်ပန်းများ အလှဖော်ထားသည့် အဖိုးတန်ဘီးရှိလှည်းတစ်စီး ဖြစ်ပေသည်။



မြင်းလှည်းဆွဲသော မြင်း၄လးကောင်မှာလည်း ဆွတ်ဆွတ်ဖြူသော အမွေးအမှင်များရှိသည့် အဖိုးတန်မြင်းကြီးများ ဖြစ်ကြပေသည်။

ထူးခြားသည်ကား....

မြင်းလှည်းမောင်းသူမှာ တစ်ကိုယ်လုံး အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက် ဖြစ်နေခြင်းပင်။

မြင်း၊ မြင်းလှည်း၊ မြင်းလှည်းမောင်းသူ အားလုံးလိုလို အဖြူရောင်ချည်း ဖြစ်နေ၍ စိတ်ဝင်စားစရာ ကောင်းသည်ဟု လုထင်း ထင်မိ၏။

မြင်းလှည်း ဒုန်းစိုင်းဖြတ်သွားပြီး မြင်ကွင်းမှ ကွယ်ပျောက်သွား၏။

* * *

သို့တိုင်....

လုထင်းမှာ အခန်းတွင်းသို့ ပြန်မဝင်ဖြစ်တော့ချေ။

လမ်းပေါ်မှ စည်ကားသိုက်မြိုက်မှုသည် သူ့အား ညို့ယူဖမ်းစားထားလိုက်ပြီ မဟုတ်ပါလား။

ခြေလှမ်းများက အခန်းအပြင်ဘက်သို့ အလိုလိုလှမ်းထွက်ကာ ဝရံတာဆီသို့ လှမ်းသွားမိလေသည်။

ဝရံတာကို မှီ၍ရပ်ကာ လမ်းမပေါ်မှ ရှုမျှော်ခင်းကို ငေးကြည့်မိသည်။

နဂါးနှစ်ကောင် တည်းခိုခန်းမှာ စည်ကားသိုက်မြိုက်လှသည့် မင်းလမ်းမပေါ်ဝယ် ဖွင့်လှစ်ထားခြင်း ဖြစ်သည်။

ထို့ကြောင့် အပေါ်ထပ် ဝရံတာမှကြည့်လျှင် စည်ကားသိုက်မြိုက်လှသည့် မင်းလမ်းမမြင်ကွင်းကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်ရမည် ဖြစ်၏။

မင်းလမ်းမပေါ်ဝယ် ကြိတ်ကြိတ်တိုး စည်ကားနေ၏။

လမ်းသွား လမ်းလာများ၊ ဈေးသည်များ၊ ဈေးဆိုင်များ နေရာမလပ် ရှိနေ၏။

လုထင်းက တွေဝေငေးမောကြည့်နေမိ၏။

ထိုစဉ်....

'သိပ်စည်ကားတာပဲနော်'

ဝဲဘက်မှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ရုတ်တရက်မို့ လုထင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။



ချက်ချင်း လှည့်ကြည့်လိုက်ရာ မလှမ်းမကမ်း၌ သူနှင့် သက်တူ ရွယ်တူခန့်ရှိ လူငယ်တစ်ယောက် ရပ်လျက် သူ့အား ပြုံးပြနေသည်ကို တွေ့မြင်ရသည်။

* * *

လူရွယ်မှာ အပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး စာပေသမားတစ်ယောက်အသွင် ရှိသူ ဖြစ်သည်။

အလွန်ယဉ်ကျေးသိမ်မွေ့သော ပုံပန်းသဏ္ဌာန်ရှိပြီး ဖြူဖွေးညီညာသော သွားများ ပေါ်အောင် ပြုံးပြနေ၏။

လုထင်းက မျက်မှောင်ကုတ်သွား၏။

တစ်ဖက်ပြန်လှည့်ရန် ဟန်ပြင်လိုက်စဉ် ထိုလူငယ်က....

'စည်ကားလွန်းလို့ အောက်ဆင်းပြီး မလည်ပတ်ရဲအောင် ဖြစ်နေရတယ်ဗျ၊ တော်ကြာ မျက်စိလည် လမ်းမှားပြီး မပြန်တတ်ဘဲ ဖြစ်နေမှာ စိုးရတယ်လေ'

လုထင်းက သက်ပြင်းချလိုက်သည်။

လူရွယ်က ကောင်းကောင်းမွန်မွန် ပြောလာနေရာ သူက စကားမပြောဘဲနေလျှင် ရိုင်းရာကျမည်ကို စိုးရိမ်ကာ....

'ဟုတ်တယ်....သိပ်စည်ကားတာပဲ'

ဟု ပြောလိုက်သည်။

သူစကားပြန်ပြောလျှင် လူရွယ်၏မျက်နှာ ပြုံးရွှင်သွားလေ၏။

ချက်ချင်း လုထင်းအနီးသို့ လှမ်းလာပြီး....

'ခင်ဗျားက ဒီကို အခုမှရောက်လာတာ ထင်တယ်'

'ဟုတ်တယ်'

'အင်း....ကျုပ်လဲ ပထမဆုံးအကြိမ် ရောက်လာတာ ဆိုပါတော့ဗျာ၊ ဒါထက် ခင်ဗျားက အလည်အပတ်ပဲလား'

လုထင်းက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး....ဦးလေးတုနဲ့ အဖော်လိုက်လာတာပေါ့'

'ဦးလေးတု၊ ဟုတ်လား'

'ဦးလေးတုဆိုတာ ကျုပ်ရဲ့ဦးလေးပါ'

'ဪ....ခင်ဗျားက ဦးလေးနဲ့ အတူလာတာကိုး'

'ဟုတ်တယ်'

'ခင်ဗျားဦးလေးကတော့ ဒီကိုရောက်ဖူးမှာပေါ့'

'ရောက်ဖူးပါတယ်ဗျာ'

'ဒါဆိုအတော်ပဲ၊ ခင်ဗျားဦးလေးဆီမှာ အကူအညီတောင်းရဦးမယ်'

'ဗျာ....'



'ဒီလိုလေ ဘူက ရောက်ဖူးတတ်ဆိုတော့ ဘယ်နေရာတွေကို သွားပြီးလည်ပတ်သင့်တယ်ဆိုတာ သိနိုင်တယ်မဟုတ်လား'

လုထင်းက သူ့အား အကဲခတ်ကြည့်လိုက်ပြီး....

'ခင်ဗျားက တစ်ယောက်တည်း လာခဲ့တာလား'

'ဟုတ်ပါတယ်၊ ကျုပ်နာမည် စုအိမ်းလို့ခေါ်တယ်၊ မှတ်ထားပါဗျာ....'

ကိုယ့်ကိုယ်ကို မိတ်ဆက်စကား ပြောလာ သောကြောင့် လုထင်းလည်း မနေသာတော့ဘဲ။

'ကျုပ်နာမည် လုထင်းလို့ ခေါ်ပါတယ်ဗျာ....'

'ကျုပ်မှတ်ထားပါမယ်ဗျာ၊ အခုဆိုရင် ကျုပ်တို့နှစ်ယောက် မိတ်ဆွေတွေဖြစ်ကြပြီပေါ့နော်'

'ဗျာ....'

လုထင်း အံ့ဩသွားသည်။

* * *

မိတ်ဆွေဆိုသည့် စကားအဓိပ္ပါယ်အနက် မည်သို့ရှိသည်ကို သူ ကောင်းစွာမသိသော်လည်း မိတ်ဆွေ ဖြစ်ကြပြီးသည့်နောက် စောင့်ထိန်းအပ်သော စည်းကမ်းများ လိုက်နာရမည် ဖြစ်ကြောင်း နားလည်ထား၏။

စုအိမ်းက သူမသိသေးသည့် ရန်သူဖြစ်နေလျှင်ပင် မိတ်ဆွေဖွဲ့ပြီးနောက် ရန်သူဟူသည်ကို မေ့ဖျောက်ပစ်လိုက် ရတော့မည် ဖြစ်ပေသည်။

သူ၏ မိခင်ကြီးသည် အကြောင်းမသိဘဲ မည်သူနှင့်မျှ မိတ်ဆွေမဖွဲ့ရဟု တားမြစ်ထားခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့် ရုတ်တရက် မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်နေ၏။

စုအိမ်းက....

'ကျုပ်က ဟန်ကြူးမြို့ကလာတာပါ။ ကျုပ်တို့နယ်လဲ သာယာလှပတာပါပဲ၊ ဒါပေမယ့် ကျန်းနန်ကိုတော့ မမီဘူးလေဗျာ၊ ဒါထက် ခင်ဗျားကကော ဘယ်ကလာတာလဲဗျ'

လုထင်း မတတ်သာဘဲ....

'ကျုပ်က တောင်ဖြူမြစ်ကွေ့က လာတာပါ'

'တောင်ဖြူမြစ်ကွေ့ ဟုတ်လား၊ မြောက်ပိုင်းကပေါ့'

'ဟုတ်ပါတယ်'

စုအိမ်း မျက်မှောင်ကုတ်ကာ....

'တောင်ဖြူမြစ်ကွေ့ ဘက်မှာ လူဆိုးဓားပြတွေ အတော်ပေါများတယ်လို့ ဆိုကြတယ်ဗျ၊ အဲဒီဆိုစကား အမှန်ပဲလား'

'ဗျာ....'



စုအိမ်း မျက်မှောင်ကုတ်ကာ....

'ခင်ဗျား ဘယ်လိုဖြစ်တာလဲ၊ အံ့သြနေတယ်ဟုတ်လား'

'ဟုတ်တယ်လေ'

'ဘာဖြစ်လို့လဲ ကျုပ်ပြောတာ မဟုတ်လို့လား'

'မဖြစ်နိုင်တာဗျာ၊ ကျုပ်တော့ ဘာမှမကြားမိပါလား'

'ဒါဆို ကျုပ်ကြားရတဲ့သတင်းတွေမှားနေလို့ ဖြစ်မှာပေါ့၊ ခက်တာက လူတိုင်းလူတိုင်း ဒီလိုပဲပြောနေကြတယ်ဗျ'

လုထင်း ဒေါပွသွားလေသည်။

'ဘာလဲ ကျုပ်ကို လူဆိုးဓားပြတစ်ယောက်လို့ ခင်ဗျား ဆိုလိုချင်တာလား'

စုအိမ်း ကပျာကယာ လက်ကာပြလိုက်လေသည်။

'ဟာ....ဒီလိုမဟုတ်ပါဘူးဗျာ၊ ခင်ဗျားဟာ ကျုပ်မိတ်ဆွေပဲ မဟုတ်လား၊ ဘယ်လိုလုပ် လူဆိုးဓားပြဖြစ်နိုင်မှာလဲ၊ မဟုတ်ဘူးလား'

ပြုံးရွှင်သော မျက်နှာထားဖြင့် ဆိုလာသဖြင့် လုထင်း ဒေါသပြေပျောက်သွားရတော့၏။

စုအိမ်းက ဆက်ပြောသည်။

'ကျုပ်တို့ဟန်ကြူးကိုလဲ တစ်ခါတစ်ခေါက်လောက် အလည်လာခဲ့ပါလားဗျာ၊ ဟန်ကြူးမြို့ရောက်ရင် 'သိုင်းဆရာကြီးစု'ရဲ့ အိမ်ဆို ဘယ်သူ့မေးမေးရပါတယ်။ သိုင်းဆရာကြီး စုဆိုတာ ကျုပ်အဖေပါပဲ'

လုထင်းက ထပ်မံပြီး အကဲခတ်ကြည့်လိုက်မိပြန်လေသည်။

စုအိမ်းဆိုသော လူရှယ်၏ဖခင်မှာ သိုင်းဆရာ စုံဆိုလျှင်၊ စုံအိမ်းလည်း သိုင်းပညာတတ်သူ ဖြစ်ရမည်မဟုတ်ပါလား။

လုထင်း ခေါင်းညိတ်ယင်း....

'ကြုံရင်တော့ ဝင်ပါမယ်ဗျာ၊ ဒါပေမယ့် အခုလောလော ဆယ်တော့ ဟန်ကြူးကိုသွားဖို့ အစီအစဉ်မရှိသေးပါဘူး'

'အာပဲဖြစ်ဖြစ် ရောက်ရင်တော့ ဝင်လည်ပါဗျာ'

'စိတ်ချပါ၊ ကျုပ်လာခဲ့ပါ့မယ်'

* * *

သူတို့နှစ်ယောက် စကားပြောနေစဉ် ညနေစောင်းအချိန်သို့ ရောက်လာပြီဖြစ်ရာ လမ်းပေါ်၌ ပို၍လူစည်ကား လာလေ သည်။

လူအုပ်ကြားမှ လူတစ်ယောက် ခပ်သုတ်သုတ် လျှောက်လာ နေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူကိုမြင်လျှင် လုထင်း ဝမ်းသာသွားလေသည်။

ထိုလူမှာ သူမျှော်လင့်နေသည့် ဦးလေးတုပင် မဟုတ်ပါ လား။

'ဟော...ဦးလေးတုတောင် ပြန်လာပြီ'

ဟု လွှတ်ခနဲ ပြောလိုက်မိ၏။



စုအိမ်းက လှမ်းကြည့်လိုက်၏။

ဝမ်းတုကား နဂါးနှစ်ကောင် တည်းခိုခန်းသို့ ခပ်သုတ်သုတ် လျှောက်လာနေသည်ကို တွေ့မြင်ရလျှင်....

'ခင်ဗျားဦးလေးလဲ ပြန်လာပြီ၊ ကျုပ်လဲ အောက်ထပ်ဆင်းပြီး စားသောက်လိုက်ဦးမယ်၊ နောက်မှ တွေ့ကြသေးတာပေါ့ဗျာ'

လုထင်းအား နှုတ်ဆက်ကာ အောက်ထပ်သို့ဆင်းသွားလေ သည့်။

လုထင်းက ဟန့်တားခြင်းမပြုပါချေ။

စုံအိမ်းက စားသောက်ရန် ဖိတ်ကြားခြင်းမရှိသည်ကိုလည်း စိတ်မဆိုးပါချေ။

စုအိမ်း တွက်သွားသည်ကိုပင် ကျေးဇူးတင်မိ၏။

မကြာပါချေ။ ဝမ်းတုက အပေါ်ထပ်သို့ တက်လာနေသည် ကို တွေ့မြင်လိုက်ရလေသည်။

* * *

နဂါးနှစ်ကောင်တည်းခိုခန်းမှ ဝမ်းတု ထွက်သွားချိန်ဝယ် နေမွန်းလွဲပြီးခါစပင် ရှိသေး၏။

လူထင်းတစ်ယောက်တည်း ချန်ထားရစ်ခဲ့ရသည်ကို စိတ်မချနိုင်ပါချေ။

ထို့ကြောင့် လုပ်စရာရှိသည့် ကိစ္စအဝဝကို အမြန်ဆုံး လုပ်ကိုင်ပြီး မြန်မြန်ပြန်မည်ဟု ဆုံးဖြတ်ထားလေသည်။

နဂါးနှစ်ကောင်တည်းခိုခန်းမှ ထွက်မိသည်နှင့် မင်းလမ်းအတိုင်း မြို့တောင်ဘက်သို့ ဦးတည်လျှောက်သွားလေသည်။

နေမွန်းလွဲအချိန်ဖြစ်သော်လည်း လမ်းပေါ်၌ လူ ကျိတ်ကျိတ်တိုး စည်ကားနေ၏။

လူအုပ်ကြားမှ တိုးဝှေ့ရင်း လျှောက်သွားရာ အတန်ကြာသောအခါ မြို့တောင်ပိုင်းဆီသို့ ရောက်မှန်းမသိ ရောက်သွားလေသည်။

မြို့တောင်ပိုင်း၌လည်း စည်ကားသိုက်မြိုက်နေပါ၏။

ဝမ်းတု၏ ခြေလှမ်းများသည် 'ထိပ်တန်းရတနာဆိုင်' ဟု ဆိုင်းဘုတ်ချိတ်ထားသည့် အဆောက်အအုံရှေ့သို့ ရောက်လျှင် တုံ့ကနဲ ရပ်သွားလေသည်။

* * *



ပတ်ဝန်းကျင်ဘေးဘီကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး ထိုအဆောက်အအုံဆီသို့ ခပ်သုတ်သုတ်လှမ်းသွားပြီးအတွင်းဘက် လှမ်းဝင်လိုက်လေသည်။

အတွင်းဘက် ဝင်လိုက်သည်နှင့် အနီရောင် အဝတ်အစားများ ဝတ်ဆင်ထားသူတစ်ယောက်က ခရီးဦးကြိုပြုလေသည်။

'ကြွပါခင်ဗျာ.... ကြွပါ၊ ဘာများကူညီရမလဲ အမိန့်ရှိပါ'

ထိုလူသည် ဈေးသည်တစ်ယောက်ပမာ ချိုသာစွာပြောနေသော်လည်း သူ၏လှုပ်ရှားပုံကို ကြည့်ခြင်းအားဖြင့် သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း သိသာပေသည်။

ထိုလူသည်ကား ထိပ်တန်းရတနာဆိုင်အား နှောင့်ယှက်လာမည့်လူဆိုးဓားပြများ၏အန္တရာယ်ကို ကာကွယ်နှိမ်နင်းရန်တာဝန်ယူထားသည့် လုံခြုံရေး သိုင်းသမား ဖြစ်ကြောင်း သိနိုင်လေသည်။

ဝမ်းတုက ခပ်တည်တည်ဖြင့်....

'ယန့်အင်းစိမ်း ရှိသလား'

ဟု မေးလိုက်လေသည်။

အစောင့်၏မျက်နှာ ချက်ချင်း ပြောင်းလဲသွား၏။

ဝမ်းတုကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး....

'မိတ်ဆွေ ဘယ်သူဘယ်ဝါဆိုတာ ပြောပါဗျာ'

'ဝမ်းတုလို့ ပြောလိုက်ရင် သူသိပါတယ်'

'ကောင်းပါပြီခင်ဗျာ၊ ဒီမှာ ခဏစောင့်နေပါဦး'

ထိုင်ခုံတစ်လုံးအား ညွှန်ပြလိုက်၏။

ထို့နောက် အတွင်းဘက်သို့ ခပ်သုတ်သုတ် ဝင်သွားလေသည်။

ရတနာဆိုင်ရှေ့၌ ခင်းကျင်းပြသထားသော ပစ္စည်းများကား အတုများဖြစ်ပြီး တမင် အလှပြထားခြင်းဖြစ်၏။

လမ်းသွားလမ်းလာများ၊ ရတနာပစ္စည်း ဝယ်ယူမည့်သူများအား စိတ်ဝင်စားလာအောင် အစစ်နှင့်ခွဲမရအောင် ပြုလုပ်ကာ ပြသထားခြင်း ဖြစ်ပေသည်။

ဝယ်ယူမည့်သူ ဆိုင်ထဲဝင်လာပါမှ ရတနာပစ္စည်းအစစ်များ ထုတ်ကာ ရောင်းချလေ့ရှိ၏။

ဆိုင်အတွင်းဘက်ဝယ် နောက်ထပ် အဖော်သို့ သိုင်းသမားသုံးယောက်နှင့် ရတနာအကဲဖြတ်ကျွမ်းကျင်ပြီး အရောင်းကာဝန်ယူရသူနှစ်ယောက် ရှိနေသေးသည်ကို တွေ့ရ၏။

ဝမ်းတုက မထိုင်ဘဲ လက်နှစ်ဖက် နောက်ပစ်ရင်း အလှပြထားသော ရတနာပစ္စည်းများကို စိတ်ဝင်စားစွာ ကြည့်နေ၏။

မကြာပါချေ၊

ခြေသံများ ထွက်ပေါ်လာပြီး အတွင်းဘက်ဝင်သွားသူ ပြန်ထွက်လာသည်ကို တွေ့မြင်ရလေသည်။

ထိုလူသည် ဝမ်းတုရှေ့ ရောက်လျှင် ခါးကိုင်းညွှတ်သွားအောင် ဦးညွှတ်လိုက်ပြီး....

'ဆရာယန်နွံအင်းစိမ်းက အထဲကိုကြွပါလို့ ဖိတ်ခေါ်လိုက်ပါတယ်ခင်ဗျာ'

ဟု ပြောလေသည်။

ဝမ်းတုက ခေါင်းညိတ်လိုက်သည်။



'ကောင်းပြီလေ'

'ကျုပ်နောက် လိုက်ခဲ့ပါဗျာ'

အစောင့်က လမ်းပြခေါ်ဆောင်သွား၏။

ဝမ်းတုလည်းလက်နှစ်ဖက်နောက်ပစ်ကာ အေးအေးလူလူပင် လိုက်ပါသွား၏။

အတွင်းဘက်ဝင်မိလျှင် စင်္ကြံလမ်းတစ်ခု ရှိနေသည်ကို တွေ့မြင်ရလေသည်။

စင်္ကြံလမ်းမှ ဖြတ်သွားပြီး လမ်းဆုံးသွားလျှင် အခန်းတစ်ခုရှေ့သို့ ရောက်ရှိသွားကြလေသည်။

အခန်းရှေ့ရောက်လျှင် အစောင့်က....

'ဆရာယန်နွံအင်းစိမ်း စောင့်နေပါတယ်၊ အထဲကိုဝင်သွားပါခင်ဗျာ'

ဝမ်းတုက အတွင်းဘက် လှမ်းဝင်လိုက်လေသည်။

အတွင်းဘက်ဝယ် စားပွဲတစ်လုံး ရှိနေပါ၏။

လူတစ်ယောက် ထိုင်ရင်း မျက်တောင်မခတ် ကြည့်ရှုနေသည်ကိုတွေ့ရ၏။

ထိုလူသည် ဝမ်းတုဝင်လာသည်ကို မြင်လျှင် ထိုင်ရာမှ ပျာပျာသလဲ ကြိုဆိုလိုက်လေသည်။

'နောင်ကြီးဝမ်းတု ရောက်လာတာကိုး၊ ကြွပါဗျာ....ကြွပါ'

ဝမ်းတု ပြုံးလိုက်သည်။

သူ့အား ကြိုဆိုလာသူမှာ ထိပ်တန်းရတနာဆိုင်ပိုင်ရှင် ယန်နွံအင်းစိမ်း မဟုတ်ပါလား။

ဝမ်းတုက....

'ခင်ဗျားက တယ်လဲပါးနပ်တာကိုး၊ ကျုပ်ရောက်လာတယ်ဆိုတာ သိတာနဲ့ ဒီအခန်းထဲကို တစ်ခါတည်းတန်းပြီး ဖိတ်ခေါ်လိုက်တာပဲ'

ပြောပြီး စားပွဲရှိရာသို့ လှမ်းသွားတာ ခုံတစ်လုံးဆွဲ၍ ထိုင်ချလိုက်လေသည်။

ယန့်အင်းစိမ်းမှာ အသက်ငါးဆယ်ခန့်ရှိသူ ဖြစ်လေသည်။

ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်ရှိပြီး ကုန်သည်ပွဲစားပုံဟန်အပြည့်ရှိသူဖြစ်၏။

* * *

ဝမ်းတုံနှင့် မျက်နှာချင်းဆိုင် ထိုင်ချကာ ရယ်ကဲ့ကဲ့ဖြင့်....

'ဟဲ.... ဟဲ မိတ်ဆွေကြီးက အကြောင်းမရှိဘဲ မလာဘူးဆိုတာ သိတယ်လေဗျာ၊ အရောင်းအဝယ်ကိစ္စအတွက် ဒီအခန်းထဲ ပြောကြဆိုကြတာ အကောင်းဆုံးပဲ မဟုတ်လား'

'ကျုပ်က အရောင်းအဝယ်ကိစ္စနဲ့ လာတယ် ဆိုတာတော့ သိနေပါလား'

'ဟဲ.... ဟဲ မိတ်ဆွေကြီးက အရောင်းအဝယ်ကိစ္စ အတွက် မဟုတ်ရင် တခြား ဘာကိစ္စများ ရှိဦးမှာလဲဗျာ'



'ထားပါတော့လေ၊ ခင်ဗျားပြောတဲ့ အရောင်း အဝယ်ကိစ္စပဲ ဆိုပါတော့'

ယန့်အင်းစိမ်း၏ မျက်လုံးများ အရောင်တဖိတ်ဖိတ်ဝင်းလက်တောက်ပြောင်လာလေသည်။

ဝမ်းတုကို စိုက်ကြည့်ရင်း....

'ဆိုပါဦးဗျာ၊ ကျုပ်ကတော့ ရွှေပတ္တမြား ရွှေနဂါးပဲ၊ ကျုပ်တို့ မကြာခင က ဆက်ဆံခဲ့ကြဖူးတာပဲ၊ တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်း သိနေကြပါပြီ'

'ဟုတ်တယ်လေ၊ ဆက်ဆံဖူးတဲ့လူတွေဆိုတော့ အထူးပြောနေစရာ မလိုတော့ပါဘူးဗျာ'

'ကဲ....သည်တစ်ခေါက် ဘာပစ္စည်းတွေပါလာသလဲ ဆိုစမ်းပါဦး'

ဝမ်းတု၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

ယန်းအင်းစိမ်းကို စိုက်ကြည့်ရင်း....

'ဘာပစ္စည်းတွေပါတယ်ဆိုတာထက် ခင်ဗျား ဝယ်နိုင်မဝယ်နိုင်ဘူးဆိုတာ အရင်ဆုံး သိရမှဖြစ်မယ်'

'ဟား....ဟား....ဟား'

ယန်းအင်းစိမ်း သဘောကျစွာ ရယ်မောလိုက်လေသည်။

အတန်ကြာ ရယ်မောပြီးမှ....

'ဘယ်လို ပစ္စည်းမျိုးမို့လဲဗျာ၊ ကျုပ်မဝယ်နိုင်တဲ့ပစ္စည်း မရှိဘူး ထင်ပါတယ်'

'အင်း....ကျုပ်ကလဲ ခင်ဗျားဝယ်နိုင်ပါစေလို့ ဆုတောင်းနေတာပဲ၊ နို့မဟုတ်ရင် 'ချူးလီ' ဆီကို သွားချဉ်းမယ် မဟုတ်လား'

* * *

ချူးလီဟူသော အမည်ကြားလျှင် ယန်းအင်းစိမ်း မျက်နှာကွက်ခနဲ ပျက်သွားလေသည်။ ချူးလီဆိုသူကား ယန်းအင်းစိမ်းကဲ့သို့ နာမည်ကြီး ရတနာကုန်သည်တစ်ယောက် မဟုတ်ပါလား။

ယန်းအင်းစိမ်းက....

'ဟာ...မိတ်ဆွေကြီးကလဲဗျာ၊ ကျုပ်က သူ့ထက် ဈေးပိုပေးပြီး ဝယ်နေကျဆိုတာလဲ သတိထားပါဦး၊ မိတ်ဆွေကြီး ယူလာတဲ့ပစ္စည်းကို ကျုပ်က ဈေးကောင်းကောင်းပေးပြီး ဝယ်မှာပါဗျ'

'ခင်ဗျားဝယ်မယ်ဆိုတာ မှန်တယ်၊ ဝယ်နိုင် မဝယ်နိုင်ဘူးဆိုတာ သိချင်တာပါ'

'အို....တန်ဖိုး ဘယ်လောက်တောင် များနေလို့ ကျုပ်မဝယ်နိုင်ရမှာလဲ'



'ရွှေစင် ပိဿာတစ်ရာ'

'ဘာ....'

ယန်းအင်းစိမ်း၏စကားသံ ဟိန်းထွက်လာလေသည်။

ဝမ်းတုက ခပ်တည်တည်ပင် ကြည့်နေသည်။

ယန်းအင်းစိမ်းက မယုံကြည်နိုင်သောလေသံဖြင့်....

'ရွှေစင်ပိဿာတစ်ရာ ဟုတ်လား'

'ဟုတ်တယ်'

'နေပါဦး၊ ခင်ဗျားပစ္စည်းက ဘာပစ္စည်းမို့လဲ'

'ခင်ဗျား ဝယ်နိုင်တယ်ဆိုရင် တွေ့ရမှာပေါ့ဗျာ'

'ခင်ဗျားက ကျုပ်ကို သက်သက် နောက်ပြောင်နေတာတော့ မဟုတ်ပါဘူးနော်'

'ကျုပ် ဘယ်တုန်းက နောက်ပြောင်ခဲ့ဖူးလို့လဲ'

ယန်းအင်းစိမ်း ခေါင်းကုတ်လိုက်လေသည်။

* * *

အတန်ကြာ တွေးတောစဉ်းစားပြီးမှ....

'ခင်ဗျား တကယ်ပြောတာပေါ့'

ဝမ်းတု ပါးစပ် ပိတ်ထားလိုက်လေသည်။

ထပ်ပြောစရာမလိုဟု ယူဆထား၏။

ယန်းအင်းစိမ်းက....

'ရွှေစင်ပီသာတစ်ရာတန်တဲ့ ပစ္စည်းဆိုတော့ စိတ်ဝင်စားစရာပဲ၊ ခင်ဗျား တပါတည်းယူလာသလား'

ဝမ်တု ခေါင်းယမ်းလိုက်သည်။

'ကျုပ် ပြောပြီးပြီပဲ၊ ခင်ဗျားဝယ်နိုင်သလား၊ မဝယ်နိုင်ဘူးလားဆိုတာ သိချင်တယ်လေ၊ ခင်ဗျားဝယ်နိုင်တယ်ဆိုရင်တော့ ဘာမှ မပူပါနဲ့၊ ခင်ဗျားရှေ့ကို ရောက်လာမှာပါဗျာ'

'အင်း....ခင်ဗျားတို့က အလုပ်ကြီးတစ်ခု လုပ်ခဲ့ပြီးကြပြီကိုး၊ ကျုပ်ဝယ်ပါ့မယ်ဗျာ၊ ဒါပေမယ့် ပစ္စည်းကို စစ်ဆေးကြည့်ပါရစေဦး'

'ရပါတယ်၊ ရော့ပတ္တမြား....ရော့နဂါးပေါ့'

'ကျုပ်က ချက်ချင်း ငွေချေရမှာလား'

'ဟုတ်တယ်လေ'

'ဒါဆိုရင်တော့ တစ်ရက်နှစ်ရက်လောက် စောင့်ဦးမှဖြစ်မယ်'

'ဘာလဲ ချက်ချင်း ငွေမချေနိုင်ဘူး ပေါ့'

'ဟာ....ဒီလိုတော့ မဟုတ်ပါဘူးဗျာ၊ ရွှေစင်ပီသာတစ်ရာဆိုတော့ ချက်ချင်းကြီးပေးဖို့ မလွယ်ဘူးလေ။ ကျုပ် ရှိသမျှလဲ ပစ္စည်းတွေ ဝယ်ထားလိုက်လို့ အရင်းမြုပ်နေတယ်။ ဒါပေမယ့် ကျုပ်မိတ်ဆွေတွေဆီက ခဏလှည့်ရင် ရပါတယ်'

'ကျုပ်က ကြာကြာမစောင့်နိုင်ဘူးဗျ'

'တစ်ရက် နှစ်ရက်တောင် မစောင့်နိုင်ဘူးလား'



ဝမ်းတု ခေါင်းယမ်းလိုက်သည်။

'ဝမ်းနည်းပါတယ်ဗျာ၊ မစောင့်နိုင်ပါဘူး'

ယန်းအင်းစိမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

* *

ဝမ်းတုကိုစိုက်ကြည့်ရင်း....

'ကျုပ်က ဝယ်နေကျဖောက်သည်ပါဗျာ၊ ကျုပ်ကိုအချိန် ည်းနည်းပေးဖို့ တောင်းပန်ပါတယ်။ ချက်ချင်းကြီးဆိုတော့....'

'ကောင်းပြီလေ....ဒီတစ်ည ခင်ဗျား ကြိုးစားကြည့်ပေါ့။ က်ဖြန်မနက် ခင်ဗျားဆီက ဘာမှ အကြောင်းမပြန်နိုင်ရင် ျုပ်က ချူးလီဆီကို သွားရမှာပဲ'

စကားဆုံးလျှင် ဝမ်းတု ထိုင်ရာမှ ထလိုက်လေသည်။

ယန်းအင်းစိမ်းက ဟန့်တားရန် ဟန်ပြင်လိုက်ပြီးမှ ဟန့်တား း မပြုဘဲ နေလိုက်၏။

ဝမ်းတု အပြန်တွင် ဆိုင်ရှေ့သို့တိုင် လိုက်လံပို့ဆောင်ပေး း....

'ဘာပဲဖြစ်ဖြစ် မနက်ဖြန်မနက်အထိတော့ ကျုပ်ကိုစောင့်
ဗျာ။ ကျုပ်မနိုင်ဘူးဆိုမှ ခင်ဗျား ကြိုက်သလိုလုပ်ပေါ့။ ဟုတ်
လား'

'စိတ်ချ....ကျုပ် ကတိတည်ပါတယ်'

'အင်း....ခင်ဗျားဟာ ကျုပ်စိတ်လှုပ်ရှားအောင် အမြဲတမ်း
လုပ်နိုင်တဲ့လူတစ်ယောက်ပါပဲဗျာ'

ဝမ်းတု ပြုံးလိုက်သည်။

ယန်းအင်းစိမ်း အဘယ်ကြောင့် စိတ်လှုပ်ရှားရသည်ကို
ကောင်းစွာ နားလည်ထားပါသည်ဟူသောအပြုံးမျိုး ဖြစ်ပေ
သည်။

စကား တစ်လုံးမှ မပြောတော့ဘဲ ထိပ်တန်း ရတနာဆိုင်မှ
ထွက်သွား၏။

ယန်းအင်းစိမ်းလည်း ဘက်ပြင်းရှည်ကြီးချကာ ကျန်ရစ်
လေတော့သည်။

* * *



'ဦးလေးတု ပြန်လာပြီလား'

လုထင်းက ဆီးကြိုနှုတ်ဆက်လိုက်လေသည်။

ဝမ်းတုက ပြုံးလိုက်သည်။

'မင်းက ဘယ်လို စည်းစားသိုက်မြိုက်တယ်ဆိုတာ ကြည့်နေ
တာ ဟုတ်လား'

'ဟုတ်ပါတယ် ဦးလေးတု'

'မြို့ထဲလျှောက်ပြီး မလည်ပတ်ချင်ဘူးလား'

လုထင်း ခေါင်းယမ်းလိုက်သည်။

* * *

'ဟင့်အင်း....မလည်ချင်ဘူး'

'ဘာဖြစ်လို့လဲကွ'

'ဘာမှမဖြစ်ပါဘူး၊ ကျွန်တော့် ဘာသာ အေးအေး ဆေး
ဆေး နေချင်လို့ပါ'

'မင်းလဲ တယ်ခက်တာပဲ၊ မင်း ဘာတွေဖြစ်နေတာလဲငါ့ကို
လဲ ပြောစမ်းပါဦး'

'ကျွန်တော် ဘာမှမဖြစ်ပါဘူး ဦးလေးရဲ့'

'ကောင်းကွာ....'

ဝမ်းတု စိတ်ပျက်သွားလေသည်။

ရှေ့ဆက် မပြောတော့ဘဲ အခန်းတွင်းသို့ လှမ်းဝင်သွားလေ၏။

လုထင်းလည်း နောက်မှ လိုက်သွားလေသည်။

အတွင်းဘက်သို့ ရောက်လျှင်....

ဝမ်းတုက....

'မင်းကို ငါပေးခဲ့တဲ့ အိတ်ကလေးကော'

ဟု မေးလိုက်၏။

လုထင်းက ခုတင်ပေါ်မှ မြွေအရေခွံ အိတ်ကလေးအား ညွှန်ပြရင်း....

'ဟိုမှာရှိပါတယ်'

ခုတင်ပေါ်ဝယ် သည်အတိုင်းဖြစ်သလို တင်ထားသည်ကို မြင်လျှင် ဝမ်းတု မျက်လုံးပြူးသွားလေသည်။

'ငါက ဂရုစိုက်ပါလို့ မှာထားလျက်နဲ့ မင်းကဖြစ်သလိုထားတာကိုး။ သည်အိတ်ကလေး ပျောက်သွားရင် မင်းအမေကငါ့ကို အကြီးအကျယ် ဒေါပွသွားမှာကွ'

'မေမေက ဒီပစ္စည်းလောက်တော့ မမှုသေးပါဘူး ဦးလေးရာ'

'ဟေ....မင်းက ဖွင့်ကြည့်ပြီးပြီပေါ့ ဟုတ်လား'

'ဟုတ်တယ်'

လုထင်းက မိမိကြောင့် ကျိုးပဲ့ ကျေမွသွားမည်ကို စိုးရိမ်ကာ ဖွင့်ကြည့်မိသည့်အဖြစ်ကို ပြောပြလိုက်လေသည်။



ဝမ်းတုက မြွေအရေခွံအိတ်ကလေးကိုဖွင့်ကာ အတွင်းမှ ပစ္စည်းများကို စစ်ဆေးကြည့်ရှုလိုက်၏။

ထို့နောက် ပြန်ပိတ်ကာ အင်္ကျီရင်ဘတ်ကြား သိမ်းဆည်းထားလိုက်ပြီး....

'ဘာပဲဖြစ်ဖြစ် ဒီပစ္စည်းဟာ တို့အတွက်တော့ အဓိတော်လေး အရေးပါနေတယ်ဆိုတာမင်းမှတ်ထားပါ။ မင်းအမေရဲ့စေတနာကို တစ်နေ့ မင်း နားလည်သဘောပေါက်လာမှာပါ။ မင်းတင်မကဘူး။ မင်းအစ်ကိုတွေလဲ နားလည်လာကြမှာပါ'

လုထင်း မျက်မှောင်ကုတ်သွား၏။

ဝမ်းတုပြောသည့်စကားအဓိပ္ပာယ်ကို ကောင်းစွာနားလည်သဘောပေါက်ခြင်း မရှိချေ။

* * *

သို့သော်....မေးလည်း မမေးလို၊ သိလည်း မသိလိုသဖြင့် မျက်နှာလွှဲထားလိုက်လေသည်။

ထိုစဉ်....

'ဒေါက်....ဒေါက်'

အပြင်ဘက်မှ တံခါးခေါက်သံ ပေါ်ထွက်လာသည်ကိုကြားလိုက်ရ၏။

ဝမ်းတုက လုထင်းထက်ဦးအောင် မေးလိုက်သည်။

'ဘယ်သူလဲဟေ့'

သူ၏စကားသံနှင့် မရှေးမနှောင်းတွင် အပြင်ဘက်မှ....

'ညစာသုံးဆောင်တော့မလား အမိန့်ရှိပါဗျာ။ သုံးဆောင်တော့မယ်ဆိုရင် အခုပဲ လာပို့ပေးပါမယ်'

ဆိုင်လုလင်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

• • •

ဝမ်းတုက....

'ယူမလာနဲ့၊ ငါတို့ အောက်ဆင်းစားကြမယ်'

ဟု ပြောလိုက်ရာ....

'ကောင်းပါပြီခင်ဗျာ'

ဟုဆိုပြီး ထွက်သွားသောခြေသံကို ကြားရလေသည်။

လုထင်း စိတ်ပြောင်းလဲသွားပြီဟု ယူဆသွားပုံရ၏။



ညစာကို အခန်းတွင်း ပို့ပေးရန် မှာကြားထားကြောင်း လုထင်းကလည်း မပြောတော့ပါ။

ဝမ်းတုက....

'မိုးတောင်ချုပ်တော့မယ်၊ တို့တတွေ အောက်ထပ်ဆင်းပြီး တစ်ခုခု စားကြရအောင်'

ပြောပြီး အခန်းတွင်းမှ ထွက်သွားရာ လုထင်းလည်း မတတ်သာဘဲ လိုက်ပါသွားရလေတော့သည်။

• • •

နဂါးနှစ်ကောင် တည်းခိုခန်းကား အောက်ထပ်တွင် စားသောက်ခန်းမဖွင့်လှစ်ထားပြီး အပေါ်ထပ်ဝယ် တည်းခိုခန်းများရှိသည့် ဆိုင်ကြီးတစ်ဆိုင်ဖြစ်သည်။

ညနေစောင်းအချိန်ဖြစ်ရာ စားသောက်ခန်းမအတွင်း လူစည်ကားနေ၏။

လုထင်းနှင့် ဝမ်းတုတို့နှစ်ယောက်အတွက် သီးသန့်စားပွဲ မရနိုင်တော့ပါချေ။

ဆိုင်လုလင်တစ်ယောက်၏ စီစဉ်ပေးမှုဖြင့် လူတစ်ယောက်ထိုင်၍ စားသောက်နေသော စားပွဲတွင် ထိုင်လိုက်ရ၏။

ထိုသို့ထိုင်မိမှ လုထင်း အံ့အားသင့်သွား၏။

အကြောင်းကား....

စားပွဲ၌ သူတို့ထက် အလျင်ရောက်ရှိနေသူမှာ စုအိမ်း ဖြစ်နေသည် မဟုတ်ပါလား။

စုအိမ်းက လုထင်းကို ပြုံးပြရင်း....

'ခင်ဗျားတို့ ညနေစာ စားသောက်မယ်ဆိုရင် ကျုပ်ပဲ ဧည့်ဝတ်ပြု ကျွေးမွေးပါရစေဗျာ'

ပြောပြီး ဆိုင်လုလင်အား စားသောက်ဖွယ်ရာများ ပို့ပေးရန် မှာကြားလိုက်လေသည်။

လုထင်း အားတုံ့အားနာ ဖြစ်သွား၏။

'အို...နေပါစေဗျာ၊ ကျုပ်တို့ဘာသာ မှာစားပါ့မယ်'

'မဟုတ်တာ ကျုပ်တို့မိတ်ဆွေအချင်းချင်း ဧည့်ဝတ်ပြုရမယ့် ဝတ္တရားရှိတယ်မဟုတ်လား၊ အားနာစရာ မလိုပါဘူးဗျာ'

သူတို့နှစ်ယောက် သိဟောင်း ကျွမ်းဟောင်းပမာ စကားပြောဆိုနေကြသည်ကို ဝမ်းတုက မျက်မှောင်ကုတ်ကာ အကဲခတ်ကြည့်နေပါ၏။

လုထင်း မနေသာတော့ပဲ....

'ဦးလေး သူက ဟန်ကြူးမြို့က သိုင်းဆရာကြီးစုရဲ့ သားစုအိမ်းပါ'

ဟု မိတ်ဆက်ပေးလိုက်၏။

စုအိမ်းကလည်း လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း....



'ဟုတ်ပါတယ်ဗျာ၊ အခုလိုတွေ့ဆုံရင်းနှီးရတဲ့အတွက်ဂုဏ်ယူပါတယ်'

ဝမ်းတု ကြောင်အမ်းအမ်းဖြင့်....

'နေစမ်းပါဦး မင်းတို့ ဘယ်တုန်းက သိကျွမ်းနေကြတာလဲ'

'ဪ....အခန်းချင်းကပ်နေတော့ ခရီးသွားရင်း မိတ်ဆွေဖြစ်ရတာ မဆန်းပါဘူးခင်ဗျာ၊ နောင် ဟန်ကြူးမြို့ကိုရောက်ခဲ့ရင် ကျွန်တော်တို့အိမ်မှာ ဝင်ပြီးတည်းခိုနိုင်ပါတယ်။ ဦးတို့ကို ဖိတ်ခေါ်ပါတယ်ခင်ဗျာ'

စုအိမ်းက ပြုံးပြုံးရွှင်ရွှင်ပြောနေသလောက် ဝမ်းတုက သဘောမကျဘဲ ဖြစ်နေ၏။

သို့သော် လုထင်းမှာ ခရီးသွားရင်း မိတ်ဆွေတစ်ယောက် ရရှိသဖြင့် စိတ်သဘောထား ပြောင်းလဲသွားနိုင်သည်ဟု တွေးတောကာ ကန့်ကွက်စကား မပြောတော့ချေ။

မကြာပါချေ။

မှာကြားထားသော စားသောက်ဖွယ်ရာများ ရောက်ရှိလာသဖြင့် အားရပါးရ စားသောက်လိုက်ကြလေသည်။

သူတို့စားသောက်နေစဉ် ဆိုင်ထဲသို့ လူသုံးယောက် လှမ်းဝင်လာကြလေသည်။

ထိုလူသုံးယောက်အနက် တစ်ယောက်မှာ အဝါရောင် အဝတ်အစား ဝတ်ဆင်ထားသည့် ခေါင်းတုံးကြီး တစ်ယောက်ဖြစ်၏။

ထိုလူ၏ဘေးမှလူကား ပိန်ပိန်ရှည်ရှည်ရှိသူဖြစ်သည်။

ပါးစပ်၌ ဆေးတံတစ်ချောင်း ဟန်ပါပါကိုက်ရင်း လှမ်းဝင်လာသည်။

တတိယမြောက် လူမှာမူ အသက် သုံးဆယ်ကျော်ခန့်ရှိ လူငယ်တစ်ယောက်ဖြစ်လေသည်။

အရောင်တဖိတ်ဖိတ် တောက်ပနေသည့် ငွေရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ခါး၌ ဓားတစ်လက် ချိတ်ဆွဲထားလေသည်။

* * *

ထိုလူသုံးယောက် ဝင်လာသည်ကိုမြင်လျှင်၊ ဆိုင်လုလင်များ ပြာပြာသလဲ့ ဧရိးဦးကြိုပြုကြလေသည်။

စားသောက်နေသူအချို့သည် ထိုလူသုံးယောက်ကိုမြင်လျှင် စားသောက်ကျသင့်ငွေ ပေးချေကာ ဆိုင်ထဲမှ ကမန်းကတန်း ထွက်သွားကြ၏။

ထိုလူသုံးယောက်က စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ ထိုင်လိုက်ကြ၏။



ထို့နောက် အရက်တစ်အိုးသာ မှာကြားလိုက်ကြလေသည်။

ဆိုင်လုလင်ကလည်း အရက်တစ်အိုးယူကာ ချပေးလိုက်လေသည်။

ထိုလူသုံးယောက်က ဆိုင်အတွင်း ရှိနေသူများကို လုံးဝအရေးမစိုက်ဘဲ တစ်ယောက်တစ်လှည့်စီ အရက်ငှဲ့ကာ သောက်နေကြ၏။

ထိုလူသုံးယောက်အား လုထင်း သတိပြုမိသွား၏။

'ဒီလူတွေနဲ့ ပုံပန်းကဏ္ဍာန်ကြည့်ရတာ ထိပ်တန်း သိုင်းသမားတွေပဲ ဖြစ်ရမယ်'

ဟု ရင်ထဲက ကျိတ်၍ မှတ်ချက်ချမိသွား၏။

ထိုစဉ် သူ၏ဘေး၌ ထိုင်နေသည့် ဝမ်းတုထံမှ တီးတိုးစကားသံတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

'လုထင်း မင်းဒီမှာ ခဏနေခဲ့ဦး၊ ဦးလေး ပစ္စည်းတစ်ခု မေ့ကျန်ခဲ့လို့ သွားယူလိုက်ဦးမယ်'

စကားဆုံးလျှင် ထိုင်ရာမှထကာ ဆိုင်အပြင်ဘက်သို့ ခပ်သုတ်သုတ် ထွက်သွားသည်။

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

ထိုစဉ်....

အရက်သောက်နေသူ သုံးယောက်လည်း ထိုင်ရာမှထကာ ဆိုင်အပြင်ဘက်သို့ ခပ်သွက်သွက်ထွက်သွားကြသည်ကို တွေ့မြင်လိုက်ရသည်။

လှထင်းရင်ထဲ စိုးရိမ်ပူပန်လာသည်။

* * *

'ဟိုလူတွေက ဦးလေးတုနောက်ကို လိုက်သွားကြတာများလား'

သူတွေးတောနေစဉ်....

'ခင်ဗျားရဲ့ဦးလေးမှာ ဘာများ အရေးကြီးတဲ့ကိစ္စ ပေါ်လာလို့လဲဗျ'

စုအိမ်း၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လှထင်း စိတ်ပျက်သွား၏။

'ဘာမှမဟုတ်ပါဘူးဗျာ'

ဟု ပြီးစလွယ် အဖြေပေးလိုက်သည်။

သို့သော်....

စုအိမ်းက ကျေနပ်ဟန် မတူပါချေ။



'ဟိုလူတွေကကော ဘယ်လိုလဲ၊ ဆိုင်ထဲဝင်လာပြီး ဘာမှမစားဘူး၊ အရက်ပဲသောက်ကြတာ၊ ပြီးတော့ အရက်ဖိုးလဲမပေးဘဲ ထွက်သွားကြတယ်၊ ခင်ဗျားဦးလေးနောက်ကို လိုက်သွားကြတာများလား'

ထိုစကားကြောင့် လှထင်း ပို၍ စိတ်ပူသွားသည်။

စုအိမ်းဘက်လှည့်ကာ....

'အခုလို ကျွေးမွေးဧည့်ခံတာ ကျေးဇူးပါပဲဗျာ၊ ကျုပ်ဦးလေးက ပစ္စည်းတစ်ခု မေ့ကျန်ခဲ့လို့ သွားပြီးရှာနေတယ်၊ ကျုပ်လိုက်သွားပြီး ဝိုင်းကူရှာပေးလိုက်ဦးမယ်'

စကားဆုံးလျှင် ထိုင်ရာမှထကာ ဆိုင်အပြင်ဘက်သို့ ထွက်သွားလေသည်။

စားသောက်လက်စ တန်းလန်း ဝမ်းတု ထွက်သွားသဖြင့် စိုးရိမ်ပူပန်နေမိပြီ မဟုတ်ပါလား။

ဆိုင်အပြင်ဘက်သို့ ရောက်သွားလျှင် ခပ်လှမ်းလှမ်း၌ ဝမ်းတုခပ်သုတ်သုတ်လျှောက်သွားနေပြီး လူသုံးယောက်က သူ့နောက်သို့ လိုက်သွားနေကြသည်ကို တွေ့လိုက်ရ၏။

လှထင်း လိုက်သွားရန် ခြေလှမ်းပြင်လိုက်၏။

ထိုစဉ်....

အနောက်ဘက်မှ ခြေသံများ ထွက်ပေါ်လာသဖြင့် ကြည့်လိုက်ရာ စုအိမ်း ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရသည်။

လှထင်း မျက်မှောင်ကုတ်သွားသည်။

စုအိမ်းက သူ့အား ပြုံးပြရင်း....

'ကျုပ်တို့ မိတ်ဆွေတွေ မဟုတ်လား၊ ခင်ဗျားမှာ အခက်အခဲ တစ်ခုခုရှိနေပြီဆိုတာ ကျုပ်သိတယ်၊ ဒါကြောင့် ကျုပ်လဲ လိုက်ခဲ့မယ်လေဗျာ'

ဟု ပြောလာသည်။

လထင်း မကျေမနပ် ဖြစ်သွား၏။

ထိုအချိန်တွင် ဝမ်းတုမှာ မြင်ကွင်းမှ ကွယ်ပျောက်သွားတော့မည် ဖြစ်ရာ မတတ်သာတော့ဘဲ ပြေးလိုက်သွားရ၏။

စုအိမ်းကလည်း ထက်ကြပ်မကွာ ပြေးလိုက်လာလေတော့သည်။

ရတနာမှဆိုး

---

ဝဲယာ တစ်ဖက်တစ်ချက်တွင် သူနေအိမ်ခြေ တဖြည်းဖြည်း ကျဲပါးသွား၏။

သစ်ပင်များ ပို၍ပို၍ ထူထပ်လာသည်။

မြို့ပြင်သို့ ရောက်မှန်းမသိ ရောက်၍ လာပြီ ဖြစ် ကြောင်း လထင်း ဆင်ခြင်မိသည်။

သို့တိုင်....

ရှေ့မှလူရိပ်များက ပြေးလွှားသွားနေဆဲ....။

ဝမ်းတုသည် လူစည်ကားသော မြို့လယ်တွင် ခပ်သုတ်သုတ် လျှောက်သွားသော်လည်း မြို့စွန်သို့ ရောက်လာသည်နှင့် လျင်မြန်စွာ ပြေးလွှားသွားသည် မဟုတ်ပါလား။

နောက်မှ လိုက်သူသုံးယောက်ကလည်း ပြေးလွှားလိုက်ပါ သွားကြသည်။

သို့ဖြစ်ရာ လုထင်းလည်း ကိုယ်ဖော့ပညာအသုံးပြုကာ ပြေး လိုက်သွားရသည်။

ဝမ်းတုအတွက် စိတ်ပူနေသဖြင့် စုအိမ်းကိုပင် သတိမပြု မိချေ။

လျင်မြန်စွာ ပြေးလာခဲ့ခြင်းကြောင့် စုအိမ်းမလိုက်နိုင်တော့ ဘဲ ကျန်ရစ်ခဲ့ပြီဟု လုထင်း ထင်မှတ်မိလေသည်။

'ကျုပ်ပြောသားပဲ၊ ဟိုသုံးယောက်ဟာ ခင်ဗျားဦးလေးကို ခုတ္တပေးဖို့ လိုက်သွားကြတာပါလို့'

ရုတ်တရက် နံဘေးမှကပ်လိုက် ထွက်ပေါ်လာသည့် စကား သံကြောင့် လုထင်း ရင်ထိတ်သွားပြီ ဝဲဘက်သို့ စောင်း၍ ကြည့်လိုက်လျှင် မလှမ်းမကမ်း၌ စုအိမ်းက သူနှင့်ပခုံးချင်းယှဉ် ကာ ပြေးလိုက်လာသည်ကို တွေ့မြင်ရလေသည်။

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

'ခင်....ခင်ဗျား လိုက်လာတယ် ဟုတ်လား'



'ဟုတ်တယ်လေ'

'ဘာဖြစ်လို့ လိုက်လာတာလဲ'

'ခင်ဗျားကို ကူညီနိုင်မလားလို့ပါဗျာ'

လုထင်း ပါးစပ်ပိတ်ထားလိုက်ရလေသည်။

* * *

မြို့ပြင်တွင် စိမ်းလန်းသောတောအုပ်များ ဖုံးလွှမ်းလျက် ရှိပါ၏။

ဝမ်းတုနှင့် နောက်မှလိုက်သွားသူ သုံးယောက်မှာ တစ်ခု သောတောအုပ်အတွင်း ဝင်ရောက် ကွယ်ပျောက်သွားကြလေ သည်။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ကွယ်ပျောက် သွားပြီ ဖြစ်၏။

နေရောင်ခြည် ကွယ်ပျောက်သည်နှင့် အမှောင်ထုအစား ထိုး ဝင် ရောက်လာလေပြီဖြစ်သည်။

တောအုပ်အတွင်းဝယ် အမှောင်ရိပ်များ ကြီးစိုးနေ၏။

ဝမ်းတုကိုလည်းကောင်း၊ လိုက်သွားသူ သုံးယောက်ကိုလည်းကောင်း မတွေ့မမြင်ရပါတော့ချေ။ ထို့ကြောင့် လုထင်းခြေလှမ်းရပ်လိုက်ရလေသည်။

ဘေးချင်းယှဉ်ကာ လိုက်လာသည့်စုအိမ်ကလည်း ခြေလှမ်းရပ်လိုက်ပြီး....

'သူတို့ သည်တောအုပ်ထဲမှာပဲ ရှိလိမ့်မယ်ဗျ'

ဟု ပြောလာ၏။

တောအုပ်ထဲသို့ ပြေးဝင်သွားသည်ကို တွေ့မြင်ထားပြီးဖြစ်ရာ တောအုပ်ထဲ၌ ရှိရမည်ကို လုထင်း သိထားပြီး ဖြစ်လေ၏။

ထို့ကြောင့် ဘာမှပြန်မပြောဘဲ နေလိုက်သည်။

စုအိမ်က....

'ခင်ဗျားဦးလေးက သူတို့ကို မျှားခေါ်လာတာ အကြောင်းရှိလိမ့်မယ်ဗျ'

'အာ...ကျုပ်ဦးလေးက မျှားခေါ်လာတာ ဟုတ်လား'

'ဟုတ်ကယ်လေ၊ မျှားခေါ်လာတာမဟုတ်ရင် စားသောက်ဆိုင်မှာတင် ပြောလို့ဆိုလို့ရနေတာပဲ'

လုထင်း ပါးစပ်ပိတ်ထားလိုက်ရပြန်သည်။

စုအိမ်က ဆက်ပြောသည်။

'တိုက်ပွဲတစ်ခုတော့ သေချာပေါက်တွေ့ရမှာပဲ'

'အာ....

'သူတို့ကိုကြည့်ရတာ အေးအေးဆေးဆေး ပြေရှင်းကြမယ့်ပုံ မရှိဘူး'

'တော်စမ်းပါဗျာ'



လုထင်း ဆက်၍နားမထောင်လိုတော့သဖြင့် တောအုပ်အတွင်းဝယ် မျက်စိကိုဖွင့် နားကိုစွင့်ကာ ရှာဖွေလိုက်လေသည်။

သစ်ပင်များကြားမှ အတန်ကြာ ကွေ့ပတ်လျှောက်သွားပြီးသောအခါ ခပ်လှမ်းလှမ်းတစ်နေရာမှ ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လုထင်း ရင်ထိတ်သွားသည်။

ချက်ချင်းပင် ရယ်မောသံများ ထွက်ပေါ်လာရာဘက်ဆီသို့ ဦးတည်ကာ ပြေးသွားလေသည်။

အတန်ကြာ ကွေ့ပတ်သွားပြီးလျှင် အရှေ့ဘက်တောအုပ်အတွင်း၌ မြေကွက်လပ်တစ်ခု ရှိနေသည်ကို တွေ့ရသည်။

မြေကွက်လပ်တွင် လူသုံးယောက်၏ ဝိုင်းရံထားခြင်း ခံနေရသော ဝမ်းတုကို တွေ့မြင်လိုက်ရလေသည်။

* * *

လုထင်း စိုးရိမ်ပူပန်သွားပြီး ပြေးသွားရန် ဟန်ပြင်လိုက်စဉ် ထက်ကြပ်မကွာ လိုက်လာသည့် စုအိမ်က သူ၏လက်ကို ဆွဲထားလိုက်၏။

'နေဦး....သူတို့ ဘာကြောင့် ဒီနေရာမှာလာပြီး စာရှင်းရှင်းကြရတယ်ဆိုတာ နားထောင်ကြည့်ရအောင်'

ဟု ပြောလေသည်။

လုဘင်း၏ခြေလှမ်း တုံ့ခနဲ ရပ်သွားသည်။

ဝမ်းတုနှင့် ထိုလူသုံးယောက် မည်သို့မည်ပုံ ပတ်သက်နေသည်ကို သိလိုစိတ်များ ပေါ်ပေါက်လာ၏။

ထို့ကြောင့် စုအိမ်း၏စကားကို သဘောတူကာ နှစ်ယောက်သား သင်ပင်များ နောက်ကွယ်မှ ချောင်းကြည့်လိုက်ကြလေသည်။

ဝမ်းတုအား လူသုံးယောက်က ဝိုင်းရံထားကြပါ၏။

ထိုလူသုံးယောက်က သဘောကျစွာဖြင့် ဟားတိုက်ရယ်မောနေကြသည်။

'ဟား....ဟား....ဟား....'

ဝမ်းတုက ထိုလူသုံးယောက်ကို မျက်မှောင်ကုတ်ကာ အံ့ခတ်ကြည့်နေ၏။

ထိုလူသုံးယောက်သည် အတန်ကြာ ရယ်မောလိုက်ကြပြီးမှ ခေါင်းတုံးကြီးက လက်ဝါးဖြန့်ရင်း....

'ဘယ်မလဲ ပေးစမ်း'

ဟု ခပ်ထန်ထန်ပြောလိုက်သည်။

ဝမ်းတုက မဲ့ပြုံးပြုံးကာ....

'ဘာပေးရမှာလဲ'



'ခင်ဗျား မသိချင်ဟန် ဆောင်မနေနဲ့၊ ခင်ဗျားဆီမှာ ရွှေစင်ပိဿာတစ်ရာနဲ့ တန်ဖိုးညီတဲ့ ရတနာပစ္စည်း ရှိတယ်ဆိုတာ ကျုပ်တို့သိတယ်....

အေးအေးဆေးဆေးပေးရင် ကောင်းမယ်၊ ဒါမှမဟုတ်ရင်တော့....

စကားဆုံးအောင် မပြောဘဲ ဝမ်းတုအား အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည်။

* * *

ဝမ်းတုက....

'ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘယ်သူက လွှတ်လိုက်တာလဲ'

ဟု ပြန်မေးလိုက်၏။

ခေါင်းတုံးကြီးကပင်....

'ဘယ်သူက လွှတ်လိုက်တယ်ဆိုတာ ပြောဖို့မလိုပါဘူး.... ကျုပ် ဘယ်သူဘယ်ဝါဆိုတာ သိချင်ရင်တော့ ပြောပြမယ်။ ကဲ....မှတ်ထား၊ ကျုပ်ကို ကြေးခေါင်းကြီးလို့ ခေါ်ကြတယ်

သူတို့ပြောစကားများကို စုအိမ်းနှင့် လုထင်းတို့ ပီပီသသ ကြားနေရသည်။

ကြေးခေါင်းကြီး ဟူသောအမည်ကို ကြားရသည့်အခါ လုထင်းမှာ ထူးဆန်းသည်ဟု ထင်နေမိသော်လည်း ထိုလူ မည်သူ မည်ဝါဖြစ်ကြောင်း မသိချေ။

ထိုစဉ်....

စုအိမ်းက လေသံတိုးတိုးဖြင့်....

'ကြေးခေါင်းကြီးဆိုတာ သိုင်းလောကမှာ ကျော်ကြားတဲ့ သိုင်းသမားတစ်ယောက်ပဲ၊ ရှောင်လင်ကျောင်းက ထိပ်တန်း သိုင်းပညာတွေ သင်ယူခဲ့သူပေါ့၊ နောက်ပိုင်း အကျင့်စာရိတ္တ မကောင်းလို့ နှင်ထုတ်ခြင်းခံရတယ်၊ ရှောင်လင်ကျောင်းက ထွက်ပြီး သိုင်းလောကမှာ ကျက်စားနေတာ ကြာပြီ။ လူကောင်းလို့ မဆိုနိုင်သလို လူဆိုးသတ်မှတ်လို့လဲ မရပြန်ဘူး....။ ကိုယ်ထင်ရာ ကိုယ်လုပ်မယ်ဆိုတဲ့ လူစားမျိုးထဲကပေါ့'

ဟု ရှင်းပြလေသည်။

ထိုစကားကိုကြားလျှင် လုထင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

စုအိမ်းကိုလည်း တအံ့တဩ လှည့်ကြည့်မိ၏။

* * *



စုအိမ်းက သူ့ကိုမကြည့်ဘဲ မြေကွက်လပ်၌ ရပ်နေသူများကို ကြည့်ကာ ဆက်၍ရှင်းပြနေသည်။

'ဒီလူက ကြေးခေါင်းကြီးဆိုရင် ဆေးတံကိုက်ထားတဲ့လူက ကြေးဆေးတံ ဖြစ်လိမ့်မယ်။ သူကလဲ မခေဘူး၊ ကြေးဆေးတံ တစ်လက်နဲ့ သိုင်းသမား တစ်ရာကျော် နိုင်ခဲ့တယ်လို့ သတင်းထွက်နေတယ်'

'ဟိုဘက်ကလူကကော'

လုထင်း မနေနိုင်ဘဲ မေးမိသည်။

စုအိမ်းက....

'သူကတော့ ကြေးစားဖြစ်မှာပေါ့'

'သူတို့သုံးယောက်က ဘာကြောင့် ကျုပ်ဦးလေးကို ရန်ရှာကြတာလဲ'

'ဒါတော့ ခင်ဗျားလေးပဲ သိမှာပေါ့၊ အဲ....တစ်ခုတော့ ရှိတယ်၊ ကျုပ်တို့ ငြိမ်ငြိမ်ကလေး နားထောင်နေကြမယ်ဆိုရင်လဲ သိနိုင်တယ်၊ သူတို့သုံးယောက်မှာ ကြေးစားက ကြောက်စရာ အကောင်းဆုံးလို့ ပြောကြတယ်၊ သူတို့ဟာ သိုင်းလောကထဲကို တကွဲတပြားစီ ရောက်ရကြပေမယ့် သုံးယောက်ပေါင်းမိတော့ တော်ရုံတန်ရုံလူ ရင်မဆိုင်ဝံ့ဘဲ ခပ်ဝေးဝေးက ရှောင်ကြတယ်လို့ သတင်းကြီးနေတာပဲ'

လုထင်းက ရှေ့သို့လှမ်းထွက်ရန် ခြေလှမ်းပြင်လိုက်သည်။

'နေဦး'

စုအိမ်းက ဟန့်တားလိုက်၏။

လုထင်း လှည့်ကြည့်သောအခါ....

'ခင်ဗျားဦးလေးက သူတို့ကိုကြောက်ရင် ဒီကို မျှားခေါ်လာပါ့မလား၊ စဉ်းစားကြည့်ပါ'

လုသင်း ခြေလှမ်းရပ်တန့်သွားတော့၏။

စုအိမ်းက....

'အကောင်းဆုံးကတော့ ငြိမ်ငြိမ်ကလေး နားထောင်နေဖို့ပဲ၊ အခြေအနေမဟန်မှ ဝင်ကူကြတာပေါ့၊ မကောင်းဘူးလား'

လထင်းက ဘာမှမပြောဘဲ မြေကွက်လပ်ဆီသို့ လှမ်းကြည့်လိုက်၏။

* * *

မြေကွက်လပ်၌ အခြေအနေတင်းမာလာပြီဖြစ်ကြောင်း တွေ့မြင်ရလေသည်။

ကြေးခေါင်းတုံးက ....

'အခြေအနေကို ခင်ဗျား နားလည်မှာပါဗျာ၊ အေးအေးဆေးဆေးထုတ်ပေးရင် ကောင်းလိမ့်မယ်'

ဝမ်းတုက....

'ဘာကို ပေးရမှာလဲ'



'ခင်ဗျား မသိချင်ဟန် ဆောင်မနေပါနဲ့ဗျာ'

'ခင်ဗျားတို့ကို ယန့်အင်းစိမ်းက လွှတ်လိုက်တာလား'

'ဒါ ခင်ဗျားနဲ့ မဆိုင်ဘူး'

ဝမ်းတု ရယ်မောလိုက်လေသည်။

'ဟား.... ဟား.... ဟား ခင်ဗျားတို့မပြောလဲ ယန့်အင်းစိမ်းလက်ချက်ဆိုတာ ကျုပ်သိပါတယ်ဗျာ၊ ကောင်းပြီ၊ ခင်ဗျားတို့သုံးယောက်ကို ဆုံးမပြီးမှ ယန့်အင်းစိမ်းနဲ့ သွားပြီး စာရင်းရှင်းရဦးမှာပေါ့'

ထိုစကား ကြားသည်နှင့် ကြေးခေါင်းတုံးက...

'သေပေတော့'

အော်ငေါက်ကာ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ဝမ်းတုလည်း လက်နှစ်ဖက် ဝှေ့ယမ်းကာ ပြန်လည် တိုက်ခိုက်လိုက်၏။

တိုက်ပွဲဖြစ်ပွားလာလျှင် ကြေးဆေးတံနှင့် ကြေးစားတို့လည်း လက်နက်ကိုယ်စီ ဆွဲကိုင်ကာ ဝိုင်းရံတိုက်ခိုက်လိုက်ကြ၏။

သုံးယောက်သား ဝိုင်းရံတိုက်ခိုက်လိုက်သော်လည်း ဝမ်းတုက ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိဘဲ ပြန်လည်တိုက်ခိုက်နေ၏။

စုအိမ်းက....

'ခင်ဗျားဦးလေးက ဘယ်ဆိုးလို့တုန်း၊ ကြေး သုံး ဖော် ကိုတောင် မကြောက်ဘူးနော်'

လုထင်း ရင်ကော့လိုက်သည်။

'ကျုပ်ဦးလေးက ဘယ်သူ့ကိုမှ မကြောက်ဘူးဗျ'

'တယ်ဟုတ်ပါလား'

'တကယ်ပြောတာဗျ၊ ကျုပ်ဦးလေးကို ရန်ပြုလာသူတွေသာ ရှုံးနိမ့်သွားကြရစမြဲပဲ၊ ခင်ဗျားကြည့်နေ၊ သူတို့ကို ကျုပ်ဦးလေး ဆုံးမပြလိမ့်မယ်'

လူထင်း၏ စကားသံနှင့် မရှေးမနှောင်းမှာပင် ....

'အား....'

စူးရှသော အော်ဟစ်သံတစ်ချက် ပေါ်ထွက်လာပြီး ကြေးခေါင်းတုံး နောက်ဆုတ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ကြေးခေါင်းတုံး၏ လက်တစ်ဖက် တွဲလောင်းကျနေ၏။

သူ၏မျက်နှာ ညိုပုပ်ပုပ်ဖြစ်နေလေသည်။

ကြေးဆေးတံနှင့် ကြေးစားတို့လည်း ချက်ချင်းနောက်ဆုတ်ကြ၏။

ကြေးခေါင်းတုံးက....

'ခင်ဗျား လူယုတ်မာပဲ၊ ဘာကြောင့် အဆိပ်သုံးတာလဲ'

ဟု အော်ပြောလိုက်လေသည်။

ဝမ်းတုရယ်မောလိုက်သည်။

* * *



'ကျုပ် အဆိပ်သုံးတယ် ဟုတ်လား၊ မင်းတို့ကကော ဘာကြောင့် သုံးယောက်ပေါင်းပြီး တိုက်ခိုက်ကြတာလဲ'

'မင်းလို ခားပြတစ်ယောက်ကို သိုင်းလောက စည်းကမ်း စောင့်စရာ လိုဦးမှာလား'

'မင်းတို့ကကော သူခိုးလက်က သူဝှက်လုဖို့ ကြိုးစားကြတယ် မဟုတ်လား'

ကြေးခေါင်းတုံး အံ့တင်းတင်းကျိတ်ကာ....

'သေပေတော့'

အော်ငေါက်ရင်း ပြေးဝင်တိုက်ခိုက်လိုက်၏။

ဝမ်းတုက လက်ဝှေ့ယမ်းလိုက်လေသည်။

ကြေးခေါင်းတုံးမှာ ရှေ့သို့ သုံးလေးလှမ်းမျှ ပြေးသွားပြီးလျှင်....

'အား....'

စူးရှစွာ တစ်ချက်အော်လိုက်ပြီး မြေပေါ် ဘိုင်းခနဲ လဲကျသွားလေ၏။

ကြေးဆေးတံနှင့် ကြေးစားတို့ မျက်နှာပျက်သွားကြ၏။

ကြေးဆေးတံက....

'တောက်.... သေဖို့သာ ပြင်ထား'

ဒေါသတကြီး အော်ငေါက်ကာ ဆေးတံဖြင့် ဝင်၍ တိုက်ခိုက်လိုက်၏။

သို့သော် ဝမ်းတုလက်ဝေ့ယမ်းလိုက်လျှင်....

'အား....'

စူးရှစွာ အော်ဟစ်လိုက်ပြီး မြေပေါ်သို့ ဘိုင်းခနဲ လဲကျသွားလေသည်။

ကြေးခေါင်းတုံးနှင့် ကြေးဆေးတံတို့ကား မြေပေါ် မလှုပ်မယှက် လဲကျနေကြပြီဖြစ်လေသည်။

*　*　*

ကြေးစားမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ဝမ်းတုအား ထိတ်လန့်တုန်လှုပ်စွာ ကြည့်ကာ နောက်ဆုတ်သွားလေသည်။

ဝမ်းတုက....

'မင်း သွားတော့မလို့လား'

ဟု မေးလိုက်၏။

ကြေးစား ခြေလှမ်း တုံ့ခနဲ ရပ်သွား၏။

ဝမ်းတုကို ကြည့်ရင်း....

'ခင်.... ခင်ဗျာ....'

'ယန့်အင်းစိမ်း ဘယ်မှာလဲ'

'သူ....သူ ထိပ်တန်းရတနာဆိုင်မှာ ရှိပါတယ်'

'သူက မင်းတို့ကို ခိုင်းလိုက်တာ မဟုတ်လား'



ကြေးစား မတတ်သာတော့ပဲ ဝန်ခံလိုက်ရလေသည်။

'ဟုတ်....ဟုတ်ပါတယ်ဗျာ'

ဝမ်းတု အနည်းငယ်စဉ်းစားလိုက်ပြီး....

'မင်းတို့သုံးယောက်ပဲလား'

'ဗျာ....'

'သူက တခြားလူတွေဆီမှာကော အကူအညီတောင်းထားသေးသလား'

'ဒါ....ဒါတော့ ကျုပ်မသိပါဘူးဗျာ'

'မင်း မလိမ်နဲ့'

စကားဆုံးလျှင် ဝမ်းတုက ရှေ့ကို လျှပ်တစ်ပြက်ခုန်ထွက်လာလေသည်။

သို့သော်....

ဝမ်းတုက လှုပ်ခနဲ ရှောင်ပေးလိုက်ပြီး ကြေးစား၏ လက်ကို လိမ်ချိုးကာ ဓားကို လုယူလိုက်လေသည်။

'အား....'

ကြေးစားမျက်နှာ ရှုံ့မဲ့သွား၏။

သူ၏လက်ထဲမှဓားလည်း ဝမ်းတု၏ လက်ထဲသို့ ရောက်ရှိသွားလေသည်။

ဝမ်းတုက ဓားဖြင့် ကြေးစား၏ရင်ဝကို သေသတ်ယင်း....

'ပြောစမ်း....ယန်းအင်းစိမ်းက ဘယ်သူတွေကို ခေါ်ထားသေးသလဲ'

'ကျုပ်....ကျုပ် မသိပါဘူးဗျာ'

'မင်း သေချင်ပြီထင်တယ်'

ဝမ်းတုက လက်ကိုအနည်းငယ်လှုပ်လိုက်လျှင် ကြေးစား၏ ရင်ဝမှ သွေးများစီးကျလာလေသည်။

ကြေးစား၏ မျက်နှာရှုံ့မဲ့သွားပြီး အထိတ်တလန့်အော်လိုက်၏။

ဝမ်းတုက....

'ပြောစမ်း'

ကြေးစား မနေနိုင်ပါတော့ချေ။

'သူ....သူက ရှိ့ကျားကို ခေါ်ထားပါသေးတယ်'

'ရှိ့ကျား ဟုတ်လား၊ လင်းတ ရှိ့ကျားလား'

'ဟုတ်....ဟုတ်ပါတယ်'

ဝမ်းတု ရယ်မောလိုက်လေသည်။

'ကောင်းကွာ၊ ယန်းအင်းစိမ်းက ငွေရှာဖို့တော့ စိတ်မကူးဘူး၊ အချောင်ယူဖို့ လူတော့ရှာတတ်တယ်။ သိကြသေးတာပေါ့'

စကားဆုံးလျှင် လက်တစ်ဖက်လှုပ်ယမ်းလိုက်၏။

သူ၏လက်ထဲမှဓားကား ကြေးစား၏ ရင်ဝတွင် စိုက်ဝင်သွားလေသည်။

'အား....'

ကြေးစား လွှတ်ခနဲ အော်လိုက်၏။

ထို့နောက် မြေပေါ် တအိအိပြိုလဲကျသွားလေသည်။

ဝမ်းတု၏လက်ထဲမှဓားကား သူ၏ရင်ဝ၌ စိုက်ဝင်နေပြီ မဟုတ်ပါလား။

ဝမ်းတုက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်၏။



ပြီးလျှင် တောအုပ်အတွင်းမှ ပြေးထွက် သွားလေတော့သည်။

လုထင်းနှင့် စုအိမ်းတို့ကြည့်နေစဉ်မှာပင် တောအုပ် အပြင်ဘက်သို့ ရောက်ရှိသွားကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

## အိမ်အပြန်

ဝမ်းတု ပျောက်ကွယ်သွားပြီဖြစ်သည်။

ထိုအခါမှ လုထင်းနှင့်စုအိမ်းတို့ သစ်ပင်နောက်ကွယ်မှထွက်လာကြလေသည်။

စုအိမ်းက မြေပေါ်၌လဲကျနေသည့်ကြေးစားတို့သုံးယောက်ကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး ....

'ခင်ဗျား မဆိုးဘူး၊ ခင်ဗျားဦးလေးက သူတို့ကို ကြောက်လှစရာ မလိုဘူးလို့ပြောတာ မှန်နေပြီ'

ဟု ပြောလာသည်။

လုထင်း သက်ပြင်းချလိုက်သည်။

ဝမ်းတုက ဤမျှ ရက်ရက်စက်စက် တိုက်ခိုက်လိမ့်မည်ဟု မထင်ခဲ့မိပါချေ။



ဝမ်းတုမှာ လွန်စွာ ရက်စက်ကြမ်းကြုတ်သူ ဖြစ်သည်ဟု ထင်မှတ်နေမိ၏။

ဝမ်းတုအား သူက ရှိသေလေးစားသည်။

ဝမ်းတုမှာ ပျော်ပျော်ရွှင်ရွှင်နေပြီး လွန်စွာသဘောကောင်းသူ ဖြစ်သည်ဟု ယုံကြည်ထား၏။

အခုတော့....

ဝမ်းတု၏ လုပ်ရပ်သည် လက်ခံနိုင်စရာ တစ်စက်ကလေးမျှ မရှိဟု ယူဆမိသည် မဟုတ်ပါလား။

• • •

စုအိမ်းက....

'သူတို့က ခင်ဗျားဦးလေးကို ခေးပြလို့ ပြောသွားကြပါလားဗျ'

'ဘာ'

လုထင်း၏ စကားသံက ဟိန်းထွက်လာသည်။

စုအိမ်း မျက်မှောင်ကုတ်သွားသည်၊

လုထင်းကို အကဲခတ်ကြည့်လိုက်ပြီး....

'သူတို့ ပြောသွားတာပဲ၊ ခင်ဗျား မကြားဘူးလား'

'သူတို့ အဲဒီလိုပြောသွားလို့ ကျုပ်ဦးလေး ဒေါ်သွပြီး ကြမ်းကြမ်း တမ်းတမ်း တိုက်ခိုက်ခဲ့တာပဲ ဖြစ်မှာပေါ့'

'ဘာဆိုင်လို့လဲ'

'ဘာဗျ'

'ခင်ဗျားဦးလေးက သူတို့ကို တမင် ရှင်းပစ် လိုက်တာဗျ၊ ကျုပ်စိတ်ထင် ပြောရရင် ယန်းအင်းစိမ်းဆိုတဲ့ လူကိုလဲ သွားပြီး ဒုက္ခပေးဦးမယ် ထင်တယ်'

'ဘာ'

'ဘာလဲ ခင်ဗျား မယုံဘူးလား၊ မယုံရင် လိုက်သွားကြည့်ပါလား'

'ခင်ဗျားက အထင်သေးလှချည်လား'

'ကျုပ် တကယ်ပြောတာဗျ၊ ဒါထက် ကြေးစားက လင်းတရို့ကျားလို့ ပြောသွားတာ ကြားတယ် မဟုတ်လား'

'ကြားသားပဲ'

ထိုစကားကြားလျှင် လုထင်းမှာ ဝမ်းတုအတွက် စိတ်ပူသွားလေသည်။

* * *



ဝမ်းတု၏ ပြောစကားများအရ ယန်းအင်းစိမ်းနှင့် သွားရောက် တွေ့ဆုံမည်ဖြစ်ကြောင်း ထင်ရှားပေသည်။

'ကျုပ်လိုက်သွားမှ ဖြစ်မယ်'

ပြောပြီး လုထင်းက ထွက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

ထိုစဉ်....

စုအိမ်း၏ စကားသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

'ဟင်....ကြည့်စမ်း ကြောက်စရာကောင်းလိုက်တာ။ ခင်ဗျားဦးလေးက အဆိပ် အသုံးပြုသွားတာပဲ'

လုထင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

စုအိမ်းဘက်သို့ လှည့်ကြည့်လိုက်၏။

ထိုအခါ....

စုအိမ်းမှာ မြေပေါ်၌ လဲကျနေသည့် ကြေးစားတို့ သုံးယောက်အား အထိတ်တလန့် ကြည့်နေသည်ကို တွေ့မြင်ရလေသည်။

လုထင်း လှမ်းကြည့်လိုက်လျှင်....

'ဟင်....'

အထိတ်တလန့် ရေရွတ်မိ၏။

အကြောင်းကား....

မြေပေါ်၌ လဲကျနေသည့် ကြေးစား၊ ကြေးဆေးတံနှင့် ကြေးခေါင်းတုံးတို့၏ အသားအရေများမှာ မည်းနက်ပြောင်နေသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလား။

* * *

စုအိမ်းက....

'တောက်တောက်ပြောင်းထန်တဲ့ အဆိပ်ပဲ'

မှတ်ချက်ချရင်း လုထင်းကို ကြည့်လိုက်လေသည်။

လုထင်း မျက်နှာပျက်သွားသည်။

ကမျာကယာ လက်ကာပြရင်း....

'ကျုပ်က အဆိပ်အသုံးမပြုဘူးဗျ'

ဟု ပြောလိုက်လေသည်။

စုအိမ်းက....

'ခင်ဗျားဦးလေးကတော့ အဆိပ် အသုံးပြုသွားတာ ထင်ရှားနေသားပဲ'

'ဒါ... ဒါက...'



'အဆိပ် အသုံးပြုခဲ့တဲ့ လူတွေကို သိုင်းလောကသားတွေက မုန်းတီးစက်ဆုပ်ကြမယ်ဗျ၊ သိုင်းလောကသားကောင်း စာရင်းလဲ မသွင်းကြဘူး'

လုထင်း ခေါင်ငုံ့သွားသည်။

သို့သော် ဘာမှမပြောဘဲ ချာခနဲ လှည့်ထွက်ခဲ့လေသည်။

စုအိမ်း၏သက်ပြင်းချသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

နဂါးနှစ်ကောင် တည်းခိုခန်းသို့ လုထင်းပြန်ရောက်လာသည်အထိ စုအိမ်းလိုက်လာသည်ကို မတွေ့ရပါ။

လုထင်းမှာလည်း ဝမ်းတူအတွက် စိုးရိမ်ပူပန်နေခြင်းကြောင့် စုအိမ်းအား မေ့လျော့သွားလေတော့သည်။

* * *

နဂါးနှစ်ကောင် တည်းခိုခန်းသို့ လုထင်း ရောက်သွားချိန် ဝယ် ညမိုးချုပ်သွားလေပြီ ဖြစ်လေသည်။

အိမ်တိုင်းလိုလို မီးထွန်းညှိထားပြီးဖြစ်သလို နဂါးနှစ်ကောင် တည်းခိုခန်းမှာလည်း မီးရောင်များ ထိန်ထိန်လင်းအောင် ထွန်းညှိထားပြီး ဖြစ်လေသည်။

လုထင်းက လှမ်းဝင်သွားရန် ဟန်ပြင်နေစဉ် အတွင်းဘက်မှ လူတစ်ယောက် ခပ်သုတ်သုတ် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ ဝမ်းတုဖြစ်လေသည်။

ဝမ်းတုသည် လုထင်းအားမြင်လျှင် စိုးရိမ်ပူပန်သော လေသံဖြင့်....

'လုထင်း....မင်း ဘယ်တွေပျောက်သွားနေတာလဲ'

ဟု ဆီးကြို အပြစ်တင်လိုက်လေသည်။

လုထင်းက....

'ဦးလေးထွက်သွားလို့ ဘာများဖြစ်သလဲဆိုပြီး....'

'မင်း...မင်းငါ့နောက်ကလိုက်လာတယ် ဟုတ်လား'

'ကျွန်တော် မလိုက်ပါဘူး'

'ဒါဖြင့် ဘယ်တွေသွားနေတာလဲ'

'ကျွန်တော် ဆိုင်အပြင်ထွက်လိုက်တော့ ဦးလေးကိုမတွေ့တာနဲ့ ဟိုနားသည်နား လျှောက်သွားကြည့်နေမိတာပါ'

'ကဲ....လာ....လာ....မင်းကို ပြောစရာရှိတယ်'

လုထင်း၏လက်ဆွဲကာ ဆိုင်အတွင်းဘက်သို့ ဝင်သွားလေသည်။

လုထင်းလည်း ဘာမှမပြောတော့ဘဲ လိုက်သွား၏။

သူတို့ငှားရမ်းထားသော အခန်းအတွင်းသို့ရောက်လျှင် ဝမ်းတုက တံခါးကို အကျအနပိတ်ပြီးမှ....



'လုထင်း....မမျှော်လင့်ဘဲ ပြဿနာတော့ ပေါ်ပြီကွ၊ တို့ကျန်းနန်ကလာခဲ့တာ ပျော်စရာမကောင်းတော့ဘူး၊ ဒါကြောင့် မင်း အရင်ဆုံး အိမ်ပြန်ရလိမ့်မယ်'

'ဗျာ'

လုထင်း အံ့သြသွားလေသည်။

* * *

ဝမ်းတုကို နားမလည်နိုင်စွာကြည့်ရင်း....

'ကျွန်တော် အိမ်ပြန်ရမယ်ဟုတ်လား'

'ဟုတ်တယ်၊ မင်းအတွက် မြင်းလှည်းတစ်စီး ငှားပေးလိုက်မယ်၊ အိမ်ကိုပြန်သွားပါ၊ မင်းအမေမေးရင် မကြာခင် ငါပြန်လာခဲ့မယ်လို့ ပြောလိုက်၊ ဟုတ်ပြီလား'

'ဦးလေးက ကျွန်တော်နဲ့အတူတူ မပြန်ဘူးလား'

'ငါ့မှာ ကိစ္စလေးတွေရှိသေးတယ်၊ ဒါကြောင့် ဒီမှာနေခဲ့ဦးမယ်၊ ဒါပေမယ့် ဘာမှမပူပါနဲ့၊ မကြာခင် ငါပြန်လာမှာပါ'

'ကျွန်တော်တစ်ယောက်တည်း ပြန်လို့ ဘယ်ဖြစ်မလဲ၊ ဦးလေးတို့နဲ့အတူတူ နေလို့ မရဘူးလား'

'မရဘူး၊ မင်းပြန်ရလိမ့်မယ်၊ မင်းကိုပြန်ပို့ဖို့ မြင်းလှည်း တောင် ငှါးပြီးပြီ'

'ကျွန်တော် ဘယ်တော့သွားရမှာလဲ'

'အခု ညတွင်းချင်းသွားရမှာ'

လုထင်း စိတ်ပျက်သွားလေသည်။

ဝမ်းတုသည် အဘယ်ကြောင့် သူ့အား အရေးတကြီးပြန် လွှတ်နေရသည်ကို သူနားထားပါ၏။

ဝမ်းတုမှာ ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ကြုံတွေ့နေရပြီ မဟုတ် ပါလား။

မတော်တဆ မိမိဒုက္ခရောက်သွားမည်ကို စိုးရိမ်ကာ ပြန်လွှတ် နေခြင်း ဖြစ်လေသည်။

သူကလက်မခံလျှင် အတင်းအကျပ် ပြန်လွှတ်မည်သာ ဖြစ် သည်။

ဝမ်းတုသည် သူ၏စကား နားမထောင်သည်ကို သဘော ကျမည်မဟုတ်ချေ။

လုထင်း အနည်းငယ် စဉ်းစားလိုက်ပြီး....

'ကောင်းပြီ၊ ကျွန်တော်သွားမယ်'

ဝမ်းတု ကျေနပ်သွားလေသည်။

* * *



'ဒီလိုမှပေါ့၊ မကြာခင် မြင်းလှည်း ရောက်လာလိမ့်မယ်၊ သူက အိမ်အထိလိုက်ပို့မှာ မဟုတ်ဘူး၊ တောင်ဖြူ တောင်ခြေ ရင်းကိုရောက်ရင် မင်းပြန်တတ်တယ် မဟုတ်လား'

'ဟာ.... ဒီလောက်အထိတော့ မလိုပါဘူး ဦးလေးရယ်'

'မရှည်နဲ့၊ တောင်ဖြူ တောင်ခြေရင်းအထိ မင်းကိုလိုက်ပို့ ပေးလိမ့်မယ်၊ မင်းအမေကို ဘာမှစိတ်မပူနဲ့လို့ ပြောလိုက် ဟုတ်ပြီလား'

'ဦးလေးတုက ဘယ်တော့ပြန်လာမှာလဲ'

'ဒီကိစ္စ ပြီးပြတ်တာနဲ့ ပြန်လာခဲ့မယ်'

ထိုစဉ်....

'ဒေါက်....ဒေါက်'

အပြင်ဘက်မှ တံခါးခေါက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

* * *

ဝမ်းတု မျက်မှောင်ကုတ်ကာ....

'ဘယ်သူလဲဟေ့'

ဟု ခပ်ထန်ထန်မေးလိုက်လေသည်။

သူ၏ စကားသံနှင့် မရှေးမနှောင်းမှာပင်....

'ဆရာ မြင်းလှည်းရောက်လာပါပြီ'

ဆိုင်လုလင်၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

* * *

ဝမ်းတုက လုထင်းကို လှည့်ကြည့်လိုက်၏။

လုထင်း ဘာမှမပြောဘဲ သူသယ်ဆောင်လာသည့် ကျောပိုးအိတ်ကို ကောက်လွယ်လိုက်၏။

ဝမ်းတုံက အခန်းတံခါး ဖွင့်လိုက်သည်။

ထို့နောက် လုထင်းနှင့်အတူ ပခုံးချင်းယှဉ်ကာ လှမ်းထွက်သွားသည်။

ဆိုင်အပြင်ဘက်ရောက်လျှင် မြင်းလှည်းတစ်စီး ရပ်တန့်နေသည်ကို တွေ့မြင်လိုက်ရ၏။

ဝမ်းတုက....

'လုထင်း အိမ်ကိုရောက်အောင် ပြန်ပေတော့။ မင်းဟာ မင်းအစ်ကိုတွေလို မဟုတ်ဘူး၊ အပြင်လောကအကြောင်း ဘာမှ နားမလည်သေးဘူး၊ ဒါကြောင့် မင်းအတွက် အလုံခြုံဆုံး



နေရာဟာ မင်းရဲ့အိမ်ပဲ၊ အိမ်ကိုပြန်ပါ၊ အပြင်လောကမှာ တို့ရန်သူတွေချည်းပဲဆိုတာ ဘယ်တော့မှ မမေ့လေနဲ့၊ ကဲ....သွားပေတော့'

ဟု မှာကြားလေသည်။

လုထင်း ဘာမှမပြောဘဲ မြင်းလှည်းပေါ် တက်လိုက်၏။

လုထင်း မြင်းလှည်းပေါ်ရောက်လျှင် မြင်းလှည်းသမားက စတင်မောင်းနှင်လိုက်၏။

ဝမ်းတုကား လက်ဝှေ့ယမ်းပြရင်း ကျန်ရစ်ခဲ့လေတော့သည်။

လုထင်းနှင့် ဝမ်းတုကား ခရီးထွက်သွားကြပြီ ဖြစ်လေသည်။

သူတို့ ခရီးထွက်သွားကြသည်နှင့် ဝမ်းလျှံက ရှောင်စုအား ခေါ်လိုက်သည်။

ဝမ်းလျှံသည် အကြီးအကဲ ဖြစ်သည်နှင့်အညီ ရှောင်စုလည်း ချက်ချင်းရောက်လာသည်။

ဝမ်းလျှံက မလှုပ်မယှက် ထိုင်နေ၏။

သူမ၏ရှေ့၌ ရှောင်စုက ခေါင်းငုံ့ကာ ရပ်နေသည်။

ရှောင်စုမှာ လုထင်းနှင့် အသက်ချင်း မတိမ်းမယိမ်းရှိသည့် လူငယ်တစ်ယောက် ဖြစ်၏။

လုထင်းကို အလွန်ချစ်ခင်တွယ်တာသူ တစ်ယောက်လည်း ဖြစ်သည်။

ဝမ်းလျှန်က အတန်ကြာသည့်တိုင် အကဲခတ်ကြည့်နေပြီး စကားမပြောသဖြင့် ရှောင်စု မနေတတ် မထိုင်တတ် ဖြစ်လာသည်။

ကျားဘုရင်ရှေ့မှောက် ရောက်နေသည့် ယုန်သူငယ်ပမာ ခံစားနေရ၏။

ဝမ်းလျှန်သည် သူ့အား ရှိသည်ဟုပင် သဘောထားသူ မဟုတ်ပါ။

ယခုမှ အရေးတယူလုပ်ကာ ခေါ်တွေ့သည်မှာ ထူးခြားသည့် အကြောင်းတစ်ခုခု ရှိမည်ဟု ယုံကြည်မိသည်။

အတော်လေးကြာလျှင် မနေနိုင်တော့တဲ့ ခေါင်းမော့ကြည့်လိုက်၏။

ထိုအခါ....

ဝမ်းလျှန်က သူ့အား စိုက်ကြည့်နေသည်ကို တွေ့မြင်လိုက်ရသည်။

ရှောင်စု ခေါင်းငုံ့မည် အပြုတွင် ဝမ်းလျှန်ထံမှ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

* * *



'ရှောင်စု မင်းကို ငါမေးစရာရှိတယ်၊ မင်း မှန်မှန်ဖြေပါ'

ရှောင်စု ဦးညွတ်လိုက်သည်။

'ကျွန်တော် အမှန်အတိုင်းဖြေပါ့မယ် သခင်မ'

'ကောင်းပြီ၊ သားငယ် ဘာဖြစ်နေသလဲ ပြောစမ်း'

'ခင်ဗျာ'

'သားငယ် ဘာဖြစ်နေသလဲ'

ဝမ်းလျှန်၏ စကားသံ မာဆတ်ဆတ်ဖြစ်သွားသည်။

ရှောင်စု မျက်နှာပျက်သွား၏။

'သ....သခင်လေး ဘာများဖြစ်လို့လဲ ခင်ဗျာ'

ဝမ်းလျှန်က မဲ့ပြုံးပြုံးလိုက်ပြီး....

'မင်းက မသိချင်ဟန် ဆောင်နေတာလား'

'ခင်ဗျာ'

'ရှောင်စု....မင်း မှန်မှန်ပြောစမ်း၊ သားငယ် အခုတလော မှိုင်တွေနေတယ်၊ အဲဒါဘာကြောင့်လဲ၊ မင်း သိကိုသိရမယ်'

လုထင်း မှိုင်တွေနေရသည့် အကြောင်း မေးမြန်း နေမှန်း ယခုမှ ရှောင်စု နားလည် သဘောပေါက် သွား လေ တော့သည်။

ထိုသို့ နားလည်သွားသည်နှင့် သူ၏မျက်နှာတွင် စိုးရွံ့သည့် အရိပ်အရောင်များ ထွက်ပေါ်လာလေသည်။

သူ၏ခန္ဓာကိုယ်လည်း တုန်တုန်ယင်ယင် ဖြစ်လာ၏။

ဝမ်းလျှန်က....

'ပြောစမ်း....သားငယ် ဘာဖြစ်နေတာလဲ၊ မင်း သိကို သိရမယ်'

'ကျွန်....ကျွန်တော်....'

'ပြောစမ်း....'

'သ....သခင်မကြီး....ကျွန်....ကျွန်တော်....'

'မင်း မပြောသေးဘူးလား'

ရှောင်စုကြမ်းပြင်ပေါ်၌ ဒူးထောက် ချလိုက်လေသည်။

ဝမ်းလျန်က ထိုင်ရာမှထလိုက်သည်။

သူမ၏လက်ဝါးသည် ရှောင်စု၏ ဦးခေါင်းပေါ် လွှမ်းမိုးထားလိုက်ပြီဖြစ်၏။

သူမ၏မျက်နှာ ခက်ထန် ကြမ်းကြုတ်နေသည်။

ရှောင်စုက ဘာမျှပြောမပြလျှင် အဆုံး စီရင်လိုက်တော့မည့်ပုံ သဏ္ဍာန်မျိုး ဖြစ်နေသည်။

ရှောင်စုကြောက်ရွံ့ထိတ်လန့်နေ၏။

နဖူးနှင့် ကြမ်းပြင် ထိအောင်ဦးတိုက်ရင်း....

'ကျွန်....ကျွန်တော် ပြောပြပါ့မယ်၊ ကျွန်တော့်ကို ချမ်းသာပေးပါသခင်မ'

ဝမ်းလျန်က လက်ဝါးကို ပြန်လည် ရုပ်သိမ်းလိုက်လေသည်။

* * *



ကုလားထိုင်ပေါ် ပြန်ထိုင်ချရင်း....

'ကောင်းပြီပြောစမ်း၊ သားငယ် ဘာဖြစ်နေတာလဲ'

'သ ...သခင်လေးက မိန်းကလေး တစ်ယောက်ကို နှစ်သက်စွဲလမ်းနေလို့ပါ'

'ဘာ....'

ဝမ်းလျန်၏ စကားသံ ဟိန်းထွက်လာလေသည်။

ရှောင်စု ကမန်းကတန်း ခေါင်းငုံ့ထားလိုက်၏။

* * *

ဝမ်လျန်က....

'ဘာ....ဘာပြောတယ်၊ သားငယ်က မိန်းကလေး တစ်ယောက်ကို စွဲလမ်းနေတယ်ဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ်သခင်မ'

'ပြောစမ်း ဘယ်ကမိန်းကလေးလဲ'

'ချောင်း တစ်ဘက်ကမ်းကပါ'

ဝမ်းလျန်မျက်မှောင်ကုတ်သွား၏။

ချောင်း၏ သည်ဘက်ခြမ်းဝယ် သူမ၏ဩဇာ လွှမ်းမိုးနေပေသည်။

ချောင်း၏ တစ်ဘက်ခြမ်းကား လူနေမှုရွာ စည်ကား သိုက်မြိုက်လှပြီ၊ သူတို့ ခပ်ကင်းကင်း နေခဲ့သည့်နေရာဖြစ်၏။

ချောင်းတစ်ဘက်ကမ်းသို့ အကြောင်းထူး ကိစ္စ မရှိဘဲ ကူးသွားလေ့ မရှိကြ။

ရှောင်စုက ဆက်ပြောလိုက်၏။

'ချောင်းတစ်ဘက်ကမ်း ငါးမိုင်လောက်ဝေးတဲ့ မြို့ကလေးက မိန်းကလေး တစ်ယောက်ကို သခင်လေး နှစ်သက် စွဲလမ်းနေပါတယ်သခင်မ။ ဒီမိန်းကလေးကြောင့် တမှိုင်မှိုင် တတွေတွေ ဖြစ်နေရတာပါ'

ဝမ်းလျန်က မဲ့ပြုံးပြုံးလိုက်သည်။

'လက်စသပ်တော့ ငါ့သားကို မှိုင်တွေအောင် လုပ်တာ မိန်းကလေးတစ်ယောက်ကိုး။ ပြောစမ်းပါဦး၊ အဲ့ဒီမိန်းကလေးက ဘယ်သူလဲ၊ ဘယ်လိုလုပ် တွေ့ခဲ့ကြတာလဲ'

'အဲ့ဒီမိန်းကလေးနဲ့ တွေ့ခဲ့တာက ဒီလိုပါ'

ရှောင်စုက သူကြုံတွေ့ခဲ့ရပုံများကို ရှင်းလင်း ပြောပြလိုက်လေတော့သည်။

* * *



လေပြည်ညင်း ဝေ့ယမ်း တိုက်ခတ်လာသည်။

လေအဝေ့တွင် သစ်ရွက်ကလေးများ ကြွေကာ တဝဲလည်လည်ဖြင့် ချောင်းကလေး အတွင်းသို့ ကျဆင်းနေသည်။

တသွင်သွင် စီးဆင်းနေသည့် ချောင်းရေနှင့်အတူ အဝေးသို့ မျောပါသွားလေသည်။

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။

မြင်းနှစ်ကောင်မှာ ဒုန်းစိုင်းရင်းနှင့် ချောင်းကလေးအနီးသို့ ရောက်ရှိလာလေသည်။

ချောင်းလယ်၌ ချောင်းကူး တံတား တစ်ခု ထိုးထားပါသည်။

မြင်းနှစ်ကောင်ကား ချောင်းကူး တံတား အလယ်သို့ ရောက်လျှင် ရပ်တန့်သွားလေ၏။

မြင်းစီးလာသူများကား ငယ်ရွယ် နုနယ်သည့် လူငယ်လေး နှစ်ယောက်ဖြစ်ကြလေသည်။

တစ်ယောက်မှာ အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ကျန်တစ်ယောက်မှာ မီးခိုးရောင် အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

အဖြူရောင်ဝတ်ဆင်ထားသည့် လူငယ်က ချောင်းတစ်ဘက်ကမ်းမှတောအုပ်ဆီသို့ ညွှန်ပြရင်း....

'ရှောင်စု....ဟိုဘက်ကမ်း သွားပြီး ယုန်ဖမ်းကြရင် ကောင်းမယ်'

ဟု ပြောလိုက်လေသည်။

မီးခိုးရောင်ဝတ်ဆင်ထားသည့် လူငယ်ကား ရှောင်စု ဖြစ်လေသည်။

ရှောင်စုက စိုးရိမ်ကြောင့်ကြသော လေသံဖြင့် ....

'ဖြစ်ပါ့မလား သခင်လေး....တော်ကြာ သခင်မကြီး သိသွားလို့ ဆူနေပါဦးမယ်'

'ရပါတယ်ကွာ၊ တို့သွားတာ ဘယ်သူ သိနိုင်တာ မှတ်လို့ လာမှာသာ လာစမ်းပါ'

'သခင်လေး'

'လာစမ်းပါကွာ'

အဖြူရောင် ဝတ်ထားသည့် လူငယ်က မြင်းကို ချောင်းတစ်ဘက်သို့ဦးတည် မောင်းနှင်သွားသည်။

ရှောင်စုလည်း မတတ်သာတော့ဘဲ နောက်မှ လိုက်သွားရ၏။

* * *



သူတို့နှစ်ယောက် ချောင်းတစ်ဘက်ကမ်းရှိ တောအုပ်ကြီးအတွင်းသို့ ရောက်ရှိသွားကြလေသည်။

တောအုပ် အလယ်တွင် လမ်းဖောက် ထားသော်လည်း သူတို့ကလမ်းအတိုင်းမသွားဘဲ သစ်ပင်များကြား ကွေ့ပတ်ကာ မြင်းမောင်းနှင် သွားကြလေသည်။

မကြာပါချေ။ တောအုပ်အတွင်းသို့ ရောက်မှန်းမသိ ရောက်သွားကြ၏။

တောအုပ်အတွင်း၌ ရောင်စုံတောပန်းများ ဖူးပွင့်နေသလို ကျေးငှက်တိရစ္ဆာန်ကလေးများ ပြေးလွှားဆော့ကစားနေသည်ကို တွေ့မြင်နေရလေသည်။

အဖြူရောင် ဝတ်ဆင်ထားသည့် လူငယ်ကား လုထင်းဖြစ်လေသည်။

'ငါပြောတယ်မဟုတ်လား၊ ဒီဘက်မှာ ယုန်ပိုပေါတယ်။ ငါတို့ သုံးလေးကောင်လောက် ဖမ်းသွားကြရအောင်'

ပြောပြီး မြင်းကို ရှေ့ဆက်နှင်သွား၏။

ရှောင်စုလည်း နောက်မှလိုက်ပါသွားရလေသည်။

အတော်ကလေးကြာအောင် သွားမိလျှင် တောအုပ်ကို လွန်မြောက်ကာ တစ်ဘက်၌ မြက်ခင်းပြင်ရှိနေသည်ကို တွေ့ရ၏။

တောအုပ်နှင့် မြက်ခင်းပြင် ဆက်စပ်နေသည့် နေရာတွင် ယုန်ကလေးများ ပြေးလွှားကျက်စားနေသည်ကို တွေ့မြင်ရလေသည်။

လုထင်းက မြင်းကုန်းနှီးတွင်၌ ချိတ်ထားသည့် လေးနှင့်မြားကို ထုတ်ယူကာ....

'ရှောင်စု မင်းနဲ့ငါဘယ်သူက ပိုပြီးဖမ်းနိုင်မလဲ ကြည့်ကြ ရအောင်'

ပြောပြီး ရှေ့သို့ မြင်းဒုန်းစိုင်းသွား၏။

* * *

ရှောင်စုလည်း လေးနှင့်မြားကို ထုတ်ယူကာ အားကျမခံ နောက်မှလိုက်သွားလေသည်။

တဖျောင်းဖျောင်းမြည်ကာ ထွက်ပေါ်လာသည့် မြင်းခွာသံကြောင့် ယုန်ကလေးများ ထိတ်လန့်ကာ ထွက်ပြေးသွားကြ၏။

လုထင်းက လေးနှင့်မြားဖြင့် အဆက်မပြတ် ပစ်လွှင့်လိုက်လေသည်။

'ဝှစ်'

'ဝှစ်'

'ဝှစ်'

မြားတံများမှာ လေထုကို ထိုးခွဲပစ်လွှင့်သွားပြီး ယုန်ကလေးများအား ထိမှန်သွားလေ၏။



ယုန်ကလေးများ ထွက်ပြေးကြပါသော်လည်း၊ ဘာရစပ် ပစ်လွှင့်လာသော မြားတံများကြောင့် သုံးလေးကောင်မျှ ထိမှန်ကာ လဲကျသေဆုံးသွားလေသည်။

ရှောင်စုကလည်း ပစ်ခတ်ဖမ်းဆီးရာ နှစ်ကောင် ရလေသည်။

သူတို့နှစ်ယောက် မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြ၏။

ထို့နောက် မြေပေါ်ကျနေသည့် ယုန်ကလေးများကို ကောက်ယူလိုက်ကြလေသည်။

လုထင်း အားရပါးရ ပြုံးလိုက်ပြီး....

'ငါပြောတယ်မဟုတ်လား၊ သည်ဘက်မှာ ယုန်ပေါတယ်လို့၊ အခုကြည့်စမ်း ငါက လေးကောင်တောင် ရတယ်၊ မင်းက နှစ်ကောင်တည်း'

'ကျွန်တော်က သခင်လေးလောက်မှ လက်မတည့်တာ'

'ဟား....ဟား....ဟား'

လုထင်း သဘောကျစွာ ရယ်မောလိုက်လေသည်။

ထိုစဉ် သူ့ကိုခေါင်းပေါ်မှ ငှက်အော်သံ ကြားလိုက်ရ၏။

နှစ်ယောက်စလုံး ခေါင်းမော့ကြည့်လိုက်သောအခါ ပင်ယံထက်ဝယ် လွှန်စွာလှပသော ငှက်ကလေးတစ်ကောင် တေးဆိုနေသည်ကို တွေ့လိုက်ရလေသည်။

လုထင်းမှာ ငှက်ကလေးကို လိုချင်စိတ်များ ပေါ်ပေါက်လာသည်။

'ငါရအောင် ဖမ်းမယ်'

ပြောပြီး မြေပေါ်မှ ကျောက်ခဲကလေးတစ်လုံး ကောက်ယူကာ ပစ်ပေါက်လိုက်၏။

ကျောက်ခဲကလေးကား မြားတစ်စင်းပမာ အပေါ်သို့ ထောင်တက်သွားပြီး ငှက်လေးဆီသို့ တန်းတန်းမတ်မတ် တိုးဝင်သွားလေသည်။

ရှောင်စုက....

'မင်းဘယ်ပြေးမလဲ'

ဟု ဝမ်းသာအားရ ပြောလိုက်၏။

ထိုစဉ် တောအုပ်တစ်ဘက်မှ ကျောက်ခဲလေး တစ်လုံး ပစ်လွှင့်လာပြီး လုထင်း ပစ်လိုက်သည့် ကျောက်ခဲကို တန်းတန်းမတ်မတ် ထိမှန်သွားလေသည်။

* * *

ကျောက်ခဲနှစ်လုံးစလုံး လွင့်စဉ်ကာ မြေပေါ်ပြုတ်ကျလာ၏။

ငှက်ကလေးကား လန့်ဖျန့်ကာ ထပျံသွားလေသည်။

လုထင်း ဒေါ်ပွသွား၏။



တစ်စုံတစ်ယောက်က ငှက်ကလေးကို ထိမှန်မသွားရလေအောင် ကြားဝင်နှောင့်ယှက်လိုက်သည် မဟုတ်ပါလား။

လုထင်းက ကျောက်ခဲပစ်လွှင့်လာရာဘက်ဆီသို့ မျှော်ကြည့်ရင်း....

'ဘယ်သူလဲကွ ခိုးကြောင်ခိုးဝှက်လုပ်တာ။ ထွက်လာခဲ့စမ်း'

ဟု အော်ငေါက်လိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် သစ်ပင်များကြားမှ လူရိပ်တစ်ခု လှစ်ကနဲ ထွက်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူကိုမြင်လျှင် လုထင်းနှင့် ရှောင်စု ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

အကြောင်းကား ထိုလူမှာ လွန်စွာ ချောမောလှပသည့် မိန်းကလေးတစ်ယောက် ဖြစ်နေသည်မဟုတ်ပါလား။

• •

မိန်းကလေးသည်လုထင်းနှင့် ရှောင်စုအား မျက်မှောင်ကုတ်ကာ ကြည့်လိုက်သည်။

ပြီးလျှင်....

'ကျွန်မ ခိုးကြောင်ခိုးဝှက်လုပ်တာမဟုတ်ဘူး။တမင်လုပ်လိုက်တာ၊ ရှင်....ရှင်တို့က အပြစ်မဲ့တဲ့ ငှက်လေးတွေ ဘာကြောင့် သတ်ပစ်ချင်တာလဲဟင်'

ပြောရင်း ရှောင်စု၏လက်ထဲ၌ ကိုင်ထားသည့် ယုန်ကလေးများကို မြင်လျှင် သူမ၏ မျက်လုံးများ ဝိုင်းစက်သွားလေသည်။

ဒေါသဖြစ်သွားဟန်ဖြင့် မျက်နှာလေး နီမြန်းသွားသည်။

ရှေ့သို့ ခပ်ဆောင့်ဆောင့် လှမ်းလာရင်း....

'ရှင်တို့ ဘယ်လိုလုပ်လိုက်တာလဲ။ ယုန်ကလေးတွေကို သတ်ပစ်လိုက်တယ် ဟုတ်လား'

ပြောရင်း ရှောင်စုလက်မှ ယုန်ကလေးများကို လုယူလိုက်လေသည်။

ရုတ်တရက်မို့ အလုခံလိုက်ရပြီး ယုန်ကလေး တစ်ကောင် မိန်းကလေးလက်သို့ ပါသွား၏။

ရှောင်စုက ချက်ချင်း နောက်ဆုတ်လိုက်လေသည်။

မိန်းကလေးသည် ယုန်သေအား ကရုဏာသက်စွာ ကြည့်ကာ....

'ရက်စက်လိုက်တာရှင်၊ ဘာကြောင့် သည်လိုလုပ်ရတာလဲ၊ ရှင်သတ္တိရှိရင် ကျားတို့ ကျားသစ်တို့ သွားပစ်ပါလား'

ဟုလည်း ရန်တွေ့လိုက်လေသည်။

ရှောင်စုက

'ဒီတောထဲမှာ ကျားမှမရှိတာ၊ ရှိရင် ခင်ဗျားပြောစရာ မလိုဘူး၊ ကျုပ်တို့ပစ်မှာပဲဗျ'

ဟု မကျေမနပ် ပြန်ပြောလိုက်၏။

လူထင်းကား စကားမပြောနိုင်ဘဲ မိန်းကလေးကို ငေးကြည့် နေမိလေသည်။



မိန်းကလေးက....

'ဟင်း....တော်တော် သတ္တိကောင်းတယ်၊ ကျားနဲ့တွေ့မှ ထွက်ပြေးမှာ မြင်ယောင်မိသေးတယ်'

'အို....ကျုပ် ဘာဖြစ်လို့ ပြေးရမှာလဲ၊ ကျုပ်မကြောက်ဘူးဗျ'

'တော်စမ်းပါ၊ နောက်တစ်ခါ ယုန်ကလေးတွေကို ပစ်ခတ်မယ် ဆိုရင် ကျွန်မ သည်းခံမှာ မဟုတ်ဘူးရှင့်'

'ဘာဖြစ်လို့လဲ၊ ဒီတောက ခင်ဗျားပိုင်လို့လား၊ ယုန်ကလေးတွေကို ခင်ဗျားမွေးထားတာလား'

'ရှင်....ရှင်....'

'ဖြန်း....'

ရှောင်စု၏ စကားအဆုံးတွင် မိန်းကလေးက ရှေ့သို့ လှစ်ခနဲ တိုးကာ ပါးရိုက်ချလိုက်၏။

* * *

ရှောင်စု ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း မလွတ်နိုင်ဘဲ ပါးရိုက်ခံလိုက်ရ၏။

ရှောင်စု ဒေါပွသွားသည်။

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ သေချင်ပြီထင်တယ်'

ဟု ပြောရင်း မိန်းကလေးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

'ရပ်လိုက်စမ်း'

လုထင်းက ဟန့်တားလိုက်သည်။

ရှောင်စုက မကျေမနပ်ဖြင့်....

'သခင်လေး သူက ကျွန်တော့်ကို စော်ကားတာ သခင်လေး အမြင်ပဲ'

ဟု ပြော၏။

လုထင်းက လက်ကာပြလိုက်သည်။

'တော်ပါတော့ကွာ၊ သူက မပစ်နဲ့ဆိုရင်လဲ မပစ်ဘဲ နေရုံပေါ့ကွာ၊ မဟုတ်ဘူးလားကွ'

'ဗျာ....'

ရှောင်စု ကြောင်အမ်းအမ်းဖြစ်သွားသည်။

လုထင်းကိုလည်း နားမလည်နိုင်စွာ ကြည့်လိုက်သည်။

လုထင်းက မိန်းကလေးကို ပြုံးပြရင်း....

'စိတ်မဆိုးပါနဲ့ဗျာ။ နောက်နောင် ကျုပ်တို့ ဒီဘက်ကို လာပြီး မပစ်တော့ပါဘူး'

ဟု ပြောလိုက်၏။

မိန်းကလေး မျက်မှောင်ကုတ်သွားကာ....

'ဒီဘက်ကိုလာပြီး မပစ်ဘူးဆိုရင် တခြားမှာ သွားပစ်မယ်ပေါ့'

'ကျုပ်....ကျုပ်....'



'အကောင်းဆုံးကတော့ ရှင်တို့ ဒီလိုအလုပ်မျိုး စွန့်ပစ်လိုက်ရင် ကောင်းမယ်၊ တိရစ္ဆာန်လေးတွေ သနားဖို့ ကောင်းပါတယ် ရှင်'

လုထင်း ပြုံးလိုက်သည်။

'စိတ်ချပါဗျာ၊ ကျုပ် မပစ်တော့ပါဘူး'

'ရှင် တကယ်ပြောတာလား'

'တကယ်ပါဗျာ'

'ဝမ်းသာလိုက်တာရှင်'

မိန်းကလေး၏မျက်နှာ ပြုံးရွှင်သွားသည်။

* * *

ပြုံးလိုက်မှ သူမ ပိုပြီးလှပလာသည် ထင်ရ၏။

လုထင်းက ငေးကြည့်နေ၏။

ရှောင်စုမှာ လုထင်းနှင့် မိန်းကလေးကိုကြည့်ကာ အဓိပ္ပာယ် နားလည်သလို ရှိလာ၏။

လုထင်းက မိန်းကလေးအား စိတ်ဝင်စားနေသည်မှာ ထင်ရှား ပေါ်လွင်နေသည် မဟုတ်လား။

ထို့ကြောင့် ဘာမှမပြောဘဲ နေလိုက်သည်။

'ဒါထက် ညီမ ဘယ်မှာနေတာလဲ၊ မသိရဘူးလားဟင်'
ဟု မေးလိုက်သည်။

မိန်းကလေး မျက်မှောင်ကုတ်သွား၏။

လုထင်းကို တစ်ချက်ကြည့်လိုက်ပြီး....

'ရှင် ဘာလုပ်မလို့လဲ'

'ဩော်....ကျုပ်တို့ ဒီဘက်ကို မကြာခဏ ရောက်ခဲ့ဖူးပါတယ်။ ညီမကိုတော့ အခုမှ တွေ့ဖူးလို့ပါ'

'ကျွန်မက ဒီဘက်ကို လာမှမလာဖူးဘဲ၊ အခုတစ်ကြိမ် ပထမဆုံး လာတာလေ'

'ဘာကိစ္စရှိလို့လဲဟင်'

'ပန်းပွင့်လေးတွေ၊ ကျေးငှက်တိရစ္ဆာန်လေးတွေ လာကြည့်တာပေါ့'

'ဩော်....'

'ရှင်က ဒီဘက်ကို မကြာခဏလာတယ်ဆိုတော့ ဒီအနီးပတ်ဝန်းကျင်မှာ နေတာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ ချောင်းတစ်ဘက်ကမ်း နေပါတယ်ဗျာ'

'ဩော်....'

'ညီမကကော'

'ကျွန်မက ယူကျားကျေးရွာမြောက်ဘက်က တောအုပ်ထဲမှာ နေပါတယ်'

လုထင်းအနည်းငယ် စဉ်းစားလိုက်သည်။

ယူကျားကျေးရွာကို သူ တစ်ကြိမ်ရောက်ဖူးလေသည်။



ကျေးရွာဆိုသော်လည်း မြို့ကြီးပြကြီးတစ်ခုနှင့်မခြား စည်ကား သိုက်မြိုက်လှ၏။

'ကျုပ်တို့လာလည်လို့ မရဘူးလား'

လုထင်း မရည်ရွယ်ဘဲ လွှတ်ခနဲပြောလိုက်မိလေသည်။

မိန်းခလေး ပြုံးလိုက်အည်။

'လာလည်လို့ရပါတယ်ရှင်'

'ဒါဖြင့် နောက်သုံးရက်ကြာရင် လာခဲ့ပါရစေဗျာ'

'လာနိုင်ပါတယ်ရှင်'

လုထင်း ဝမ်းသာသွားလေသည်။

* * *

ထိုစဉ်....

'သခင်မလေး....သခင်မလေး'

အဝေးမှ အော်ဟစ်ခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မိန်းကလေးက....

'ကဲ....ကျွန်မသွားမယ်၊ နောက်မှတွေ့ကြသေးတာပေါ့ရှင်'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။

လုထင်းက ဟန့်တားဖို့ ဟန်ပြင်လိုက်၏။

သို့သော်....

သတိဝင်လာပြီး ဟန့်တားခြင်းမပြုဘဲ နေလိုက်၏။

မိန်းကလေးမှာ သစ်ပင်များကြား ကွေ့ပတ်ပြေးဝင်သွားကာ မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။



သုံးရက်....

သုံးရက်ဟူသောအချိန် ကုန်ဆုံးသွားပြီးနောက် လုထင်းနှင့် ရှောင်စုတို့သည် ယူကျားကျေးရွာသို့ ရောက်ရှိ လာခဲ့ကြလေသည်။

ယူကျားကျေးရွာကား စည်ကားသိုက်မြိုက်လှပေသည်။

သူတို့သည် မြင်းကိုယ်စီ စီးနင်းရင်း စည်ကားလှသော မင်းလမ်းမပေါ်မှ ဖြတ်သန်းလာခဲ့ကြလေသည်။

သူတို့က ယူကျားကျေးရွာမြောက်ဘက်ဆီသို့ဦးတည်ခရီးနှင် သွားကြခြင်း ဖြစ်၏။

ယူကျားကျေးရွာမှ ထွက်ခါနီးတွင် လမ်းဘေး၌ လွန်စွာ လှပသော ရောင်စုံပုလဲပုတီးများ ရောင်းချနေသည်ကိုတွေ့မြင်ရလေသည်။

လုထင်းက....

'သူ့အတွက် ပုလဲပုတီးတစ်ကုံးလောက် ဝယ်သွားပြီး လက်ဆောင် ပေးရရင် ကောင်းမှာပဲ'

ထိုသို့တွေးတောကာ မြင်းပေါ်မှ ဆင်းလိုက်၏။

ထို့နောက် ပုလဲပုတီးရောင်းသည့်ဆိုင်သို့သွားကာ ဈေးနှုန်းမေးမြန်းလိုက်လေသည်။

ဆိုင်ရှင်က သူတို့အား အကဲခတ်ကြည့်လိုက်ပြီး

'ပုလဲပုတီးလိုချင်တယ်ဆိုရင် ဈေးနှုန်းချိုချိုနဲ့ ရနိုင်ပါတယ်၊ ဒါပေမယ့် မင်းတို့ဟာ မြစ်အနောက်ဘက်ကမ်းက လာတဲ့လူတွေ ဟုတ်မဟုတ် အရင်ပြောပါ'

ဟု မေးလာလေသည်။

လုထင်း အံ့ဩသွား၏။

'ဘာဖြစ်လို့လဲဗျ'

ဆိုင်ရှင်က ခပ်တည်တည်ဖြင့်....

'ကျုပ်မေးတာသာ ဟုတ်တယ်၊ မဟုတ်ဘူး ပြောစမ်းပါ'

လုထင်းက....

'ဟုတ်တယ်ဆိုရင်ကော'

'ဟုတ်ရင် မင်းက ရွှေတွေငွေတွေ ပုံပေးမယ်ဆိုရင်တောင် ကျုပ်မရောင်းနိုင်ဘူး'



'ဗျာ....'

လုထင်း အံ့ဩသွားပြေသည်။

* * *

ဆိုင်ရှင်ကို နားမလည်နိုင်စွာကြည့်ကာ....

'ဘာဖြစ်လို့လဲဗျ'

ဆိုင်ရှင်က မျက်နှာထားတည်တည်ဖြင့်....

'ဘာဖြစ်ရမလဲ၊ ကျုပ်က သူခိုးဓားပြတွေနဲ့ မဆက်ဆံချင်လို့ပေါ့'

'ဘာ....'

လုထင်း ဒေါသ ထောင်းခနဲထသွားလေသည်။

ရှောင်စုလည်း မကျေမနပ်ဖြင့်....

'ခင်ဗျား ဘာစကားပြောတာလဲ၊ သခင်လေးကို ဓော်ကား မော်ကား ပြောတာ သေချင်ပြီထင်တယ်'

'မင်းတို့က လူတွေ့ရင် နိုင့်ထက်စီးနင်းလုပ်ဖို့ပဲ စဉ်းစားနေနေကြတယ် မဟုတ်လား။ အခုကော ဒီဘက်ကိုလာတာ ဘာတွေ ကြံစည်ကြဦးမလို့လဲ'

'တောက်....ခင်ဗျားလွန်ပြီထင်တယ်'

လုထင်းလည်း ခုံပြင်းလာလေသည်။

ရှောင်စုက....

'သခင်လေး...ဒီလောက်တောင် စော်ကားနေတာ ဆုံးမ
လိုက်စမ်းပါ။ ဒါမှမဟုတ်ရင် ကျွန်တော်ဆုံးမမယ်'

စကားဆုံးလျှင် ဆိုင်ရှင်အား ထိုးကြိတ်ကန်ကျောက်ရန်
ဟန်ပြင်လိုက်လေသည်။

ဆိုင်ရှင်ကလည်း ထမ်းပိုးတစ်ချောင်းဆွဲယူကာ....

'ကျုပ်ကမင်းတို့ကို ကြောက်မယ်များထင်သလား၊ မင်းတို့
လို သူခိုးခါးပြတွေကို ဆုံးမချင်တာကြာပြီ'

'တောက် သေပေတော့'

ရှောင်စုက စတင်တိုက်ခိုက်လေသည်။

* * *

ဆိုင်ရှင်လည်း ထမ်းပိုးကိုဝှေ့ယမ်းကာ ပြန်လည် တိုက်ခိုက်
လေသည်။

ထိုအခါမှ ဆိုင်ရှင်မှာ စေသူမဟုတ်ဘဲ သိုင်းပညာတတ်သူ
ဖြစ်ကြောင်း ပေါ်လွင်လာသည်။

သူတို့နှစ်ယောက် ရင်ဆိုင်တိုက်ခိုက်မိသည်နှင့်....



'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာပြီး ရှောင်
စု နောက်ဆုတ်ရလေသည်။

လုထင်းက....

'ရှောင်စု နောက်ဆုတ်လိုက်စမ်း'

ပြောရင်း ခုန်ဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင် ရှောင်စုက လက်နှစ်ဘက်ဝှေ့ယမ်းကာ တိုက်
ခိုက်လိုက်သည်ကို တွေ့မြင်ရလေသည်။

လုထင်း ရှေ့သို့မသွားတော့ဘဲ နောက်သို့ပင် ပြန်ဆုတ်သွား
သည်။

ဆိုင်ရှင်လည်း ထမ်းပိုးကိုဝှေ့ယမ်းကာ တိုက်ခိုက်ရန် ရှေ့တိုး
လာသည်။

သို့သော် ခြေသုံးလေးလှမ်းမျှ တိုးပြီးလျှင်....

'အမယ်လေး'

စူးရှစွာ တစ်ချက်အော်ဟစ်ရင်း နောက်ဆုတ်သွားသည်။

သူ၏မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။

ရှောင်စုနှင့်လုထင်းတို့အား မကျေမနပ်ကြည့်ကာ....

'မင်းတို့ သတိထားနေကြပေတော့'

အော်ပြောပြီး ပုလဲပုတီးများကိုပင် မယူတော့ဘဲ ချာခနဲ
လှည့်ကာ ပြေးထွက်လေသည်။

ရှောင်စုက လိုက်လံတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

'ရှောင်စု ရပ်လိုက်စမ်း'

လုထင်းက ဟန့်တားလိုက်သည်။

ရှောင်စုက မကျေမနပ်ဖြင့်....

'သခင်လေး၊ သူက ကျွန်တော်တို့ကို စော်ကားမော်ကား ပြောခဲ့တယ်ဗျ၊ သူ့ကို မှတ်လောက်သားလောက်အောင် ဆုံးမမှဖြစ်မယ်'

လုထင်းက သက်ပြင်းချလိုက်သည်။

'သည်လောက်ဆုံးမရရင် တော်ရောပေါ့ကွာ၊ ကဲ တို့ ရှေ့ဆက်သွားကြရအောင်၊ အခုလို ရန်ဖြစ်တာကို သူသိသွားရင် သဘောကျမှာမဟုတ်ဘူးကွ'

ရှောင်စု ပါးစပ်ပိတ်ထားလိုက်၏။

လုထင်းက မြင်းပေါ်သို့ ပြန်လည်ခုန်တက်ကာ ရှေ့သို့နှင်သွားသည်။

ရှောင်စုလည်း မတတ်သာတော့ဘဲ နောက်မှလိုက်လာရလေသည်။

* * *



သူတို့နှစ်ယောက် ယူကျားကျေးရွာမှထွက်ကာ မြောက်ဘက်သို့ ဦးတည် ခရီးဆက်လာခဲ့ကြလေသည်။

အတန်ကြာသွားပြီးသောအခါ တောအုပ်တစ်ခု အတွင်း၌ ခြံဝင်းကြီးတစ်ခု တည်ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

လုထင်းက....

'သည်နေရာဟာ သူနေတဲ့နေရာပဲ ဖြစ်မယ်ထင်တယ်'

တိုးတိုးရေရွတ်ရင်း ခြံဝင်းကြီးဆီသို့ ဦးတည်သွားလေသည်။

သူတို့နှစ်ယောက် ခြံဝင်းရှေ့သို့ ရောက်ရှိသွားသောအခါ ခြံဝင်းတံခါးတင်းတင်းစေ့ကာ ပိတ်ထားသည်ကို တွေ့ရသည်။

ခြံဝင်းတံခါးပေါ်၌....

'[illegible]တ္တာခြံဝင်း'

ဟု ရေးသားထားသည်ကို တွေ့မြင်ရလေသည်။

လုထင်း သဘောကျသွားသည်။

'ကောင်းလိုက်တဲ့နာမည်'

သူက ချီးကျူးနေစဉ်....

'ဘယ်သူလဲ'

စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားရ၏။

တဆက်တည်းပင် ခြံဝင်းတံခါး ပွင့်သွားပြီး လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရသည်။

## ပြန်လည်တွေ့ဆုံခြင်း

ခြံဝင်းအတွင်းမှ လူတစ်ယောက် လှမ်းထွက်လာ၏။

ထိုလူမှာ အပြာရောင် အဝတ်အစားများ ဝတ်ဆင်ထားသည့် အဘိုးအို တစ်ယောက် ဖြစ်ပေသည်။

ထိုအဘိုးအိုသည် အပြင်ဘက် ရောက်လာသည်နှင့် လုထင်းတို့အား တစ်ချက် ဝေ့ကြည့်လိုက်ပြီး....

'ဘာကိစ္စလဲဟေ့၊ ဘယ်သူနဲ့တွေ့ချင်လို့လဲ'

ဟု မေးလေသည်။

လုထင်း ငိုင်သွား၏။

မိန်းကလေးအား တွေ့လို မြင်လိုသဖြင့် လာခဲ့သည်ဖြစ်သော်လည်း မိန်းကလေး၏ အမည်ကို သူမသိပါ။

ယခုမှ ကောင်းစွာ ဒုက္ခရောက်ရပေတော့သည်။

ဤခြံဝင်းသည် မိန်းကလေးနေထိုင်သည့် ခြံဝင်းမဟုတ်လျှင် ပို၍ဆိုးသွားနိုင်၏။

သူတွေးတောနေစဉ် ရှောင်စု၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ရှောင်စုက ရှည်ရှည်ဝေးဝေး တွေးတောစဉ်းစားခြင်း မပြုဘဲ....

'သခင်မလေးနဲ့ တွေ့ချင်လို့ပါ'

သူ၏စကားကြားလျှင် အဘိုးအို မျက်မှောင်ကုတ်သွားလေသည်။

* * *

'သခင်မလေးနဲ့တွေ့ချင်လို့ ဟုတ်လား'

'ဟုတ်ပါတယ်'

'မင်းတို့ ဘယ်သူတွေလဲ'

'ကျွန်တော်က ရှောင်စုပါ၊ ဒါကတော့ သခင်လေး လုထင်းပါ'

လုထင်းအား ညွှန်ပြပြီး မိတ်ဆက်လိုက်သည်။



အဘိုးအိုက....

'မင်းတို့ ဘယ်သူတွေလဲ၊ ကျုပ်မသိပါလား'

ရှောင်စုမှာ မကြာသေးမီက တိုက်ပွဲအင်နှဲလာခဲ့ရသည့် အလျောက် စိတ်မရှည်နိုင်ဘဲ ဖြစ်နေရကာ....

'ကျုပ်တို့ ဘယ်သူတယ်ဝါဆိုတာ အရေးမကြီးပါဘူး၊ သခင်မလေး ရှိတယ် မရှိဘူးဆိုတာပဲ ပြောပါဗျာ'

ဟု ခပ်ဆတ်ဆတ် ပြောလိုက်သည်။

သူ၏စကားကြားလျှင် အဘိုးအို မဲ့ပြုံးပြုံးလိုက်သည်။

'မင်းတို့ ငယ်ငယ်ရွယ်ရွယ်နဲ့ အတော့်ကို မောက်မာကြပါလား'

'ဘာဗျ'

'မင်းတို့ကိုကြည့်ရတာ မြစ်အနောက်ဘက်ခြမ်းက လာကြတာ ထင်တယ်၊ ဟုတ်ရဲ့လား'

'ဟုတ်တော့ကော ဘာဖြစ်ရမှာလဲ'

'ဘာဖြစ်ရမလဲ ကြည့်ကြသေးတာပေါ့'

အဘိုးအိုက ရှေ့သို့ လှမ်းထွက်လာသည်။

လုထင်း ရင်ထိတ်သွား၏။

* * *

ဤခြံဝင်းအတွင်း မိန်းကလေး ရှိမနေလျှင် အကြောင်းမဟုတ်။

မိန်းကလေးရှိနေပါက ခိုက်ရန်ဖြစ်ပွားခြင်းသည် အကျိုးယုတ်စေမည် ဖြစ်၏။

ထို့ကြောင့်....

လုထင်းက....

'ရှောင်စု နောက်ဆုတ်လိုက်စမ်း'

ဟု ငေါက်လိုက်သည်။

ရှောင်စုဘာမှမပြောဘဲ နောက်ဆုတ်သွား၏။

လုထင်းက အဘိုးအိုအား လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်ရင်း....

'သူက စကားမပြောတတ်တာကို ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်'

ဟု ပြောလိုက်လေသည်။

အဘိုးအိုက သူ့ဘက်လှည့်ကြည့်ရင်း....

'မင်းကတော့ စကားကို ယဉ်ယဉ်ကျေးကျေးပြောတတ်သားပဲ၊ ကဲ...ပြောစမ်း၊ သခင်မလေးကို ဘာကိစ္စတွေ့ချင်တာလဲ'

'ကျွန်....ကျွန်တော်'

'မင်းက နှောင့်ယှက်ချင်လို့လား'

'အို....မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော် မနှောင့်ယှက်ပါဘူး'

'ဒါဖြင့် ဘာကိစ္စလဲ'

'ကျွန်တော်က....'



သူ၏စကားမဆုံးမီ....

'ဘာဘ ဘယ်သူနဲ့ စကားပြောနေတာလဲ'

ချိုလွင်သာယာသော စကားသံလေး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

• • •

ထိုစကားသံကြားရလျှင် လုထင်း ဝမ်းသာသွားလေသည်။

တောအုပ်ထဲ၌ တွေ့ဆုံခဲ့ရသည့် မိန်းကလေး၏ အသံဖြစ်ကြောင်း ချက်ချင်းမှတ်မိလိုက်သည် မဟုတ်ပါလား။

လုထင်း လှည့်ကြည့်လိုက်လျှင်၊ ခြံဝင်းအတွင်းမှ မိန်းကလေးတစ်ယောက် လှမ်းထွက်လာနေသည်ကို တွေ့မြင်လိုက်ရ၏။

ထိုမိန်းကလေးမှာ သူအလွန်တွေ့လိုနေသည့် မိန်းကလေးပင်ဖြစ်လေတော့သည်။

လုထင်းမျက်နှာ ပြုံးရွှင်သွားသည်။

'ဟင်....ညီမ'

မိန်းကလေးလည်း လုထင်းကို တွေ့မြင်သွားလေသည်။

'ရှင်ကိုး'

'ဟုတ်ပါတယ် ညီမကိုလာတွေ့တာပါ'

'ဩော်....ရှင်က တကယ်ပဲရောက်အောင် လာခဲ့တာကိုး'
'ဟုတ်ပါတယ်ဗျာ'
'ကဲ....အထဲကိုကြွပါလား'

သူမ ဖိတ်ခေါ်လိုက်လျှင်၊ ဘဘတာကုန်းဆိုသည့် အဘိုးအို ဘာမှမပြောဘဲ အကဲခတ်ကြည့်နေလေသည်။

လူထင်းက ရှောင်စုဘက်လှည့်ကာ....
'ရှောင်စု လိုက်ခဲ့'
ပြောပြီး မိန်းကလေးထံ လှမ်းသွားလေသည်။
မိန်းကလေးက တာကုန်းကိုကြည့်ကာ....
'ဘဘတာကုန်း သူတို့က ကျွန်မမိတ်ဆွေတွေပါ'
ဟု ပြောလိုက်လေသည်။

* * *

တာကုန်းက....
'သူတို့က သခင်မလေးမိတ်ဆွေတွေ ဟုတ်လား'
'ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ'
'သူတို့ ဘယ်သူဘယ်ဝါဆိုတာ သခင်မလေးသိလို့လား'
မိန်းကလေး ပြုံးလိုက်သည်။
'ဘဘကော သိလို့လား'



'သူတို့ဟာ မြစ်အနောက်ဘက်ခြမ်းက လူတွေဗျ'
'ဩော်....'

'သခင်မလေး ဘာကြောင့် လူဆိုးဓားပြတွေနဲ့ မိတ်ဆွေ အပေါင်းအသင်းလုပ်ချင်ရတာလဲ။ သူတို့ဟာ ကောင်းတဲ့လူတွေ မဟုတ်ဘူး'

'ခင်ဗျား မစော်ကားနဲ့ဗျ'

တာကုန်း၏ စကားအဆုံးတွင် ရှောင်စုက အော်ပြောလိုက် လေသည်။

တာကုန်းက သူ့အား လှည့်ကြည့်လိုက်ပြီး....

'ကျုပ်က ဟုတ်တာမှန်တာပြောလို့ မင်းတို့အခံရ ခက်နေ တယ်၊ ဟုတ်လား'

'ခင်....ခင်ဗျား လွန်လာပြီနော်'

'ကဲ....ကဲ....တော်ကြပါတော့ရှင်'

မိန်းကလေးက ကြားဝင်တားဆီးလိုက်ခြင်းကြောင့်တာကုန်း နှင့် ရှောင်စုတို့ ပါးစပ်ပိတ်ထားလိုက်ကြရ၏။

မိန်းကလေးက....

'ကဲ....အထဲကို ကြွပါရှင်'

ပြောကာ ရှေ့မှ လမ်းပြဖိတ်ခေါ်သွားလေသည်။

လူထင်း သက်ပြင်းချလိုက်၏။

ခြံဝင်းအတွင်းသို့ လိုက်ပါသွားရန်မသင့်ကြောင်း နားလည်သော်လည်း၊ မိန်းကလေး၏စကားကို မလွန်ဆန်နိုင်ဘဲ လိုက်ပါသွား၏။

ရှောင်စုနှင့် တာကုန်းလည်း နောက်မှ လိုက်ပါလာကြလေတော့သည်။

## တင်းမာခြင်း

ခြံဝင်းအတွင်းဘက်၌ ကြီးမားခန့်ညားသော အဆောက်အအုံကြီးတစ်လုံး ရှိပေသည်။

ခြံဝင်းအဝင်ဝမှသည် အဆောက်အအုံရှေ့ ကျောက်လှေကားထစ်များသို့တိုင် ကျောက်ဖြူပြားများ ခင်းထား၏။

ကျောက်ပြားလမ်းတစ်ဘက်တစ်ချက်တွင် ရောင်စုံပန်းများ အစီအရီ စိုက်ပျိုးထားသည်ကို တွေ့နိုင်၏။

အဆောက်အအုံ ဝဲဘက်တွင် မြက်ခင်းပြင် တစ်ခု ရှိပြီး ယာဘက်တွင် တောင်အတုနှင့် ရေကန်ရှိလေသည်။

ခြံဝင်းအတွင်း သာယာလှပစွာ ပြုပြင်ထားသည်ကိုမြင်လျှင် လုတင်းရစ်ထဲ ကြည်နူးခြင်းဖြစ်သွား၏။

မိန်းကလေးက အဆောက်အအုံ အပေါ်ဘက်သို့ ခေါ်ဆောင်သွား၏။

အဆောက်အအုံအတွင်းဘက်ရောက်လျှင်၊ ခန်းမကျယ်ကြီးတစ်ခု ရှိနေပြီး စားပွဲကုလားထိုင်များ ခင်းကျင်းထားသည်ကို တွေ့ရ၏။

* * *

'ထိုင်ပါရှင်'

မိန်းကလေးက နေရာထိုင်ခင်းပေးသည်။

လုထင်းနှင့် ရှောင်စုတို့ ထိုင်လိုက်ကြသည်။

တာကုန်းက ဧည့်ခန်းအတွင်းသို့ မဝင်ဘဲ အခြားတစ်ဘက်သို့ ထွက်သွားသည်။

မိန်းကလေးက လက်ခုပ်တစ်ချက်တီးလိုက်ရာ အညိုရောင်အဝတ်အစားများ ဝတ်ဆင်ထားသည့် မိန်းကလေးများ ရောက်လာကြ၏။

'ဧည့်သည်တွေအတွက် စားစရာ သောက်စရာတွေ ပြင်ပေးပါ'



မိန်းကလေးက အမိန့်ပေးလိုက်လျှင် အညိုရောင် ဝတ်မိန်းကလေးများ ဦးညွတ်ကာ ပြန်လည်ထွက်သွားကြ၏။

မကြာပါချေ။

စားသောက်ဖွယ်ရာများနှင့် ဖျော်ရည်များ လာရောက်ချပေးကြသည်။

မိန်းကလေးက....

'သောက်လိုက်ပါဦးရှင်'

လုထင်း ပြုံးလိုက်သည်။

မိန်းကလေးကိုကြည့်ရင်း သူ၏ရင်ထဲ၌ ဖော်မပြနိုင်အောင် ပျော်ရွှင်ကြည်နူးနေမိ၏။

မိန်းကလေးက ကောင်းကောင်းမွန်မွန် လက်ခံတွေ့ဆုံပြီး ဧည့်ခံသည်ကိုလည်း ကျေနပ်ဝမ်းသာနေမိသည်။

* * *

မိန်းကလေးအား အကဲခတ်ကြည့်ကာ....

'ညီမ ကျုပ်တို့လာလည်တဲ့အတွက် အနှောင့်အယှက် မဖြစ်ပါဘူးနော်'

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်ပါဘူး၊ ရှင်တို့ ရောက်လာမယ်လို့တောင် မထင်မိဘူးရှင့်၊ ဒါထက် ရှင်တို့တတွေ ယုန်ကလေးတွေကို လိုက်ဖမ်းကြသေးသလား'

'မဖမ်းတော့ပါဘူး'

'ကျွန်မက ကျေးငှက် တိရစ္ဆာန်လေးတွေကို သိပ်ချစ်တာရှင့်။ အနောက်ဘက် ခြံဝင်းထဲမှာ ကျွန်မမွေးမြူထားတဲ့ ခိုကလေးတွေ၊ ကျေးငှက်ကလေးတွေ၊ ယုန်ကလေးတွေ အများကြီး ရှိတယ်ရှင့်'

ထိုစကားကြားလျှင် လုထင်းမှာ မိခင်ကြီး ဝမ်းလျှန်မွေးမြူထားသည့် ခိုများကို သတိရလာသည်။

သူ၏မိခင်သည် ခိုဖြူများကို အကျအန မွေးမြူထားသည် မဟုတ်ပါလား။

'အင်း....ကျုပ်အမေကလဲ ခိုဖြူငှလေးတွေ မွေးထားတယ်၊ နောက်တစ်ခါကြုံမှ ညီမအတွက် လက်ဆောင် ယူလာပေးဦးမယ်'

'ခိုဖြူလေးတွေ ဟုတ်လား'

'ဟုတ်တယ်'

'အို....ကျွန်မအတွက် တစ်ကောင်လောက်ရရင် သိပ်ကောင်းမှာပဲ'

'စိတ်ချ၊ ညီမ ရစေမယ်'

* * *



သူတို့ စကားပြောကောင်းနေစဉ် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လုထင်း လှမ်းကြည့်လိုက်သောအခါ အခန်းအတွင်းသို့ တကန်းနှင့်အညီ အဘိုးအိုတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရ၏။

ထိုအဘိုးအိုမှာ အသက် ခြောက်ဆယ်ခန့်ရှိပြီး အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထား၏။

သူ၏ရုပ်သွင်သည် မိန်းကလေးနှင့် အတော်လေး ဆင်တူနေသည်ကို တွေ့မြင်ရသည်။

မိန်းကလေးနှင့် ပတ်သက်နေသူ ဖြစ်ကြောင်း မပြောဘဲ သိနိုင်၏။

အဘိုးအိုကိုမြင်လျှင် မိန်းကလေးက ထိုင်ရာမှထကာ....

'ဖေဖေ....'

ဟု ခေါ်ရင်း အဘိုးအိုထံ အပြေးတစ်ပိုင်း လှမ်းသွားလေသည်။

အဘိုးအိုက....

'သမီးမိတ်ဆွေတွေ ရောက်နေတယ် ဟုတ်လား'

'ဟုတ်ပါတယ် ဖေဖေ'

'ဒါဖြင့် ဖေဖေနဲ့ မိတ်ဆက်ပေးပါဦး သမီးရယ်'

'ကောင်းပါပြီ ဖေဖေ'

မိန်းကလေးက လုထင်းဘက်သို့ လှည့်လိုက်သည်။
လုထင်း ထိုင်ရာမှ ထလိုက်သည်။
အဘိုးအိုကို လက်နှစ်ဘက်ဆုပ်ကာ ဦးညွတ်ရင်း....
'ကျွန်တော့်နာမည် လုထင်းလို့ ခေါ်ပါတယ် ခင်ဗျာ'
ဟု ကိုယ်ကိုယ်ကို မိတ်ဆက်လိုက်သည်။
အဘိုးအို ခေါင်းညိတ်လိုက်သည်။
'ကျုပ်ကတော့ ရှမ်းလေ့ပါ၊ ကျုပ်သမီး ရှမ်းရှမ်းကိုတော့ မင်းတို့သိပြီးရောပေါ့'
မိန်းကလေး၏အမည်မှာ ရှမ်းရှမ်းဖြစ်ကြောင်း ယခုမှသိလိုက်ရသည်။
လုထင်း ဝမ်းသာသွားသည်။
အဘိုးအို(ဝါ) ရှမ်းလေ့က ဆက်ပြောလိုက်လေသည်။
'ဒါထက် မင်းတို့ဟာ မြစ်အနောက်ဘက်က လာခဲ့ကြတယ်ဆိုတာ အမှန်ပဲလား'
'မှန်ပါတယ် ခင်ဗျာ'
'မင်းတို့က အဲဒီဘက်မှာနေတာလား'
'ဟုတ်ပါတယ် ကျွန်တော့်ဇာတိပါပဲ'
'မင်းရဲ့မိဘတွေက ဘယ်သူဘယ်ဝါများလဲ'
'ကျွန်တော့်ဖေဖေ ကွယ်လွန်သွားတာ ကြာပါပြီ၊ ကျွန်တော့်မေမေကတော့ ဝမ်းလျှန်လို့ ခေါ်ပါတယ်'
ရှမ်းလေ့ မျက်မှောင်ကုတ်သွားသည်။
'သံမဏိယပ်တောင် ဝမ်းလျှန်လား'



'ဟုတ်ပါတယ်ခင်ဗျာ'
ရှမ်းလေ့မျက်နှာ ပျက်သွားလေသည်။

* * *

သူ၏မျက်နှာ မသိမသာ ခက်ထန်သွားသည်ကို လုထင်း ရိပ်မိလိုက်လေသည်။ အဘယ်ကြောင့် ထိုသို့ဖြစ်သွားရသည်ကို သူမသိပါချေ။
ရှမ်းလေ့က သူ့အား အကဲခတ်ကြည့်လိုက်ပြီး....
'လက်စသတ်တော့ မင်းဟာ သံမဏိယပ်တောင် ဝမ်းလျှန်ရဲ့သားကိုး၊ ဒီဘက်ကို ဘယ်လိုအကြံအစည်နဲ့ ရောက်လာတာလဲ'
'ဗျာ....'
'မင်း ဘာလာလုပ်တာလဲလို့ မေးတာ'
'ကျွန်....ကျွန်တော်....'
ထိုစဉ် တာကုန်းကက ကြားဝင်ပြောလိုက်လေသည်။
'သည်ဘက်ကိုလာပြီး ဒုက္ခပေးဖို့ စနည်းနာရအောင် လာခဲ့တာဖြစ်မှာပေါ့ သခင်ကြီး'
ရှောင်စုက....
'ခင်ဗျား မတရားမပြောနဲ့၊ ကျုပ်သခင်လေးက အစ်မလေး ရှမ်းရှမ်းဆီကို လာလည်တာဗျ'

'ဘာ....သခင်မလေးဆီ လာလည်ရအောင် မင်းတို့ကိုမင်းတို့ ဘာကောင်တွေများ ထင်နေလို့လဲ'

ထိုစကားကိုကြားလျှင် လုထင်းလည်း ခံပြင်းသွားလေသည်။ အားလုံးကိုကြည့်ကာ....

'ဦး....ကျွန်တော်တို့ အလည်အပတ် လာခဲ့တာပါခင်ဗျား၊ ညီမလေးရှမ်းရှမ်းကို ခင်မင်လို့ တမင်လာခဲ့တာပါ၊ ကျွန်တော်တို့မှာ ဘယ်လိုရည်ရွယ်ချက်မှ မရှိပါဘူး၊ ကျွန်တော်တို့ဟာ လူဆိုးဓားပြတွေလဲ မဟုတ်ကြပါဘူး'

'ဟား....ဟား....ဟား'

သူ၏စကားကြားလျှင် တာကုန်း သဘောကျစွာ ရယ်မောလိုက်လေသည်။

* * *

လုထင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

တာကုန်းကို နားမလည်နိုင်စွာ ကြည့်မိလေသည်။

တာကုန်းက အတန်ကြာရယ်မောပြီးမှ....

'မင်းရဲ့ ပြက်လုံးကလဲ ရယ်စရာကောင်းလိုက်တာ၊ မြစ်အနောက်ဘက်ခြမ်းမှာ လူဆိုးဓားပြတွေ ခိုအောင်းနေကြတယ်ဆိုတာ လူတိုင်းသိတယ်၊ အထူးသဖြင့် လူဆိုးဓားပြတွေရဲ့ ခေါင်းဆောင်ဟာ သံမဏိယပ်တောင် ဝမ်းလျန်နဲ့ အဆိပ်လက်ညှိုးဝမ်းတုဆိုတာလဲ လူတိုင်းသိကြတယ်ကွ'

'ဘာ....'

လုထင်း၏စကားသံ ဟိန်းထွက်လာလေသည်။

သူ့ကိုသာမက သူ၏ မိခင်နှင့်ဦးလေးကိုပါ စွပ်စွဲပြောဆိုလာသည် မဟုတ်ပါလား။

လုထင်း ဒေါသထွက်သွားလေသည်။

'ငါက အမှန်အတိုင်းပြောတာပဲ၊ ဘာလဲ မင်း မကျေနပ်ဘူးလား'

'ခင်ဗျာ'

လုထင်းမှာ ပတ်ဝန်းကျင်ကိုမေ့လျော့ကာ ရှေ့သို့ လှမ်းထွက်မိလိုက်သည်။

ရှမ်းလေး၏စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'တာကုန်း....နောက်ဆုတ်လိုက်စမ်း'

တာကုန်းက နောက်ဆုတ်လိုက်လေသည်။

လုထင်းက သူ့ကို လှမ်းကြည့်လိုက်သည်။

ရှမ်းလေးက သူ့အား စိုက်ကြည့်နေသည်ကို တွေ့ရလေသည်။

ရှမ်းလေး၏မျက်လုံးများကား ဝင်းလက် တောက်ပြောင်နေသည်။

မျက်လုံးချင်းဆုံမိလျှင် လုထင်း၏ရင်ထဲ အေးစိမ့်သွားလေတော့သည်။

ရှမ်းလေ့က....

'သူငယ်....မင်း ဒီကထွက်ပြီး အိမ်ကို အမြန်ပြန်သွားတာ အကောင်းဆုံးပဲ'

ဟု ပြောလာသည်။

လုထင်း ကြောင်အမ်းအမ်း ဖြစ်သွားပြီး....

'ကျွန်....ကျွန်တော်....'

'မင်းဟာ ငါ့သမီးနဲ့ခင်မင်တဲ့အတွက် အခွင့်အရေးပေးလိုက်မယ်၊ နောက် ဒီနေရာကို ခြေဦးတောင် လှည့်မလာပါနဲ့၊ ကဲ မြန်မြန်ထွက်သွားပေတော့'

* * *

လုထင်း မကျေမနပ် ဖြစ်သွားသည်။

ရှမ်းလေ့ကို စိုက်ကြည့်ရင်း....

'ဦး ဘာကြောင့် ကျွန်တော့်ကို မောင်းထုတ်ရတယ်ဆိုတာ ရှင်းမပြနိုင်ဘူးလား'

ဟု မေးလိုက်သည်။



ရှမ်းလေ့က....

'တာကုန်းစကားကို မင်းကြားတယ်မဟုတ်လား၊ ကျုပ်က ထပ်ပြီး ရှင်းပြရဦးမလား'

'ကျွန်....ကျွန်တော်....'

'မင်းသိချင်ရင် မင်းအမေကို ပြန်မေးကြည့်ပေတော့'

လုထင်းက ရှမ်းရှမ်းကို လှမ်းကြည့်လိုက်သည်။

ထိုအခါ ရှမ်းရှမ်း မျက်နှာလွှဲထားသည်ကို တွေ့ရလေသည်။

လုထင်း ရင်ထဲနင့်သွားသည်။

ဖော်မပြနိုင်သော ခံစားချက်များလည်း ရင်ထဲ ဖြစ်ပေါ်လာလေသည်။

ဘာမှမပြောတော့ဘဲ ချာခနဲလှည့်ကာ ထွက်သွားသည်။

ရှောင်စုက....

'ကျုပ်ရဲ့ သခင်လေးကို စော်ကားတဲ့အတွက် ခင်ဗျားတို့ သတိ ကြပ်ကြပ်ထားကြပေတော့'

ပြောပြီးလျှင် လုထင်းနောက်သို့ လိုက်သွားလေသည်။

တာကုန်းက လိုက်သွားရန် ဟန်ပြင်လိုက်၏။

ရှမ်းလေ့က ဟန့်တားလိုက်သည်။

တာကုန်း မကျေမနပ်ဖြစ်နေသော်လည်း ရပ်တန့်လိုက်ရသည်။

လုထင်းနှင့် ရှောင်စုကား ညှော်ခန်းအတွင်းမှ ထွက်သွားကြပြီ ဖြစ်သည်။

မကြာပါချေ။
'ခွပ် ခွပ်'
'ခွပ် ခွပ်'
မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို
ကြားလိုက်ရသည်။

## ရန်ကြွေး

ရှောင်စု ခေါင်းငုံ့ထား၏။
ဝမ်းလျှန် ဆတ်ခနဲထရပ်လိုက်သည်။
ကြမ်းပြင်ပေါ် ဒုန်းခနဲ မြည်အောင် ခြေထောက် ဆောင့်ရင်း....
'ဘာကြောင့် ငါ့ကို စောစောစီးစီး မပြောရတာလဲ'
ဟု ပြစ်တင်ကြိမ်းမောင်းလိုက်သည်။
ရှောင်စု ကြောက်ရွံ့ထိတ်လန့်စွာဖြင့်....
'သ....သခင်လေးက ပြန်မပြောရဘူး ဆိုလို့ပါ သခင်မကြီး'
'သူက ဘာကြောင့် ပြန်မပြောခိုင်းတာလဲ'
'သခင်မကြီးနဲ့ ရှမ်းလှေတို့ ပြဿနာဖြစ်ကြမှာကို စိုးရိမ်လို့ပါ'

'တောက်'

ဝမ်းလျှန် တက်ခေါက်လိုက်သည်။

ရှောင်စု၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ဝမ်းလျှန်က....

'သူတို့က ငါ့သားကို မှိုချိုး မျှစ်ချိုး ပြောပြီး စော်ကား လိုက်တာပဲ၊ သိကြသေးတာပေါ့'

စကားဆုံးလျှင် လက်ခုပ်တစ်ချက် တီးလိုက်သည်။

လက်ခုပ်သံနှင့် မရှေးမနှောင်းမှာပင် အခန်းတွင်းသို့ လူ တစ်ယောက် ခပ်သွက်သွက် လှမ်းဝင်လာသည်။

ထိုလူမှာ အသက်လေးဆယ်ခန့်ရှိ စာပေသမားတစ်ယောက် အသွင် ရှိသူဖြစ်၏။

ထိုလူသည် ဝမ်းလျှန်၏ အားထားရသော တပည့်များ တွင် တစ်ယောက်အပါအဝင်ဖြစ်သော စာပေသမား ဟန်ကျိုန်း ဆိုသူ ဖြစ်လေသည်။

* * *

ဝမ်းလျှန်ရှေ့သို့ ရောက်လျှင် လက်နှစ်ဘက်ဆုပ်ကာ ဦး ညွှတ်ရင်း....



'အမိန့်ရှိပါ သခင်မ'

ဝမ်းလျှန်က....

'ယူကျားကျေးရွာကို မင်းရောက်ဖူးသလား'

ဟု မေးလိုက်၏။

ဟန်ကျိုန်း မျက်မှောင်ကုတ်သွားသော်လည်း ဦးခေါင်း ဆတ်ခနဲညိတ်ကာ....

'ရောက်ဖူးပါတယ်'

'ယူကျားကျေးရွာရဲ့ မြောက်ဘက်မှာ ခြံဝင်းကြီး တစ်ခု ရှိတယ်၊ အဲဒီခြံဝင်းပိုင်ရှင် ရှမ်းလေ့ဆိုတဲ့လူကို သိသလား'

ဟန်ကျိုန်း အနည်းငယ် စဉ်းစားလိုက်သည်။

* * *

ပြီးလျှင် ခေါင်းခါယမ်းကာ....

'မကြားဖူးပါဘူး သခင်မ'

'ထားပါတော့လေ၊ မင်း သူ့ဆီကိုသွားရလိမ့်မယ်'

'ကောင်းပါပြီ၊ အခုပဲ ကျုပ်သွားလိုက်ပါ့မယ်'

ဝမ်းလျှန် စေခိုင်းလျှင် သေရွာသို့ပင် သွားဝံ့သူဖြစ်ကြောင်း ယုံမှားသံသယဖြစ်စရာ မလိုပါချေ။

ဝမ်းလျှန်က....

'သူ့အတွက် စာတစ်စောင် ယူသွားပါ၊ အဲဒီစာဟာ သားငယ် လုထင်းနဲ့ သူ့ရဲ့သမီးအတွက် မင်္ဂလာကိစ္စ ဆွေးနွေးဖို့ အကြောင်း ရေးထားတယ်'

ဟန်ကျိုန်း ပြုံးလိုက်သည်။

* *

ဝမ်းလျှန်ကို တစ်ချက်ကြည့်ကာ....

'သခင်လေးက ငယ်ပါသေးတယ် သခင်မ'

'အင်းလေ....တို့ ကငယ်သေးတယ်ထင်ပေမယ့် သူက အိမ်ထောင် ပြုချင်နေပြီဆိုတော့ ဘယ်တတ်နိုင်မလဲ'

'သတို့သမီးကို တစ်ခါတည်း ခေါ်လာရမသွားသခင်မ'

'ကောင်းသားပဲ၊ ဒါပေမယ့် မလိုသေးပါဘူးလေ။ သတို့သမီးဆိုတာ အခမ်းအနားနဲ့ ကြိုဆိုလာရမယ်မဟုတ်လား။ သူ့ဆီက အကြောင်းပြန်ချက်ကိုယူပြီး ပြန်လာခဲ့ပါ'

'စိတ်ချပါ သခင်မ'

'ကဲ...မင်းသွားတော့၊ မနက်ဖြန် ဒီအချိန်ဆိုရင် သူ့ဘာ ပြန်ပြောမလဲ ငါသိချင်တယ်'



'စိတ်ချပါ သူ့ရဲ့အကြောင်းပြန်ချက်ကို ကျုပ်လာပြီး တင်ပြပါမယ်'

'မင်းသွားနိုင်ပြီ'

ဟန်ကျိုန်းက လှည့်ထွက်သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

ဝမ်းလျှန်က....

'ဒါထက် အဲသည်မှာ တာကုန်းဆိုတဲ့လူဟာ အင်မတန်စကားများတယ်။ လျှာရှည်တယ်လို့သိရတယ်။ စကားများတာ လျှာရှည်တာ မကောင်းဘူးမဟုတ်လား'

'မှန်ပါတယ်၊ သူက နောက်ဆိုရင် စကားများများပြောမှာ မဟုတ်တော့ပါဘူး'

'ကောင်းပါတယ်ကွယ်'

ဟန်ကျိုန်းက ဦးညွှတ်ပြီးထွက်သွားလေတော့သည်။

* * *

ဝမ်းလျှန်က ရှောင်စုဘက်သို့လှည့်ကာ ပြုံးပြလိုက်၏။ ရှောင်စုလည်း မချိသွားပြုံ ပြန်လှည့်ပြုံးပြလိုက်ရ၏။

ဝမ်းလျှန်က....

'ငါ့အခုလို စိတ်စဉ်လိုက်တာ မကောင်းဘူးလား'

'ကောင်း....ကောင်းပါတယ် သခင်မ'

'မင်းရဲ့သခင်အိမ်ထောင်ပြုပြီးရင် သူတို့နဲ့အတူ မင်းလိုက်ပြီး နေနိုင်ပါ့မလား'

ရှောင်စု ဝမ်းသာသွားလေသည်။

* * *

'နေနိုင်ပါတယ် သခင်မကြီး'

'ကောင်းပြီ မင်းသခင်လေးနဲ့ လိုက်သွားဖို့ ပြင်ဆင်ထား ပေတော့'

ရှောင်စု ကျေနပ်ကြီး ကျေနပ်သွားလေသည်။

ဝမ်းလျှန် ပြုံးလိုက်သည်။

ရှောင်စုသည် လုထင်းအပေါ် လွန်စွာ သစ္စာရှိသူ ဖြစ် ကြောင်း နားလည်မိ၏။

တစ်ချိန်တွင် လုထင်းတို့ညီအစ်ကို ငါးယောက်သည် မိဘ အရိပ်အာဝါသအောက်မှ ရုန်းထွက်ကာ ကိုယ့်ဘဝကိုယ်လမ်း သွားကြရမည် ဖြစ်လေသည်။



ထိုအခါ အားကိုးအားထားစရာ လူယုံတော်များ လိုအပ် သည် မဟုတ်ပါလား။

လုထင်းအတွက်ကား ရှောင်စု ရှိပြီဖြစ်ရာ နောင်တွင် ရှောင်စုကိုလည်း ထိပ်တန်းသိုင်းပညာများ သင်ပေးရဦးမည်ဟု စိတ်ထဲ တေးမှတ်ထားလိုက်လေတော့သည်။

ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာပြီ ဖြစ်လေသည်။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာ လှပ နေ၏။

ညီညာဖြောင့်တန်းသော လမ်းကလေးအတိုင်း မြင်းလှည်း တစ်စီး မောင်းနှင်နေသည်ကို တွေ့မြင်နိုင်လေသည်။

မြင်းလှည်းမောင်းသူကား ခရီးဝေးနှင်ရမည်ကို သိထားသည့် အလား မြင်းများကို ဒုန်းစိုင်းပြေးလွှားသွားစေခြင်း မပြုဘဲ ဖြည်းဖြည်းမှန်မှန် မောင်းနှင်သွားနေလေသည်။

မြင်းလှည်းအတွင်း၌ လူထင်းလိုက်ပါလာလေသည်။

ကျွန်းနန်းကား အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေ သည်။

လုထင်းက မြင်းလှည်းအိမ်ထဲ၌ အိပ်စက်အနားယူရင်း လိုက်သွားရန် ဆုံးဖြတ်လိုက်၏။

အိပ်ရန်ဟန်ပြင်လိုက်လျှင် လှပသော ရှမ်းရှမ်း၏ မျက်နှာကလေးကို မြင်ယောင်လာလေသည်။

'ညီမရယ်....'

လုထင်း တီးတိုးညည်းညူလိုက်၏။

* * *

ရှမ်းရှမ်း၏ ဖခင်သည် သူတို့အား လူဆိုး ဓားပြများဟု စွပ်စွဲခဲ့သည်။

ယခု ခရီးထွက်လာချိန်၌ ဝမ်းတုအား ကြေးခေါင်းတုံးကယင်းသို့တစ်ဖန် စွပ်စွဲပြန်သည်။

တွေ့သူတိုင်းက ထိုသို့ ယိုးစွပ်ကြသည်မှာ အဘယ်ကြောင့်နည်း....။

သူသည် ရှောင်စုံနှင့် မြင်းစီးခြင်း၊ အမဲလိုက်ခြင်းမှအပကျန်အချိန်များတွင် အိမ်ထဲ၌ပင် နေထိုင်ကာ သိုင်းပညာလေ့ကျင့်ခဲ့သည်။

ထို့ကြောင့်....



အပြင်လောကတွင် မည်သို့မည်ပုံ ဖြစ်ပျက်နေသည်ကို သူမသိချေ။

သူ၏ အိမ်ဂေဟာမှ လူများ မကြာခဏ ခရီးထွက်တတ်သည်ကိုကား သူသိ၏။

သို့သော်....

လူဆိုး ဓားပြများ မဟုတ်ကြဟု သူယုံကြည်ထားသည်။

ရှမ်းရှမ်း၏ ဖခင်သည် သူ့အား လိုလားဟန် လုံးဝမပြခဲ့ချေ။

ထို့အပြင်

ရှမ်းရှမ်းကိုယ်တိုင်လည်း မနှစ်မြို့သည့် အရိပ်အရောင်များပြခဲ့သည် မဟုတ်ပါလား။

မမျှော်လင့်ဘဲ ရှမ်းရှမ်းနှင့် ဝေးရပြီဖြစ်ကြောင်း နားလည်မိသည်နှင့် ပျော်ရွှင်မှုအပေါင်း သူ့အပါးမှ ဖယ်ခွာသွားကြတော့သည်။

ရှမ်းရှမ်းအကြောင်း တွေးမိတိုင်း ရင်ထဲနာကျင်လာ၏။

အများသူငါ စွပ်စွဲသလို လူဆိုးဓားပြများ ဟုတ်ပါ၏လောဟု မိခင် ဖြစ်သူအား ဖွင့်မေးရန် သတ္တိမရှိချေ။

ဖွင့်မမေးသင့်သော ကိစ္စဖြစ်သည်ဟုလည်း နားလည်ထား၏။

သူ့အား ချစ်မြတ်နိုးလှသည့် မိခင်ကြီးအပေါ် ထိုသို့သော စွပ်စွဲစကားမျိုးဖြင့်ပင် ပြောပြရန်မသင့်ဟု ယူဆလေသည်။

ဝေဒနာကို သူတစ်ယောက်တည်း ကျိတ်မှိတ်ခံစားနေခြင်း ဖြစ်၏။

သူက ဝမ်းတုနှင့် လိုက်လာချင်း အခါအခွင့်သင့်လျှင် ဝမ်းတုအား မေးမြန်းကြည့်မည်ဟု စိတ်ကူးခဲ့၏။

ယခု....

ဝမ်းတုရွာ ကျန်းနန်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

* * *

ဟိုဟိုသည်သည် တွေးတောစဉ်းစားရင်း ဝမ်းတုအကြောင်း ရောက်ရှိသွား၏။

ဝမ်းတုတွင် မည်သို့သော ကိစ္စများ ရှိနေပါသနည်း။

အဘယ်ကြောင့် သူ့အား တစ်ယောက်တည်း ပြန်လွှတ် လိုက်ရသနည်း။

ဝမ်းတုတွင် ရန်သူများ ရှိနေပြီဖြစ်ကြောင်း နားလည်မိ၏။

ထို့အပြင်....

ဝမ်းတုသည် ရန်သူများအား ရက်ရက်စက်စက် တိုက် ခိုက်တတ်သူဖြစ်ကြောင်းလည်း သိရှိခဲ့ရပြီ မဟုတ်လား။

မည်သို့ဆိုစေ....



သူ့အား အလွန်ချစ်သည့် ဝမ်းတုတစ်ယောက်တည်း နေခဲ့ခြင်းကြောင့် အခက်အခဲ ဒုက္ခတွေကောင်း တွေ့နိုင်ပေသည်။

ဝမ်းတု ဒုက္ခကြုံတွေ့နေရချိန်ဝယ် သူက ဘေးကင်းရာ အိမ်အပြန် မြင်းလှည်းပေါ်တွင် ဇိမ်နှင့် အိပ်လျက် လိုက်ပါသွားချိန် ဖြစ်ပေလိမ့်မည်။

ထိုသို့တွေးမိလျှင် လုထင်း ဆတ်ခနဲ ထထိုင်လိုက်၏။

* * *

ဦးလေး ဝမ်းတုကို အကူအညီမပေးဘဲ ထွက်လာခဲ့တာ မကောင်းဘူးထင်တယ်။ ငါ့နေရာမှာ အခြားတစ်ယောက်ဆိုရင် ဦးလေးဝမ်းတုနဲ့ လက်တွဲပြီး ရန်သူကို ရင်ဆိုင်မှာပဲ'

တီးတိုးရေရွတ်လိုက်၏။

သူ၏စိတ်များ ဂနာမငြိမ် ဖြစ်လာသည်။

အိမ်ပြန်ရမည်လော....

သို့တည်းမဟုတ်....

ကျန်းနန်သို့ ပြန်သွားရမည်လော....။

မြင်းလှည်းမောင်းသမားက နောက်ကြောင်း ပြန်လှည့်ကာ သူ့အား ကျန်းနန်သို့ ပြန်ပို့ပေးမည် မထင်ချေ။

လုထင်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

ထိုင်ရာမှထကာ မြင်းလှည်းတံခါးကို အသံမမြည်အောင် ဖွင့်လိုက်၏။

မြင်းလှည်းတံခါး ပွင့်သွားလျှင် အပြင်ဘက်မှ ညလေများ တဟူးဟူး တိုးဝင်လာသည်။

လရောင် ဖြာကျနေခြင်းကြောင့် တောလမ်းကလေးတစ်ခုသို့ ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရ၏။

မြင်းလှည်းသမားထံမှ အသံဗလုံများ ထွက်ပေါ်လာသည်ကို မကြားရချေ။

လုထင်းက ခေတ္တငြိမ်နေလိုက်၏။

တခဏအကြာတွင် အပြင်ဘက် လှစ်ခနဲ ခုန်ထွက်လိုက်လေသည်။

လုထင်း မြေပေါ်သို့ ကျသွားသောအခါ မြင်းလှည်းကား ရှေ့ဆက် မောင်းနှင်သွားနေသည်ကို တွေ့ရ၏။

မြင်းလှည်းမောင်းသမား မသိလိုက်ပါတကား။

လုထင်း ပြုံးလိုက်သည်။

ထို့နောက်....

လာရာလမ်းအတိုင်း ခပ်သွက်သွက် ပြေးလွှားသွားတော့သည်။



ညဉ့်နက်လာပြီ ဖြစ်သည်။

လမ်းပေါ်၌ လူသွားလူလာ ကျဲသွား၏။

အချို့အိမ်များ၊ ဆိုင်များ တံခါးပိတ်ထားလိုက်ကြပြီ ဖြစ်သည်။

မကြာမီ တစ်နေ့တာ လှုပ်ရှားရုန်းကန်ခဲ့သူများ တစ်ညတာ အိပ်စက်အနားယူကြတော့မည် ဖြစ်သည်။

ထိပ်တန်း ရတနာဆိုင်....

ထိပ်တန်းရတနာဆိုင်မှာ တံခါးပိတ်ထားလိုက်ပြီ ဖြစ်လေသည်။

သို့သော်....

ဆိုင်အတွင်းဘက်မှ မီးရောင်များ ထွက်ပေါ်နေသေးသည်ကို တွေ့မြင်နေရသည်။

ရတနာဆိုင်ရှေ့ လမ်းပေါ်၌လည်း လူရှင်းနေ၏။

'ဝုတ်....'

'ဝုတ်....'

ခွေးဟောင်သံများ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင် လမ်းထောင့်တစ်နေရာမှ လူရိပ်တစ်ခု ထွက်ပေါ်လာသည်။

ထိုလူရိပ်သည် ညလေနှင့်အတူ လွင့်မျောသွားသည့်အလား ထိပ်တန်းရတနာဆိုင် အနီးသို့ ရောက်ရှိသွားသည်။

ထိုလူရိပ်သည် ရတနာဆိုင်အနီးသို့ ရောက်သည်နှင့် လမ်းဘေး အမှောင်ရိပ်ထဲ တိုးဝင်သွား၏။

အမှောင်နှင့် တစ်သားတည်းဖြစ်သွားရကား မြင်ကွင်းမှ ကွယ်ပျောက်သွားသည်ဟု ဆိုနိုင်ပေသည်။

* * *

မကြာပါချေ။

လရောင်ဖြာကျနေသည့် ရတနာဆိုင် ခေါင်မိုးပေါ်၌ လူရိပ် ပြန်လည်ထွက်ပေါ်လာ၏။

လမ်းပေါ်မှ လူရိပ်ကား ခေါင်မိုးပေါ်သို့ ရောက်ရှိသွားပြီ ဖြစ်သည်။

ထိုလူရိပ်သည် ခေါင်မိုးမှ အုပ်ကြွပ်ပြားတစ်ချပ်ကို ခွာကာ အောက်ဘက်သို့ ငုံ့ကြည့်လိုက်၏။

ခေါင်မိုးပေါ်၌ ဝမ်းလျားမှောက်ကာ အောက်ဘက်သို့ ငုံ့ကြည့်နေခြင်းကြောင့် လမ်းပေါ်မှကြည့်လျှင် ရုတ်တရက် တွေ့မြင်ရမည် မဟုတ်ချေ။

ထိုလူရိပ် အောက်ဘက်သို့ကြည့်လိုက်လျှင် အောက်ဘက်တွင် စားပွဲတစ်လုံးရှိနေပြီး လူသုံးယောက် ဝိုင်းဖွဲ့စားသောက်နေကြသည်ကို တွေ့မြင်ရသည်။



မီးအိမ် ထွန်းညှိထားခြင်းကြောင့် ထိုလူသုံးယောက်အား ကောင်းစွာ တွေ့မြင်နေရ၏။

ထိုလူသုံးယောက်အနက် တစ်ယောက်မှာ ရတနာဆိုင်ပိုင်ရှင် ယန်းအင်းစိမ်း ဖြစ်လေသည်။

ယန်းအင်းစိမ်း၏ ဝဲဘက်၌ ထိပ်ပြောင်နေပြီး ဆံပင်မွေး ကျိုးတိုးကျဲတဲ ပေါက်နေသည့် အဘိုးအိုတစ်ယောက် ထိုင်နေသည်။

ထိုအဘိုးအိုမှာ ညိုပုပ်ပုပ်အဆင်းရှိသည့် အဝတ်အစားများ ဝတ်ဆင်ထား၏။

သူ၏နှာခေါင်းမှာ အလွန်ကြီးပြီး ခပ်ကောက်ကောက် ဖြစ်နေ၏။

ယာဘက်၌ ထိုင်နေသူကား အမျိုးသမီးကြီး တစ်ယောက် ဖြစ်လေသည်။

ထိုအမျိုးသမီးကြီး၏ လက်နှစ်ဘက်တွင် ကြေးလက်ကောက် အများအပြား စွပ်ထားသည်ကို တွေ့ရ၏။

ခေါင်မိုးပေါ်မှ လူရိပ်သည်ကား လုထင်း၏ ဦးလေး ဝမ်းတု ဖြစ်လေသည်။

ဝမ်းတု ကြည့်နေစဉ် ယန်းအင်းစိမ်း၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

* * *

‘ကြေးသုံးဖော်သွားတာ ကြာပြီ၊ ဒီလောက်ဆို ပြန်ရောက်ဖို့ ကောင်းနေပြီ’

သူ၏စကားကြားလျှင် ဝဲဘက်၌ ထိုင်နေသူက ခေါင်းညိတ်ကာ....

‘သူတို့သုံးယောက်က ဘယ်အလုပ်မျိုးမဆို သူများထက် အလျင်ပြီးအောင် လုပ်နိုင်ကြသူတွေပါပဲ။ အခုမှ ဘာကြောင့် နောက်ကျနေတာလဲ’

‘အခြေအနေ မဟန်လို့ ဖြစ်မှာပေါ့’

အမျိုးသမီးကြီး၏ အေးတိအေးစက် စကားသံပြည့်စွက်ထွက်ပေါ်လာ၏။

သူမ၏စကားကြားလျှင် ယန်းအင်းစိမ်း သက်ပြင်းချကာ....

‘ကျုပ်လဲ ဒီလိုပဲတွေးမိတယ်ဗျ၊ သူတို့ ပြန်လာသင့်ပေမယ့် ပြန်မလာတာ မဟန်လို့ပဲ ဖြစ်ရမယ်’

‘သူတို့က ပစ္စည်းတွေယူပြီး လစ်သွားကြတယ်ဆိုရင်ကော....’

‘ဟာ....ဒါတော့ မဖြစ်နိုင်ပါဘူးဗျာ’

ယန်းအင်းစိမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ဝဲဘက်၌ ထိုင်နေသူက....

‘ရွှေစင်ပိသာတစ်ရာတန်တဲ့ပစ္စည်းကို ဘယ်သူမဆို မက်မောကြမှာပဲ၊ ဒါ မဆန်းပါဘူး’

* * *



ယန်းအင်းစိမ်းက....

‘မဖြစ်နိုင်ဘူးဗျ၊ ရွှေစင်ပိသာတစ်ရာ တန်ဘိုးရှိတဲ့ ပစ္စည်းအကြောင်း သူတို့မှ မသိကြတာ’

‘ဩော်....ခင်ဗျားက သူတို့ကို ပြောမပြခဲ့ဘူးပေါ့’

‘ဟုတ်တယ်လေ၊ သူတို့ကိုပြောပြလိုက်ရင် အလစ်သုတ်သွားမယ့် အန္တရာယ်ရှိတယ်မဟုတ်လား’

‘ဒါဖြင့် ကျုပ်တို့ကိုကော ဘာဖြစ်လို့ ပြောပြတာလဲ’

‘ခင်ဗျားတို့ကို ပြောမပြဘဲ အကူအညီတောင်းလို့ မရဘူးဆိုတာ သိထားလို့ပါဗျာ’

‘ဟား....ဟား....ဟား....ဟား’

ဝဲဘက်မှလူ သဘောကျစွာ ရယ်မောလိုက်လေသည်။

ယန်းအင်းစိမ်းလည်း ပြုံးလိုက်သည်။

ထိုစဉ် အမျိုးသမီးကြီးက....

‘သူတို့က ပြန်မလာတော့ဘူးဆိုရင် သူက ရောက်လာမှာပဲ’

‘ရောက်လာရင်ကောင်းတာပေါ့ဗျာ၊ မလာဘဲ ထွက်ပြေးသွားမှာ ကျုပ်က စိုးရိမ်နေတာဗျ’

ဝဲဘက်မှလူ၏ စကားအဆုံးတွင် ယန်းအင်းစိမ်းက....

‘ကြေးသုံးဖော်ကို ရှင်းပစ်လိုက်ပြီဆိုရင်တော့ သူက သေချာပေါက် လာမှာပဲဗျ၊ သူ့ကို အထင်သေးလို့မရဘူး’

‘အထင်သေးလို့မရဘူးဆိုရင် ဘာကြောင့် ခြောက်လှန့်လိုက်ရတာလဲ’

‘ဗျာ....’

'ကြေးသုံးဖော်လှတ်လိုက်တာ သူ့ကိုခြောက်လှန့် သတိပေးလိုက်သလို ဖြစ်သွားတာပေါ့'

ယန်းအင်းစိမ်း သက်ပြင်းချလိုက်သည်။

• • •

'ကျုပ်က သည်လောက်အထိဖြစ်မယ်လို့ မရည်ရွယ်ပါဘူးဗျာ၊ သူ့အကြောင်းလဲ ကောင်းကောင်းမသိသေးတော့'

သူ၏စကားမဆုံးမီ အမျိုးသမီးကြီးက ကြားဖြတ်ပြောလိုက်လေသည်။

'သူ့အကြောင်း ကောင်းကောင်းမသိဘူးဟုတ်လား၊ ဒါ ထက် ရှင်ပြောတော့ သူဟာ ရှင့်ရဲ့ဖောက်သည်ဆို'

'ဟုတ်ပါတယ်ဗျာ၊ သူနဲ့ဆက်ဆံခဲ့တာ ဆယ်နှစ်လောက်ရှိပါပြီ။ သူက တစ်နှစ်တစ်ကြိမ်လောက် အဘိုးတန်ပစ္စည်းတွေ လာရောင်းလေ့ရှိတယ်။ ကျုပ်က ဈေးနှိမ်ဝယ်ခဲ့တာချည်းပဲ၊ သူ ကိုယ်တိုင်ကလဲ ပေါက်ဈေးထက် အများကြီး လျော့ပေးနေကျပဲ'

'ဒါနဲ့ ရင်းနှီးတယ်ဆိုပါတော့'



'ဟုတ်တယ် တဖြည်းဖြည်း ရင်းနှီးခဲ့ကြတာပေါ့၊ သူဟာ အရင်က ချူးလီဆီမှာ ရောင်းနေကျလို့ ဆိုတယ်၊ ချူးလီက သိပ်ပြီး ဈေးနှိမ်လို့ ကျုပ်ဆီကို လာရောင်းတာလို့လဲ ပြောတယ်'

'သူ့နာမည် ဘယ်သူလဲ ရှင်သိသလား'

'သူက ဝမ်းလေ့လို့ ပြောတာပဲ'

'ဝမ်းလေ့ ဟုတ်လား'

'ဟုတ်တယ်လေ'

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

အမျိုးသမီးနှင့် ထိပ်ပြောင်နေသူတို့ သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

* * *

ယန်းအင်းစိမ်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူတို့နှစ်ယောက်ကို မျက်မှောင်ကုတ်ကြည့်ကာ....

'ခင်ဗျားတို့ ဘာရယ်ကြတာလဲဗျ'

ထိပ်ပြောင်ကြီးက....

'ရယ်စရာကောင်းလို့ ရယ်တာပေါ့ဗျာ၊ ဝမ်းလွှဆိုတာ သရဲလို့ ပြောသွားတာပဲ၊ ဒါကို ခင်ဗျားက နာမည်အရင်းလို့ ထင်နေတာကိုး'

'သူ့နာမည် အမှန်အတိုင်းမပြောဘူးဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် ကျုပ်တို့နှစ်ယောက် ဆက်ဆံတဲ့ကိစ္စမှာ နာမည်က အရေးမကြီးလေတော့'

'အခုလိုဖြစ်လာနိုင်တယ်ဆိုတာမှ ခင်ဗျား မစဉ်းစားခဲ့ဘဲကိုး'

ယန်းအင်းစိမ်း ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိပ်ပြောင်ကြီးက ဆက်ပြောလိုက်သည်။

'ဘာပဲဖြစ်ဖြစ် သည်လူဟာ ခေတ်လူမဟုတ်တာတော့ သေချာတယ်၊ သူ့ကိုဆုံးမပြီး သူ့ဆီက ပစ္စည်းယူပေးနိုင်ရင် ကျုပ်တို့အတွက် ဘာယ်လောက်ရမလဲ'

'ကျုပ်တို့သုံးယောက် အညီအမျှ ဝေယူကြတာပေါ့ဗျာ'

ထိပ်ပြောင်ကြီးက ဆက်ပြောလိုက်သည်။

အမျိုးသမီး ခေါင်းညိတ်လိုက်သည်။

'မဆိုးပါဘူး....ကျေနပ်စရာပါဘဲ'

'ခင်ဗျားကျေနပ်ရင် ကျုပ်လဲ ကျေနပ်ရမှာပေါ့၊ ဒါပေမယ့် ပစ္စည်းက ဘယ်မှာရှိတယ်ဆိုတာသိရဖို့ ပိုအရေးကြီးတယ်'

အမျိုးသမီး ထိုင်ရာမှထလိုက်သည်။

'ကျွန်မ သွားကြည့်လိုက်မယ်'

စကားဆုံးလျှင် တစ်ဘက်သို့ ထွက်သွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။



ခေါင်မိုးပေါ်မှ ချောင်းကြည့်နေခဲ့သည့် ဝမ်းတုက ဝမ်းလျှားမှောက်နေရာမှ ထလိုက်သည်။

ထိုစဉ် အမျိုးသမီးသည် အဆောက်အအုံအတွင်းမှ ထွက်လာပြီး အရှေ့ဘက်ဆီသို့ ပြေးလွှားသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝမ်းတု ပြုံးလိုက်သည်။

ချက်ချင်းပင် အိမ်ခေါင်မိုးပေါ်မှ ခုန်ဆင်းကာ အမှောင်ရိပ်ထဲ တိုးဝင်သွားလေတော့သည်။

အမျိုးသမီး ပြေးလွှားလာသည်။

အတန်ကြာ ပြေးလာမိလျှင်၊ မြို့တစ်မြို့လုံး အိပ်မောကျကာ တိတ်ဆိတ် ငြိမ်သက်နေကြောင်း သတိပြုမိလိုက်လေသည်။

ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။

ပြီးလျှင် နဂါးနှစ်ကောင်တည်းခိုခန်းဆီသို့ ဦးတည်ပြေးလွှား သွားသည်။

သို့သော် နဂါးနှစ်ကောင် တည်းခိုခန်းသို့ မရောက်မီ လမ်းကြားတစ်ခုသို့ ဖြတ်အကူးတွင်....

‘ရှီ’....

လေချွန်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အမျိုးသမီးခြေလှမ်း တုံ့ခနဲ ရပ်သွားသည်။

ထိုအခါ သူမအားကျောခိုင်းကာ တလှုပ်လှုပ်သွားနေသူ တစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။

အမျိုးသမီး မျက်မှောင်ကုတ်သွားသည်။

‘ညာ်ီး အချိန်မတော်သွားလာနေတာ ဘယ်သူလဲ’

ထိုသို့တွေးမိသည်နှင့် ခပ်သုတ်သုတ်ပြေးလွှားသွားသည်။

ရှေ့မှ တလှုပ်လှုပ်သွားနေသူကား လမ်းချိုးကလေးတစ်ခု အတွင်း ချိုးကွေ့ဝင်သွားသည်။

အမျိုးသမီးက ထပ်ကြပ်မကွာ ပြေးလိုက်သွားသည်။

လမ်းချိုးကလေးထဲသို့ ချိုးကွေ့ဝင်မိလျှင်....

‘ဟင်....’

လွှတ်ခနဲရေရွတ်ကာ ခြေလှမ်းတုံ့ခနဲ ရပ်လိုက်မိသည်။

အကြောင်းကား....

ရှေ့မှ တလှုပ်လှုပ်သွားနေသူ ပျောက်ချင်းမလှ ပျောက်သွားပြီ မဟုတ်ပါလား။

* * *



အမျိုးသမီး ကြောင်အမ်းအမ်းဖြစ်နေစဉ် သူမ၏နှာခေါင်းထဲ စိမ်းရွှေရွှေအနံ့အသက်တစ်ခု ရှူရှိုက်မိလေသည်။

‘ဘာအနံ့ပါလိမ့်’

အမျိုးသမီးက အမျိုးအစားသိနိုင်ရန် ထပ်မံ ရှူရှိုက်ကြည့်လိုက်လေသည်။

သို့သော် အတန်ကြာ ရှူရှိုက်ပြီးသော်လည်း မည်သည့်အရာမှ ထွက်ပေါ်လာသည့် အနံ့အသက်ဖြစ်ကြောင်း စဉ်းစား မရပါချေ။

‘ဘာအနံ့ပါလိမ့်’

သူမငိုင်နေစဉ်....

‘ဟဲ....ဟဲ....ဟဲ’

ရယ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

အမျိုးသမီး ရင်ထိတ်သွားသည်။

အနောက်ဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ အနောက်ဘက် မလှမ်းမကမ်း၌ လူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ သူမရှေ့မှ ပျောက်ကွယ်သွားသူ ဖြစ်လေသည်။

အမျိုးသမီး သတိထားရင်း....

‘ရှင် ဘယ်သူလဲ’

ဟု လှမ်းမေးလိုက်လေသည်။

ရယ်မောလိုက်သူက....

'အဆိပ်လက်ညှိုး'

* * *

'ဘာရှင့်'

'အဆိပ်လက်ညှိုးဆိုတဲ့နာမည် ခင်ဗျား ကြားဖူးမယ်ထင်တယ်'

'ရှင်....ရှင်....'

အနောက်ဘက်၌ ရပ်နေသူကား ဝမ်းတုဖြစ်လေသည်။

ဝမ်းတုက....

'ယန်းအင်းစိမ်းက ကျုပ်ပစ္စည်းတွေကို အချောင်လိုချင်တယ်လေဗျာ၊ ကျုပ်ကသူ့ကို ခွင့်မလွှတ်နိုင်ဘူးဗျ'

'ရှင်....ရှင်ဟာ....'

'ယန်းအင်းစိမ်းဆီမှာ ပစ္စည်းရောင်းနေကျဖောက်သည်ဟာ ကျုပ်ပဲ'

အမျိုးသမီး သက်ပြင်းချလိုက်သည်။

'ကျွန်မက ရှင်မှန်းမသိခဲ့ဘူး'



'နောက်ကျသွားပါပြီဗျာ၊ အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် လုပ်သင့်မလုပ်သင့် အရင်ဆုံး ဝေဖန်ပိုင်းခြားသင့်တာပေါ့'

'ရှင်မှန်းသိရင် ကျွန်မ လုပ်မိမှာမဟုတ်ဘူး'

'အခုမှတော့ နောက်ဆုတ်လို့မရတော့ဘူး'

အမျိုးသမီးကြီး သက်ပြင်းချလိုက်သည်။

'ရှင် ခွင့်မလွှတ်နိုင်ဘူးဆိုရင်လဲ ဘယ်တတ်နိုင်ပါ့မလဲ ရှင်'

စကားဆုံးလျှင် လက်နှစ်ဘက် မသိမသာ ဝှေ့ရမ်းလိုက်သည်။

ထိုအခါ....

သူမ၏လက်တွင် ဝတ်ဆင်ထားသည့် ကြေးလက်ကောက်များမှ တဝီဝီမြည်ကာ ဝမ်းတုထံ ပစ်လွှင့်သွားသည်။

ဝမ်းတုက ခေါင်းယမ်းလိုက်ပြီး....

'ခင်ဗျားလက်မှာ ကြေးလက်ကောက်တွေ ဝတ်ဆင်ထားကတည်းက ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ ကျုပ်သိပြီးပါပြီ၊ ဒါပေမယ့် ခင်ဗျား ဘာမှတတ်နိုင်တော့မှာ မဟုတ်ပါဘူး'

ပြောရင်း ပစ်လွှင့်လာသော လက်ကောက်များကို ဖမ်းဆီးထားလိုက်သည်။

ကြေးလက်ကောက် တစ်ကွင်းမကျန် ဝမ်းတု၏လက်ထဲသို့ ရောက်သွား၏။

အမျိုးသမီးကြီး မျက်နှာပျက်သွားသည်။

'ကျွန်မရဲ့ ကြေးလက်ကောက်ကို ဖမ်းထားနိုင်တဲ့လူဟာ ရှင်တစ်ယောက်ပဲ ရှိသေးတယ်'

ဝမ်းတု ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားသာ သတိထားခဲ့မယ်ဆိုရင် ကျုပ်လဲ ဖမ်းနိုင်မှာ မဟုတ်ဘူးဗျ'

'ဘာရှင့်'

'ဩော်...ခင်ဗျားသာ ကျုပ်ရဲ့ အဆိပ်ငွေ့ကို မရှူရှိုက်ခဲ့ဘူးဆိုရင် ခင်ဗျားပစ်တဲ့ ကြေးလက်ကောက်ကို ကျုပ်ဖမ်းနိုင်မှာ မဟုတ်ဘူးဗျ'

'ရှင်...ရှင်'

အမျိုးသမီးကြီး နောက်သို့ ခြေလှမ်းဆုတ်လိုက်သည်။

* * *

မကြာသေးမီက သူမရှူရှိုက်မိခဲ့သည့် စိမ်းရွှေရွှေအနံ့မှာ အဆိပ်ငွေ့များဖြစ်ကြောင်း ယခုမှ သိလိုက်ရပြီ ဖြစ်သည်။

အဆိပ်လက်ညှိုး....

အဆိပ်လက်ညှိုးဟူသည့် အမည်ကား သူမအား ခြောက်လှန့်နေပြီတကား....။

ဝမ်းတုက....



'ကျုပ်က ယန်းအင်းစိမ်းနဲ့ သွားတွေ့လိုက်ဦးမယ်၊ ခင်ဗျား မရှိတော့ဘူးဆိုရင် ကျုပ်ရဲ့ပစ္စည်းကို သူနဲ့ လင်းတကြီး ရို့ ကျား တို့ နှစ်ယောက်တည်းခွဲဝေယူဖို့ တိုင်ပင်ကောင်း တိုင်ပင်နေကြမှာဗျ'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားတော့သည်။

အမျိုးသမီးကြီး အံတင်းတင်းကြိတ်လိုက်သည်။

ဝမ်းတုထံ ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော်....

ရှေ့သို့ ခြေလှမ်းသုံးလှမ်းခန့် လှမ်းလိုက်ပြီးသည်နှင့် ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားပြီး မြေပေါ် ဘုန်းခနဲ လဲကျသွား၏။

ဝမ်းတုကား လုံးဝလှည့်မကြည့်ဘဲ ထိပ်တန်းရတနာဆိုင်ဘက်သို့ ပြန်လည်ပြေးလွှားသွားလေတော့သည်။

## သူနိုင် ကိုယ်နိုင်

ယန်းအင်းစိမ်း မလှုပ်မယှက်ထိုင်နေ၏။

သူ၏ဂါဘက်၌ ထိုင်နေသည့် ထိပ်ပြောင်ကြီးက....

'သူလဲ ပြန်ရောက်ဖို့ကောင်းပြီ'

ဟု ပြောလာသည်။

ယန်းအင်းစိမ်း သက်ပြင်းချလိုက်သည်။

'ဟုတ်တယ်။ ကျုပ်တော့ မှားပြီထင်တယ်'

'ဘာမှားတာလဲဗျ'

'သူတောင်းသလောက်ပေးပြီး ဝယ်လိုက်တာကမှ ကျုပ်အတွက် အကျိုးအမြတ်ရှိဦးမယ် အခုတော့....'

စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သည်။

ထိပ်ပြောင်ကြီး မကျေမနပ်ဖြစ်သွား၏။

'ကျုပ်တစ်ယောက်လုံး ရှိသေးတာပဲ၊ ခင်ဗျား ဘယ်လိုပြောလိုက်တာလဲဗျ၊ ဘာလဲ ကျုပ်ကိုမယုံကြည်တဲ့ သဘောလား'

'ဟာ....မဟုတ်ပါဘူးဗျာ၊ မိတ်ဆွေရှို့ကျားက သူ့ကိုကောင်းကောင်းဆုံးမနိုင်မှာပါ'

'ဒါဖြင့် စိတ်ပျက်တဲ့စကား မပြောစမ်းပါနဲ့ဗျာ'

'ကောင်းပါပြီ'

ယန်းအင်းစိမ်း ပါးစပ်ပိတ်ထားလိုက်သည်။

ထိပ်ပြောင်ကြီးကား သိုင်းလောကဌ် ထင်ရှားသည့် လင်းတရှို့ကျား ဖြစ်သည်။

နာမည်နှင့်လိုက်အောင် သူနှင့် ကြုံတွေ့ရသူတိုင်း လူသေအလောင်းချည်း ဖြစ်သွားရတတ်၏။

ရှို့ကျားက....

'ကျုပ်တို့က သူ့ကိုလိုက်ရှာစရာ မလိုပါဘူး၊ သူက ကျုပ်တို့ကို လာရှာမယ်ဆိုတာ သေချာတယ်'

'ခင်ဗျားပြောတာ မှန်တယ်'

စကားသံနှင့်အတူ ခေါင်မိုး အုပ်ကြွပ်ပြားများ ကျိုးပဲ့သွားသည့်အသံ ထွက်ပေါ်လာသည်။

တဆက်တည်းပင် ဖုန်များသဲများ ကျလာ၏။

ယန်းအင်းစိမ်းနှင့် ရှို့ကျားတို့ခုန်ထကာ ဘေးသို့ ရှောင်တိမ်းလိုက်ကြ၏။

ဖုန်များ သဲများကား သူတို့ထိုင်နေခဲ့သည့် ထိုင်ခုံနှင့် စားပွဲပေါ် ဝေါခနဲ ကျသွားသည်။



ရှို့ကျားက....

'ခိုးကြောင်ခိုးဝှက် လုပ်မနေစမ်းပါနဲ့၊ သတ္တိရှိရင် ကိုယ်တိုင်ထွက်လာခဲ့စမ်းပါ'

ဟု အော်ပြောလိုက်၏။

သူ၏စကားသံနှင့် မရှေးမနှောင်းတွင်....

'ကျုပ်ရှိပါတယ်ဗျာ'

စကားသံ ထွက်ပေါ်လာ၏။

ရှို့ကျား လှည့်ကြည့်လိုက်လျှင် အခန်းထောင့် တစ်နေရာတွင် လူတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

ထိုလူမှာ....

ဝမ်းတုပင် ဖြစ်၏။

ဝမ်းတုက ယန်းအင်းစိမ်းကို စိုက်ကြည့်ရင်း....

'ကျုပ်က အမြဲတမ်း လျှော့ရောင်းခဲ့တယ်၊ ခင်ဗျားကလဲ ဈေးနှိမ်ဝယ်ခဲ့တယ်၊ ဒီတစ်ကြိမ် ခင်ဗျား လောဘဇောတက်

ပြီး ကျုပ်အပေါ် အကောက်ကြံတာ ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်နေပြီ’

ဟု ပြောလိုက်သည်။

ယန်းအင်းစိမ်း ပခုံးတွန့်လိုက်သည်။

‘လူဆိုတာ တစ်ကြိမ်တစ်ခါတော့ မှားစမြဲပဲ မဟုတ်လားဗျာ’

‘ခင်ဗျားအမှားက ပြန်ပြင်လို့မှ မရတာ’

‘ဘာဖြစ်လို့လဲ’

‘ကျုပ်က မကျေနပ်လို့ပေါ့’

ယန်းအင်းစိမ်း သက်ပြင်းချလိုက်သည်။

‘ခင်ဗျားကျေနပ်အောင် ကျုပ်က တောင်းပန်မယ် ဆိုရင်ကော…’

‘နောက်ကျသွားပါပြီဗျာ၊ ကျုပ်အပေါ် အကောက်ကြံတဲ့ လူကို ကျုပ် ဘယ်တော့မှ ချမ်းသာမပေးခဲ့ဘူးဗျ’

‘ဆရာကြီးရို့ကျား ရှိနေတယ်ဆိုတာလဲ သတိထားပါဦးလေ’

‘ကျုပ်ကလဲ လင်းတအသား စားကြည့်ချင်တာနဲ့ အတော်ပဲ’

ရို့ကျား ဒေါပွသွားသည်။

ဝမ်းတုကိုကြည့်ကာ မဲပြုံးပြုံးရင်း….

‘ခင်ဗျားမဆိုးဘူး၊ ဒါပေမယ့် အခုလိုလာခဲ့တာ အမှားကြီး မှားသွားပြီဆိုတာ သိစေရမယ်’



စကားဆုံးလျှင် လျှပ်တပြက် ခုန်ဝင် တိုက်ခိုက်လိုက်လေသည်။

* * *

ဝမ်းတုက လက်နှစ်ဘက်ဝေ့ယမ်းလိုက်၏။

ထိုအခါ အနီရောင်အခိုးအငွေ့များ ရုတ်ခြည်းထွက်ပေါ်လာလေသည်။

ရို့ကျား ရင်ထိတ်သွား၏။

အနောက်ဘက်သို့ ချက်ချင်း ခုန်ဆုတ်သွားလေသည်။

ဝမ်းတု သဘောကျစွာ ရယ်မောလိုက်ပြီး….

‘ကျုပ်မှားပြီလို့ ခင်ဗျားမပြောနိုင်တော့ပါဘူးဗျာ’

ရို့ကျား သက်ပြင်းချလိုက်သည်။

‘ခင်ဗျားက အဆိပ်ပညာ ကျွမ်းကျင်တာကိုး။ သံမဏိယပ်တောင် ဝမ်းလျန်နဲ့ ဘယ်လိုပတ်သက်နေတယ်ဆိုတာ ပြောပါဗျာ’

‘ခင်ဗျား ဘာလုပ်မလို့လဲ’

‘သူနဲ့ပတ်သက်နေတယ်ဆိုရင် ကျုပ် အေးအေးဆေးဆေး ထွက်သွားရုံပဲပေါ့’

'ခင်ဗျား သေချာရဲ့လား'

'ကျုပ်ဘာကြောင့် အပိုစကားပြောရမှာလဲ'

'ကောင်းပြီ ကျုပ်ဟာ ဝမ်းလျှန်ရဲ့အစ်ကို ဝမ်းတုပဲ'

'ဘာ....'

ရှို့ကျား၏ ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားလေသည်။

ဝမ်းတုကို မျက်လုံးပြူးကြည့်ကာ....

'ခင်....ခင်ဗျားက အဆိပ်လက်ညှိုး ဝမ်းတုဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ခင်ဗျားမှန်း ကျုပ်မသိခဲ့ဘူး'

'အခု သိပြီမဟုတ်လား'

ရှို့ကျား ဆက်ပြင်းချလိုက်သည်။

'ကျုပ် သွားပါတော့မယ်ဗျာ'

စကားဆုံးလျှင် ချာကနဲ လှည့်ကာ ထွက်ခွာသွားရန် ဟန်ပြင်လိုက်လေသည်။

* *

ထိုစဉ် ယန်းအင်းစိမ်းက....

'ခင်ဗျား ကျုပ်ကိုထားပြီး ထွက်သွားတော့မလို့လား'



ပြောပြီး ရှို့ကျားထံ ပြေးသွား၏။

ရှို့ကျားက ချာခနဲလှည့်ကာ လက်ဝါးဖြင့် ရိုက်ချလိုက်၏။

အမှတ်တမဲ့ ယန်းအင်းစိမ်း မရှောင်နိုင်တော့ချေ။

ရှို့ကျား၏လက်ဝါးက သူ၏ရင်ဝကို ရိုက်ချမိလိုက်လေသည်။

* *

'ဝုန်း'

'အား....'

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

ယန်းအင်းစိမ်းမှာ အနောက်ဘက်သို့ အရှပ်ကြိုးပြတ် လွင့်စဉ်သွား၏။

ကြမ်းပြင်ပေါ် လဲကျသွားပြီး ပြန်လည်လူးလိမ့် ထလာသောအခါ သူ၏နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေသည်ကို တွေ့မြင်ရမည်ဖြစ်ပေသည်။

ယန်းအင်းစိမ်း အံတင်းတင်းကြိတ်ကာ....

'ခင်....ခင်ဗျား လူယုတ်မာ'

ရှို့ကျားက လုံးဝအရေးမစိုက်ပါချေ။

ဝမ်းတုဘက်လှည့်ကာ....
'ခင်ဗျား ကျေနပ်ပါတယ်နော်'
ဟု ပြောလိုက်သည်။
ရှို့ကျား ဘာမှမပြောတော့ဘဲ အခန်းတွင်းမှ ခပ်သွက်သွက် လှမ်းထွက်သွားလေတော့သည်။

## လောဘ သားကောင်

ရှို့ကျား ထွက်သွားပြီဖြစ်လေသည်။
ယန်းအင်းစိမ်း ချောင်းတဟွတ်ဟွတ်ဆိုးလိုက်သည်။
ခါးကုန်းသွားအောင် ချောင်းဆိုးလိုက်ပြီး သွေးများအန်ထုတ်လိုက်သည်။
ထို့နောက် ဝမ်းတုဘက်လှည့်လိုက်လေသည်။
သူ၏မျက်လုံးများ ပြာဝေနေသည်။
ဦးခေါင်းမခံရပ်နိုင်အောင် ကိုက်ခဲနေပြီး တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေ၏။
ဝမ်းတု သက်ပြင်းချလိုက်သည်။
'ခင်ဗျားက လောဘကြီးတာကိုး'

ဟု မှတ်ချက်ချလိုက်လေသည်။

ယန်းအင်းစိမ်း အံ့ကြိတ်လိုက်သည်။

'လူတိုင်း လောဘသားတောင်တွေချည်းပဲ မဟုတ်လား၊ ခင်ဗျားကော လောဘနဲ့ သူများပစ္စည်းတွေကို လုယက်နေကျပဲ မဟုတ်လား'

'မှန်တယ်၊ ဒါပေမယ့် ကျုပ်ကမပိုင်ရင် ဘယ်တော့မှ မလုပ်ဘူး'

'ခင်ဗျားမှားပြီ၊ မြို့စားကြီး လုံးကျင်းချန်းက ခင်ဗျားအကြောင်း သိနေပြီဗျ'

'ဘာ'...'

---

ဝမ်းတု၏စကားသံ ဟိန်းထွက်လာ၏။

သူ၏မျက်လုံးများလည်း ပြူးကျယ်သွားလေသည်။

ယန်းအင်းစိမ်း ပြုံးလိုက်သည်။

'ရွှေစင်ပီသာတစ်ရာနဲ့ရောင်းမှာ ဘယ်လိုပစ္စည်းတွေလဲဆိုတာ ကျုပ်သိပြီလေ၊ မြို့စားကတော်ရဲ့ ပစ္စည်းတွေမဟုတ်လား၊ ခင်ဗျား ပြေးလို့မလွတ်တော့ပါဘူး'

ဝမ်းတုမျက်နှာ ကွက်ခနဲ ပျက်သွားသည်။

* * *



လက်တစ်ဘက်ဆန့်ထုတ်ကာ ယန်းအင်းစိမ်းအား ရိုက်ချရန် ဟန်ပြင်လိုက်၏။

သို့သော် တစ်စုံတစ်ခုအားစဉ်းစားမိလိုက်ဟန်ဖြင့် ရိုက်ချခြင်း မပြုဘဲ နေလိုက်၏။ ယန်းအင်းစိမ်းကို စိုက်ကြည့်ရင်း....

'မြို့စားကြီးလုံးကျင်းချန်းက ကျုပ်အကြောင်း သိသွားတယ် ဟုတ်လား'

'ဟုတ်တယ်၊ မြို့စားကတော်စီးနင်းလာတဲ့ မြင်းလှည်းကို တိုက်ခိုက်လုယူရဲတဲ့လူ သိုင်းလောကမှာ ဘယ်လောက်များများ ရှိမှာမို့လဲ၊ ဒီလိုလုပ်နိုင်တဲ့ လက်တစ်ဆုပ်စာလူစုထဲမှာ ခင်ဗျားလဲ တစ်ယောက်အပါအဝင်ဆိုတာ သူတို့တွက်ကြတယ်'

ဝမ်းတု ပြုံးလိုက်သည်။

'သူကကျုပ်ကို မသင်္ကာတဲ့သဘောရှိတာကိုး၊ ဒါလောက်တော့ ကျုပ် အရေးမစိုက်သေးပါဘူးဗျ'

'မြို့စားကြီးလုံးကျင်းချန်းက ရတနာဆိုင်တွေကို လူလွှတ်အကြောင်းကြားခဲ့တယ်၊ မြို့စားကတော်ရဲ့ ရတနာပစ္စည်း လာရောင်းတာတွေ့ရင် ချက်ချင်းအကြောင်းကြားဖို့ မှာထားတယ်၊ ပစ္စည်းအမျိုးအစားကော တန်ဖိုးကော ပြောပြထားတယ်လေ'

'အဲဒါ ဘာဖြစ်သလဲ'

'ဘာဖြစ်ရမလဲ၊ ခင်ဗျားက ရွှေစင်ပီသာတစ်ရာ တောင်းတာနဲ့ ကျုပ်လဲ မသင်္ကာလို့ လူလွှတ်ပြီး အကြောင်းကြားလိုက်တယ်လေ'

'သူတို့ကျုပ်ကို မမိနိုင်ပါဘူး'

'ခင်ဗျားသည်လိုထင်ရင် မှားမှာပေါ့'

'ဘာလဲ....ကျုပ်ကို အချိန်ဆွဲနေတာလား မရဘူးဗျ'

စကားဆုံးလျှင် ဝမ်းတုက လက်တစ်ဘက် ဝှေ့ယမ်းလိုက်လေသည်။

အနီရောင်အခိုးအငွေ့များသည် ယန်းအင်းစိမ်းထံသို့ တိုးဝင်သွားသည်။

'အဟွတ်....အဟွတ်....'

ယန်းအင်းစိမ်း ရှူရှိုက်မိသွားသဖြင့် ချောင်းတဟွတ်ဟွတ်ဆိုးလာသည်။

မျက်ရည်များ နှာရည်များ ချက်ချင်း စီးကျလာလေသည်။

ဝမ်းတု သက်ပြင်းချကာ....

'ကျုပ်ကို သတိပေးတာ ကျေးဇူးပဲ၊ ကဲ....ကျုပ်သွားဦးမယ်'

စကားဆုံးလျှင် ယန်းအင်းစိမ်းအား အရေးမစိုက်တော့ဘဲ လှမ်းထွက်သွားသည်။

ယန်းအင်းစိမ်း အံတင်းတင်း ကြိတ်လိုက်သည်။

ထွက်သွားသည့်ဝမ်းတုအား လိုက်လံ တိုက်ခိုက်ရန် ဟန်ပြင်သည်။

သို့သော် ကိုယ့်ကိုကိုယ်ပင် မဟန်နိုင်တော့ဘဲ....

'ဝုန်း'

ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

* * *



ဝမ်းတုက အပြင်ဘက်သို့ ရောက်ရှိလာသည်နှင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

ဝန်းကျင်ဝယ် လူသူကင်းရှင်းနေပါ၏။

ဝမ်းတုက နဂါးနှစ်ကောင်တည်းခိုခန်းဘက် သွားရန် ခြေလှမ်းပြင်လိုက်၏။

ထိုစဉ် မလှမ်းမကမ်း၌ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့မြင်လိုက်ရသည်။

ဝမ်းတု၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။

လူရိပ် လှုပ်ရှားသွားသည့်နေရာဆီသို့ သတိပြု ကြည့်လိုက်လေသည်။

ထိုအခါ အမှောင်ရိပ်ထဲ၌ လူတစ်ယောက်ရှိနေသည်ကို တွေ့ရလေသည်။

ဝမ်းတုရင်ထဲ လှုပ်ရှားသွားသည်။

'ဘယ်သူများပါလိမ့်'

တွေးရင်း တိုက်ခိုက်ရန် အသင့် ပြင်ထားလိုက်လေသည်။

အမှောင်ရိပ်ထဲမှ လူရိပ်ကား လရောင်အောက်သို့ တိုးထွက်လာသည်။

ထိုအခါမှ လုတင်းနှင့် မိတ်ဆွေဖွဲ့ခဲ့ကြသည့် စုအိမ်းဆိုသောလူငယ် ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ဝမ်းတု မျက်မှောင်ကုတ်သွား၏။

စုအိမ်းကား ပြေးလွှားလာရင်း သူ့အနီးသို့ ရောက်ရှိလာသည်။

ဝမ်းတုက မျက်နှာထားတင်းတင်းဖြင့်....

'မင်းက ကျုပ်နောက်ကို လိုက်လာတာလား'
ဟု မေးလိုက်လေသည်။
စုအိမ်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရင်း....
'ဦးလေးရဲ့တူကော ဘယ်ရောက်သွားပြီလဲ'
'ဘာကွ'
'ကျွန်တော်က တည်းခိုခန်းမှာ ဦးလေးတို့နဲ့ အခန်းချင်းကပ်လျက် တည်းခိုနေတာလေ။ ညဥ့်နက်တဲ့အထိ ဦးလေးတို့ပြန်ရောက်မလာလို့ စိတ်ပူတာနဲ့ လိုက်ရှာမိတာပါ'

* * *

ဝမ်းတုပြုံးလိုက်သည်။
'ငါတို့အတွက် စိတ်ပူတာယ် ဟုတ်လား၊ ဘာကို စိတ်ပူတာလဲ'
'ဟို....ဟို....'
'မင်းက ငါ့ဘာလုပ်တယ်ဆိုတာ လိုက်ချောင်းတာ မဟုတ်လား'
'ဟာ....မ....မဟုတ်ပါဘူးဗျာ'
'မင်းဘယ်သူလဲ ငါ့ကို မှန်မှန်ပြောစမ်း'



ဝမ်းတုက အောက်ငေါက်ရင်း လက်ငါးချောင်းဖြင့် စုအိမ်း၏ ပခုံးကို ကုတ်ချလိုက်လေသည်။
'အမလေး'
စုအိမ်း လွှတ်ခနဲ အော်ဟစ်လိုက်လေသည်။
သူ၏ခန္ဓာကိုယ် လှုပ်ရှားလိုက်သည်နှင့် ဝမ်းတု၏ လက်ချောင်းများက လေကိုသာ ဖမ်းဆုပ်မိလိုက်လေသည်။
ဝမ်းတု မျက်လုံးပြူးသွား၏။
စုအိမ်းကို မယုံကြည်နိုင်စွာကြည့်ရင်း....
'လက်စသတ်တော့ မင်းက သိုင်းပညာ တတ်တာကိုး၊ ကဲ.... ရှောင်နိုင်ရင် ရှောင်ပေတော့'
အော်ပြောရင်း လက်နှစ်ဘက်ဆန့်ထုတ်ကာ ဝေ့ယမ်းလိုက်၏။
ထိုအခါ ရှူးခနဲ ရှူးခနဲ မြည်သံများနှင့်အတူ အနီရောင်အခိုးအငွေ့များ ပန်းထွက်လာလေတော့သည်။
'အမလေးဗျ'
စုအိမ်း အော်ဟစ်ကာ ရှောင်တိမ်းလိုက်၏။
သို့သော် လွတ်အောင် မရှောင်နိုင်သဖြင့် အနီရောင် အခိုးအငွေ့များမှာ သူ၏တစ်ကိုယ်လုံး ဖုံးလွှမ်းသွားလေသည်။
'အဟွတ်....အဟွတ်....'
စုအိမ်း ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။
ဝမ်းတု သဘောကျစွာ ပြုံးလိုက်ပြီး....
'မင်းဘာကြောင့် ငါ့နောက်လိုက်လာရတယ်ဆိုတာ ပြောရင် မင်းအတွက် အဆိပ်ဖြေဆေး ငါပေးမယ်'

'ဘာ....ကျွန်တော့်အတွက် အဆိပ်ဖြေဆေးဟုတ်လား'

'ဟုတ်တယ်လေ'

'ကျွန်တော် ဘယ်တုန်းက အဆိပ်မိသွားလို့လဲ'

'အခု အဆိပ်မိသွားပြီလေ'

'ဟာ....မဟုတ်တာ'

'ဟား....ဟား....ဟား'

ဝမ်းတု သဘောကျစွာ ရယ်မောလိုက်လေသည်။

စုအိမ်းက ခေါင်းယမ်းလိုက်သည်။

'ဦးမှားနေပြီ၊ ကျွန်တော် ဘယ်မှာအဆိပ်မိလို့လဲ'

'မင်း....'

ဝမ်းတု ရှေ့ဆက်မပြောနိုင်ဘဲ ပါးစပ် အဟောင်းသား ဖြစ်သွား၏။

အကြောင်းမှာ....

စုအိမ်းသည် မည်သို့မျှမဖြစ်သလို ပြုံးပြုံးရွှင်ရွှင် ရှိနေသည်ကို တွေ့မြင်ရသည် မဟုတ်ပါလား။

* * *



ဝမ်းတု မျက်မှောင်ကုတ်ကာ....

'မင်း....မင်းက....'

'ကျွန်တော့်ကို နောက်ပြောင် ကျီစယ်နေတာလားဗျာ'

'သေပေတော့'

ဝမ်းတု ဒေါသတကြီး တိုက်ခိုက်လိုက်သည်။

သူ၏တိုက်ခိုက်မှုကား ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေပေသည်။

စုအိမ်းက ခန္ဓာကိုယ် ယိမ်းနွဲ့ကာ ရှောင်တိမ်းနေ၏။

ခပ်ဝေးဝေးသို့ဆုတ်ကာ ရှောင်သွားခြင်း မဟုတ်ဘဲ ပွတ်ကာ သီကာ ရှောင်တိမ်းနေခြင်း ဖြစ်သည်။

ဝမ်းတုက ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ပါသော်လည်း စုအိမ်း၏ အင်္ကျီစကိုပင် ထိအောင် တိုက်ခိုက်နိုင်ခြင်း မရှိပါ။

ဝမ်းတု ဒေါပွလာတော့သည်။

ဘိုက်ခိုက်ရင်း အဆိပ်ထုတ်သုံးပြန်၏။

နောက်ဆုံး....

စုအိမ်းမှာ....

'အမလေးဗျ'

တစ်ချက်အော်ဟစ်လိုက်ပြီး မြေပေါ် ဘိုင်းခနဲ လဲကျသွား၏။

ဝမ်းတု ကြောင်အမ်းအမ်း ဖြစ်သွားသည်။

စုအိမ်းမှာ သူ၏အဆိပ် မိသွားခြင်းကြောင့် လဲကျသွားသည်ဟု ထင်မိသည်။

မျက်မှောင်ကုတ်ကာ စုအိမ်းအနီးသို့ ချဉ်းကပ်သွား၏။

ထိုစဉ်....

စုအိမ်း မြေပေါ်မှ ခုန်ထလာသည်။

တဆက်တည်းပင် ခြေထောက်ဖြင့် သုံးချက်ဆင့်ကာ ကန်လိုက်သည်။

ဝမ်းတု ရင်ထိတ်သွား၏။

ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားချေပြီ။

'ဝုန်း'

'အင့်'

စုအိမ်း၏ ခြေထောက်ကန်ချက်မှာ သူ၏ရင်ဝသို့ တန်းတန်းမတ်မတ် ထိမှန်သွားရာ မသဲမကွဲ အော်ဟစ်လိုက်ပြီး အနောက်ဘက်သို့ လွင့်စဉ်သွားသည်။

* * *

စုအိမ်း ပြုံးလိုက်သည်။

'ကျွန်တော် ပြန်ပြီး မတိုက်ခိုက်ဘူးဆိုရင် ဦးက ရင်မှာမဟုတ်တာ'

ဟု လှမ်းပြောလိုက်၏။



ဝမ်းတု မြေပေါ်မှ လူးလိမ့်ထလာ၏။

သူ၏မျက်နှာ မည်းမှောင်နေသည်။

စုအိမ်းကို စိုက်ကြည့်ရင်း....

'မင်း....မင်းဘယ်သူလဲ၊ ပြောစမ်း'

* * *

'ကျွန်တော့်နာမည် စုအိမ်းလို့ ပြောပြီးပြီပဲ'

'မင်း လိမ်ပြောတာ'

'ဟင်....ကျွန်တော်က ဘာဖြစ်လို့ လိမ်ပြောရမှာလဲ'

'မင်း....မင်း....'

ဝမ်းတုမှာ ဘာဆက်ပြောရမှန်းမသိ ဖြစ်နေ၏။

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားသည့် သိုင်းသမားကြီးများကို သူက လွယ်လင့်တကူ အနိုင်ယူခဲ့လေသည်။

သို့သော်....

ယခု နာမည်ကျော်ကြားခြင်း မရှိသည့် လူငယ်လေး တစ်ယောက်နှင့် တွေ့မှ အရှုံးကြီးရှုံးနေရပြီ မဟုတ်ပါလား။

စုအိမ်းက....

'ဦးကို ကျွန်တော် ဒုက္ခပေးချင်လို့ မဟုတ်ပါဘူးဗျာ...။ ကျွန်တော်က လုထင်းအတွက် စိတ်ပူလို့ပါ'

ဝမ်းတု မျက်မှောင်ကုတ်သွားပြီး....

'မင်း....မင်းက သူ့ကို တကယ်ခင်တယ်၊ ဟုတ်လား'

'ဟုတ်ပါတယ်၊ သူတစ်ခုခုဖြစ်သွားမှာ စိုးရိမ်လို့ပါ'

'ဘာကြောင့်စိုးရိမ်တာလဲ'

'သူက ကျွန်တော့်မိတ်ဆွေမို့ပါ'

'ကောင်းပြီ၊ သူ့အတွက် ဘာမှမပူနဲ့တော့'

'ဗျာ'

'သူအိမ်ပြန်သွားပြီ'

စုအိမ်း မျက်လုံးပြူးသွားသည်။

• • •

'သူအိမ်ပြန်သွားပြီ၊ ဟုတ်လား'

'ဟုတ်တယ်'



'ဘယ်တုန်းက ပြန်သွားတာလဲ၊ ကျွန်တော့်ကို တောင် နှုတ်ဆက်မသွားဘူး'

စိတ်မကောင်းသည့် လေသံဖြင့် ပြောလေသည်။

ဝမ်းတုက....

'ကျုပ်တို့က ပစ္စည်းတချို့ ရောင်းဖို့ လာခဲ့ကြတယ်လေ၊ ဒါကို လူဆိုးတွေက အချောင်လုယူချင်ကြတယ်၊ ဒါကြောင့် လုထင်း အန္တရာယ်ဖြစ်မှာစိုးလို့ အိမ်ပြန်ခိုင်းလိုက်တာ'

'ဩော်....'

'မင်းက သူ့ကို ခင်တယ်ဆိုရင် အိမ်ကိုလိုက်လည်ပါလား'

'ဗျာ'

'ဩော်....ငါနဲ့ အလည်အပတ်လိုက်ခဲ့ပါလားလို့ ဖိတ်ခေါ်တာပါ'

စုအိမ်း၏မျက်လုံး ပြုံးရွှင်သွားသည်။

ဝမ်းတုကို စိုက်ကြည့်ရင်း....

'ဦး တကယ်ပြောတာနော်'

'တကယ်ပေါ့'

'ဝမ်းသာလိုက်တာ၊ ကျေးဇူးလဲ တင်ပါတယ်ခင်ဗျာ'

'မင်းလိုက်မယ် မဟုတ်လား'

စုအိမ်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့....ကျွန်တော် လိုက်ခဲ့ပါမယ်'

• • •

ထိုစဉ်....

'ဦးလေးတု'

အော်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ဝမ်းတု ကြောင်အမ်းအမ်း ဖြစ်သွားသည်။

အသံထွက်ပေါ်လာဆီသို့ ချက်ချင်း လှည့်ကြည့်လိုက်လေသည်။

ထိုအခါ....

သူတို့ထံသို့ ဦးတည်ကာ လူတစ်ယောက် ပြေးလွှားလာနေသည်ကို တွေ့မြင်ရလေသည်။

'ဟင်....လုထင်း'

ဝမ်းတု လွှတ်ခနဲ ရေရွတ်လိုက်၏။

စုအိမ်းလက်ခုပ်လက်ဝါးတီးကာ ရယ်မောရင်း....

'လုထင်း ပြန်ရောက်လာပြီကိုး'

ဟု ကျေနပ်စွာ ပြောလိုက်လေတော့သည်။

* * *



နဂါးနှစ်ကောင်တည်းခိုခန်း....

နဂါးနှစ်ကောင်တည်းခိုခန်း၏ အပေါ်ထပ်ဝရံတာ၌ လူနှစ်ယောက် ရပ်နေ၏။

ထိုလူနှစ်ယောက်မှာ လုထင်းနှင့်စုအိမ်းတို့ဖြစ်ကြလေသည်။

သူတို့နှစ်ယောက်သည် တည်းခိုခန်းသို့လာရာလမ်းကို ကြည့်နေကြ၏။

စုအိမ်းက....

'ခင်ဗျားဦးလေးသွားတာ ကြာလှချည်လား'

ဟု ပြောလာလေသည်။

လုထင်း ပခုံးတွန့်လိုက်သည်။

'ဒီတစ်ခါလဲ အဆင်မပြေပြန်ဘူးထင်ပါတယ်ဗျာ'

'ဟင်း....ဟင်း၊ အဆင်မပြေရင် ချက်ချင်း ပြန်လာရမှာပေါ့'

'ဟုတ်တယ်....ဒါပေမယ့် သူက....'

'ဟောဟိုမှာ ကြည့်ပါဦး'

စုအိမ်းက ညွှန်ပြလျှင်....

လုထင်း လှမ်းကြည့်လိုက်လေသည်။

ထိုအခါ....

ဝမ်းတု ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရ၏။

'ဟော....ဦးလေးတု ပြန်လာပြီ'

လုထင်း ဝမ်းသာသွားလေသည်။

မကြာပါချေ....

ဝမ်းတုမှာ သူတို့အနီးသို့ ရောက်ရှိလာလေသည်။

ရောက်လျှင်ရောက်ချင်း....

'မင်းတို့ မအိပ်ကြသေးဘူးလား'

ဟု မေးလေသည်။

လုထင်း ခေါင်းယမ်းလိုက်သည်။

'ဦးလေးတုကို စောင့်နေကြတာ၊ ဦးလေးတု အဆင်ပြေရဲ့လား'

ဝမ်းတုက....

'အဆင်မပြေပါဘူးကွာ၊ ဒီတစ်ခေါက် ကျန်းနန်ကိုလာခဲ့တာ မှားသွားပြီလို့ ငါထင်တယ်'

'ဘာဖြစ်လို့လဲ ဦးလေးရဲ့'

'ငါက ချူးလီဆီကို ရောက်ပြီးပြီ၊ ချူးလီ ခရီးထွက်သွားတယ်တဲ့။ ဒါဆို ငါတို့ ပစ္စည်းရောင်းဖို့ မဖြစ်နိုင်တော့ဘူးကွ'

'ဒါဆို ဘယ်လိုလုပ်မလဲ'

'ဘယ်လိုလုပ်ရမလဲ၊ အိမ်ပြန်ဖို့ပဲရှိတာပေါ့'

'ကောင်းသားပဲ'

* * *



လုထင်းနှင့်ဝမ်းတု၏စကားများကို စုအိမ်းက ငြိမ်သက်စွာ နားထောင်နေပါ၏။

သူတို့စကား ဆုံးသွားမှ....

'ဦးလေးတုက ပစ္စည်းရောင်းဖို့လာတာ ဟုတ်လား'

ဟု မေးလေသည်။

ဝမ်းတု ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ'

'အဖိုးတန် ရတနာပစ္စည်းလား'

'မှန်တယ်'

'ဒါဆို ကျွန်တော့်မိတ်ဆွေတစ်ယောက်ဆီ သွားရောင်းပါလား'

ဝမ်းတု မျက်မှောင်ကုတ်သွားကာ....

'မင်းရဲ့မိတ်ဆွေက ရတနာပစ္စည်း ရောင်းတယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'သူက အဖိုးတန်ပစ္စည်း ဝယ်နိုင်ပါ့မလား'

'ဝယ်နိုင်မှာပါ'

'သူကဘယ်သူလဲ၊ ဘယ်မှာနေတာလဲ'

'သူ့နာမည် အာချီလို့ခေါ်တယ်၊ စိန့်တူမြို့မှာနေတယ်'

'ကျုပ်မကြားဖူးပါလား'

စုအိမ်းက ပြုံးလိုက်သည်။

'ကျွန်တော်နဲ့ အတော့်ကို ရင်းနှီးပါတယ်၊ ကျွန်တော့်မိတ်ဆွေဆိုရင် သူက ဈေးကောင်းကောင်းပေးမှာ သေချာပါတယ်'

ဝမ်းတုက လုထင်းဘက်လှည့်ကာ....

'မင်း ဘယ်လိုသဘောရသလဲ'

ဟု မေးလေသည်။

လုထင်း ပခုံးတွန့်လိုက်ပြီး....

'ဦးလေးတို့သဘောပဲလေ'

ဝမ်းတုက စုအိမ်းဘက်သို့ ပြန်လှည့်ရင်း....

'ကောင်းပြီ၊ သွားကြတာပေါ့။ ဒါပေမယ့် မင်းကပါတို့ကို အကောက်ကြံမှာတော့ မဟုတ်ပါဘူးနော်'

'ဟာ....မဟုတ်တာဗျာ'

'ဒါဖြင့် ပြီးတာပဲ'

'ကျွန်တော်တို့ မနက်မိုးလင်းတာနဲ့ ခရီးထွက်ကြတာပေါ့'

သူတို့အားလုံး သဘောတူလိုက်ကြလေသည်။

မင်္ဂလာသတင်း
သို့မဟုတ်
နိမိတ်ပေါ်ခြင်း

---

မေတ္တာခြံဝင်း....

မေတ္တာခြံဝင်းဟုရေးသားထားသော ဆိုင်းဘုတ်ကိုကြည့်ကာ ဟန်ကျိန်း သဘောကျစွာ ပြုံးလိုက်လေသည်။

ထို့နောက် ခြံဝင်းတံခါးအနီးသို့ လျှောက်သွားပြီး တံခါးပေါ် ချိတ်ထားသည့် ကြေးခေါင်းလောင်းကလေးကို လှုပ်ယမ်းလိုက်လေသည်။

'ချွင်....ချွင်.... ချွင်....'

ချိုလွင်သာယာသော ခေါင်းလောင်းသံများ ထွက်ပေါ်လာသည်။

ခေါင်းလောင်းသံနှင့် မရှေးမနှောင်းမှာပင် ခြံဝင်းတံခါး ပွင့်သွားပြီး အတွင်းဘက်မှ အဘိုးအို တစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ဟန်ကျိုန်းက ခပ်တည်တည်ရပ်နေ၏။

အဘိုးအိုကား တာကုန်း ဖြစ်လေသည်။

တာကုန်းက သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ် ကြည့်လိုက်ပြီး....

'ဘယ်သူ့ကို တွေ့ချင်လို့လဲ၊ ဘာကိစ္စရှိလို့လဲ ပြောပါ'

ဟု မေးလေသည်။

ဟန်ကျိုန်းက....

'ခြံဝင်းပိုင်ရှင် ရှမ်းလေ့ ရှိသလား'
'သခင်ကြီးနဲ့ တွေ့ချင်တာကိုး'
'ဟုတ်တယ်'
'မိတ်ဆွေက ဘယ်သူဘယ်ဝါဆိုတာ ပြောပါဗျာ'
'ကျုပ်နာမည် ဟန်ကျိုန်းပါ'
'ဘာကိစ္စနဲ့ သခင်ကြီးကို တွေ့ချင်ရတာလဲဗျ'
'ဒါတော့ သူနဲ့တွေ့မှ ပြောနိုင်မယ်'
တာကုန်း မြုံးလိုက်သည်။

'ဒါဆို အထဲကိုကြွပါဗျာ၊ သခင်ကြီးဆီကို ကျုပ်သွားပြီး အကြောင်းကြားပေးပါ့မယ်'



ပြောပြီး အတွင်းဘက် ဖိတ်ခေါ်သွားလေသည်။
ဟန်ကျိုန်းလည်း နောက်မှ လိုက်သွား၏။

* * *

မကြာပါချေ။
ကျောက်ပြားခင်းထားလော လမ်းကို ဖြတ်ကာ ဧည့်ခန်းအတွင်းသို့ ရောက်ရှိသွားကြလေသည်။
တာကုန်းက နေရာထိုင်ခင်းပေးပြီး ထွက်သွား၏။
မကြာပါချေ။
ရှမ်းလေ့အား ခေါ်ဆောင်ကာ ရောက်ရှိလာလေသည်။
ဧည့်ခန်းအတွင်းသို့ ပြန်လည်ရောက်ရှိလာလျှင်....
'ခြံဝင်းပိုင်ရှင် ရောက်လာပါပြီဗျာ'
ဟု ပြောလိုက်လေသည်။
ဟန်ကျိုန်းလည်း ထိုင်ရာမှ ထကာ ဂါရဝပြုလိုက်လေသည်။
ရှမ်းလေ့က သူနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်ချလိုက်သည်။ ပြီးလျှင်....
'ကျုပ်ကို တွေ့ချင်တယ်ဆိုတာ ဘယ်လိုကိစ္စများ ရှိနေလို့လဲ ပြောပါ'

ဟုမေးလေသည်။

ဟန်ကျိန်းက ဝမ်းလျှန် ပေးလိုက်သည့် ဖိတ်စာကို ထုတ်ယူကာ လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ ကမ်းပေးလိုက်လေသည်။

'သခင်မက ဖိတ်စာပေးလိုက်လို့ပါခင်ဗျာ'

ရှမ်းလွေက လှမ်းယူလိုက်သည်။

ရုတ်တရက် မဖတ်သေးဘဲ ဝမ်းလျှန်ကို ကြည့်ကာ....

'မင်းရဲ့ သခင်မက ဘယ်သူလဲ'

'ဖိတ်စာထဲမှာ သူ့နာမည်ပါပါတယ်ခင်ဗျာ'

ရှမ်းလွေ ဖတ်ကြည့်လိုက်လေသည်။

ဖိတ်စာဖတ်ပြီးသည်နှင့် ရှမ်းလွေ၏မျက်နှာ နီရဲခက်ထန်လာလေတော့သည်။

ရုတ်တရက် ဖိတ်စာကို ဖြိခနဲ မြည်အောင် ဆွဲဆုတ်ပစ်လိုက်၏။

ပြီးလျှင် ထိုင်ရာမှ ဆတ်ခနဲ ထကာ....

'လက်စသတ်တော့ မင်းဟာ သံမဏိယပ်တောင် ဝမ်းလျှန်ဆီက လာခဲ့တာကိုး'

'ဟုတ်ပါတယ်၊ သခင်မက ရွှေလမ်း ငွေလမ်းဖောက်ရအောင် ကျုပ်ကို လွှတ်လိုက်တာပါ'

* * *



'ထွီ.... ရာရာစစ ငါ့သမီးကိုများ မင်းတို့လို လူဆိုးဓားပြသားသမီးနဲ့ ပေးစားရမှာလား'

ဟန်ကျိန်း မျက်နှာပျက်သွားလေသည်။

သူလည်း ထိုင်ရာမှ ထလိုက်လေသည်။

ရှမ်းလွေက....

'မင်း အခုချက်ချင်း ထွက်သွားစမ်း'

လက်ညှိုးငေါက်ငေါက် ထိုးကာ မောင်းထုတ်လိုက်လေသည်။

ဟန်ကျိန်း ခေါင်းယမ်းလိုက်သည်။

'သခင်မအတွက် ကျေနပ်လောက်မယ့် အဖြေမရဘဲ ကျုပ်ပြန်မသွားနိုင်ပါဘူး'

'ဘာကွ....'

'သခင်မက သူ့ရဲ့သားလေးကို ချစ်လွန်းလို့ အခုလို လိုက်လျောခဲ့တယ်ဆိုတာ မှတ်ထားပါ။ ခင်ဗျားကပဲ နာတယ်ထင်ရသေးတယ်'

'မင်း.... မင်း....'

ရှမ်းလွေ ရှေ့တိုးလာ၏။

တာကုန်းက....

'သခင်ကြီး၊ သူ့ကို ကျုပ် ဆုံးမလိုက်ပါ့မယ်'—

ပြောရင်း ဟန်ကျိန်းနှင့် မျက်နှာချင်း ဆိုင်လိုက်လေသည်။

ဟန်ကျိန်းက....

'မေတ္တာခြံဝင်းကလူတွေ ဘဝင်မြင့်လှချည်လား၊ ကျုပ်တို့က မင်္ဂလာကိစ္စ လာခဲ့တာကို ရန်ပြုချင်ကြတယ်။ သခင်လေး လာ

တုန်းကလဲ မတူမကန် မောင်းထုတ်ခဲ့ကြတယ်။ ကောင်းပြီ... ကျုပ်က ခင်ဗျားတို့ကို မဆုံးမရရင် မပြန်တော့ဘူးဗျ’

‘တောက်.... သေပေတော့’

တာကုန်းက လျှပ်တပြက် ပြေးဝင် တိုက်ခိုက်လိုက်လေသည်။

* * *

ဟန်ကျိန်း မဲ့ပြုံးပြုံးကာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိလိုက်သည်နှင့်....

‘ဂုန်း....’

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာ၏။

တာကုန်း ချက်ချင်း နောက်ဆုတ်သွားရလေသည်။

‘ဟား....ဟား....ဟား’

ဟန်ကျိန်း သဘောကျစွာ ရယ်မောလိုက်လေသည်။

တာကုန်း မျက်နှာပျက်သွား၏။

ဟန်ကျိန်းကို တစ်ချက်ကြည့်လိုက်လေသည်။

ဟန်ကျိန်းက....

‘ခင်ဗျားက တာကုန်းထင်တယ်၊ ဟုတ်ရဲ့လား’



ဟုမေးလိုက်၏။

တာကုန်း ခေါင်းညိတ်လိုက်သည်။

‘ဟုတ်တယ် ကျုပ်နာမည် တာကုန်းပဲ’

‘ဒါဆို အတော်ပဲပေါ့’

စကားဆုံးလျှင် ရှေ့သို့လျှပ်တပြက်တိုးသွားပြီးခပ်သွက်သွက် တိုက်ခိုက်လိုက်လေသည်။

တာကုန်းကလည်း ပြန်လည် တိုက်ခိုက်လိုက်၏။

သူတို့နှစ်ယောက် ရင်ဆိုင်မိသည်နှင့် ဟန်ကျိန်း၏ လက်တစ်ဘက်က ခါးကြားမှ ယပ်တောင်တစ်ချောင်း ဆွဲယူကာ တာကုန်း၏မျက်နှာအား ရိုက်ချလိုက်လေသည်။

ရုတ်တရက်မို့ တာကုန်း မရှောင်နိုင်တော့ချေ။

‘ဖျန်း’

‘အား’

စူးရှသောအော်သံများနှင့်အတူ တာကုန်း နောက်ဆုတ်သွား၏။

သူ၏ပါးစပ်၌ သွေးခြင်းခြင်းနီရဲနေ၏။

နှုတ်ခမ်းများ ရစရာမရှိအောင် စုတ်ပြတ်သွားပြီး၊ သွားငါးချောင်း ကျိုးသွားလေသည်။

တာကုန်း ဒေါသခြောင်းခြောင်း ထွက်သွား၏။

ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း ဟန်ကျိန်းထံ ပြေးဝင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော်....

‘ရပ်လိုက်’

ရှမ်းလေ့က သူ့အား ဟန့်တားလိုက်လေသည်။
တာကုန်း နောက်ဆုတ်သွား၏။

* * *

ရှမ်းလေ့က ဟန်ကျိုန်းနှင့် မျက်နှာချင်း ဆိုင်လိုက်လေသည်။

ဟန်ကျိုန်း ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား'

'သခင်မကမှာလိုက်တယ်။ တာကုန်းက စကားသိပ်များတယ်ဆိုပဲ၊ အခုတော့ စကားများများ ပြောနိုင်တော့မှာ မဟုတ်ပါဘူး'

ရှမ်းလေ့ပြုံးလိုက်သည်။

တာကုန်းက နောက်ဆုတ်သွား၏။

ရှမ်းလေ့က....

'သူက စကားများတဲ့အပြစ်ရှိတယ်ဆိုရင် မင်းကတော့ ရက်စက်ကြမ်းကြုတ်တဲ့ အပြစ်ရှိတယ်ကွ'

'ကျုပ်က ရက်စက်တယ် ဟုတ်လား၊ ကျုပ်သခင်မက သူ့ကို နောက်နောင် စကားများများ မပြောနိုင်အောင် လုပ်ခဲ့ရမယ်လို့ မှာလိုက်လို့ပါ၊ ကျုပ်က သခင်မစကားကို တသွေမတိမ်း နားထောင်တယ်လေ'

'ကောင်းပြီ၊ ကျုပ်က မင်းကို ဆုံးမပေးရမှာပေါ့'

စကားဆုံးလျှင် ရှမ်းလေ့က လက်နှစ်ဘက် ဆန့်ထုတ်လိုက်လေသည်။

ဟန်ကျိုန်းကလည်း ပြန်လည်ရင်ဆိုင်တိုက်ခိုက်လိုက်၏။

သူတို့နှစ်ယောက် ထိပ်တိုက်ရင်ဆိုင်မိသည်နှင့်....

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာပြီး ဟန်ကျိုန်း နောက်ဆုတ်သွားရလေ့သည်။

ရှမ်းလေ့ ပြုံးလိုက်သည်။

'ဝမ်းလျန်က မင်းကို တော်တော်အားကိုးတယ် ထင်ပါရဲ့ ဒါပေမယ့် မင်းက မဟန်ပါလား'

ဟု ပြောလိုက်လေသည်။

ဟန်ကျိုန်း မျက်နှာပျက်သွားသည်။

ရှမ်းလေ့ကို ကောင်းစွာရင်ဆိုင်နိုင်မည်ဟု ယုံကြည်ထား၏။

ယခုမူ သိုင်းကွက်တစ်ကွက် ရင်ဆိုင်လိုက်သည်နှင့် ရှုံးနိမ့်သွားရပြီ မဟုတ်ပါသလား။

* * *

တောင်ဖြူချောင်း အရှေ့ဘက်ကမ်းတွင် ထင်ရှားသော သိုင်းသမား အတော် များများရှိကြောင်း နားလည်ထားပါ၏။

သို့သော် မေတ္တာခြံဝင်းအမည်ကား ကျော်ကြားလှသည် မဟုတ်ချေ။

ထို့ကြောင့် ကျိန်းသေရင်ဆိုင်နိုင်သည်ဟု ယုံကြည်ထားခဲ့၏။

လက်တွေ့ရင်ဆိုင်လိုက်သည့်အခါ အထင်နှင့်အမြင် လုံးဝကွဲပြားနေသည် မဟုတ်ပါလား။

ဟန်ကျိန်း အံတင်းတင်းကြိတ်လိုက်သည်။

ခါးကြားမှ ယပ်တောင်ကို ထုတ်ယူလိုက်လေသည်။

ရှမ်းလေ့က....

'မင်းကလဲ သံမဏိယပ်တောင် သိုင်းပညာ တတ်မြောက်ထားတယ် မဟုတ်လား၊ မင်းတို့လိုလူမျိုးတွေကို ငါက ဆုံးမချင်တာ ကြာပြီကွ'

'စိတ်ချ၊ ခင်ဗျား ဆုံးမနိုင်မှာပါ'

စကားဆုံးလျှင် ဟန်ကျိန်းက စတင်တိုက်ခိုက်လိုက်သည်။

'ဝှစ်....ဝှီး'

ရှမ်းလေ့က လက်ဝှေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ယန်ကျိန်းက ယပ်တောင်ခပ်လိုက်လျှင် ယပ်တောင် ထိပ်ဖျား၌ လျှို့ဝှက်တပ်ဆင်ထားသည့် အဆိပ်အပ်ကလေးများက တရစပ် ပစ်လွှင့်လာသည်။



'ဝှီး....ဝှီး....'

ရှမ်းလေ့က....

'နောက်ဆုံးတော့လဲ ယုတ်မာရက်စက်တဲ့ နည်းလမ်းကို ထုတ်သုံးရတာပဲ မဟုတ်လား'

ပြောပြီး အင်္ကျီလက်ကို ဝှေ့ယမ်းလိုက်ရာ အဆိပ်အပ်ကလေးများကို လိပ်ယူသိမ်းဆည်းပြီးသား ဖြစ်သွားသည်။

ဟန်ကျိန်း မျက်နှာပျက်သွားသည်။

ရှမ်းလေ့အား မည်သို့မျှ ရင်ဆိုင်နိုင်မည် မဟုတ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့်....

ဆက်ပြီးတိုက်ခိုက်ဖို့ မကြိုးစားတော့ချေ။

လက်နှစ်ဘက်ဆုပ်ကာ ဦးညွတ်လိုက်ပြီး....

'အခုလို ညွှန်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်ကို ပြန်ခွင့်ပြုပါဦး၊ ခင်ဗျားရဲ့သဘောထား သခင်မကြီးကို ပြောပြလိုက်ပါမယ်'

စကားဆုံးလျှင် လှည့်ထွက်သွားရန် ဟန်ပြင်လိုက်သည်။

* * *

ထိုစဉ်....

ရှမ်းလေးက ဟန့်တားလိုက်သည်။

'ရပ်လိုက်စမ်း'

ဟန်ကျိန်း၏ ခြေလှမ်းများ တုံ့ခနဲရပ်သွား၏။

ရှမ်းလေးဘက် လှည့်ကြည့်ကာ....

'ခင်ဗျား ဘာပြောချင်လို့လဲ'

'မင်းက ဝင်ချင်တိုင်းဝင်လာပြီး ပြန်ထွက်ချင်တိုင်း ထွက်သွားလို့ ရမလား'

ဟန်ကျိန်း၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားသည်။

ရှမ်းလေးမှာ သူ၏အနီးသို့ ရုတ်ခြည်းရောက်လာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ဟန်ကျိန်း ကပျာကယာ လက်ဝါးဖြင့် ခုခံပေးလိုက်၏။

'ဂွိန်း'

'အား'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

ဟန်ကျိန်းမှာ အဝေးသို့ လွင့်စဉ်သွား၏။

လေထဲ၌ ကျွမ်းသုံးလေးပတ် ပစ်လိုက်ပြီးမှ ရပ်တန့်နိုင်ခဲ့သည်။

သို့သော်....

'ဝေါ့'

ပါးစပ်မှ သွေးများ အန်ထွက်လာသည်။

ရှမ်းလေးက လက်နှစ်ဘက် နောက်ပစ်ကာ အေးအေးလူလူ ရပ်နေသည်။



ဟန်ကျိန်း အံကြိတ်လိုက်ပြီး ....

'ဒီကနေ့ကိစ္စအတွက် ခင်ဗျားတို့ နောင်တရစေမယ်'

စကားဆုံးလျှင် ချာခနဲ လှည့်ထွက်သွားသည်။

ရှမ်းလေးက ခေါင်းခါယမ်းလိုက်သည်။

'မင်းတို့ဆီကလူတွေ ရှုံးနိမ့်သွားတိုင်း ဒီလိုပြောသွားကြတာချည်းပဲ၊ ကျုပ်အတွက် မဆန်းတော့ပါဘူး'

သူ၏စကားကို ဟန်ကျိန်း ကြားမည်မဟုတ်ချေ။

အဆောက်အအုံအတွင်းမှ ပြေးထွက်သွားပြီ မဟုတ်ပါလား။

သို့သော်....

မကြာမီအချိန်အတွင်း နောက်ထပ်တစ်ကြိမ် ရောက်လာကြဦးမည် ဖြစ်ကြောင်း ရှမ်းမလေး ကောင်းစွာနားလည်ထားလေသည်။

## လက်တုံ့ပြန်ခြင်း

‘ဝုန်း’

‘ခွမ်း’

ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

ဝမ်းလျှန်က ‘ စားပွဲပေါ်မှ အရက်အိုးကို လက်ဝါးဖြင့် ရိုက်ချလိုက်ခြင်း ဖြစ်ပေသည်။

အရက်အိုး အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားသည်။

အရက်များသည် ဟန်ကျိန်း၏ အဝတ်အစားများကို စိုရွှဲသွားစေသည်။

သို့တိုင်....

ဟန်ကျိန်းက မလှုပ်မယှက် ရပ်နေလေသည်။

ဝမ်းလျှန် တက်ခေါက်လိုက်သည်။

'တောက်....အားလုံး သေချင်ပြီထင်တယ်'

သူမ၏စကားသံ - ဟိန်းထွက်လာသည်။

ဟန်ကျိန်းက....

'သူက သိုင်းပညာအားကိုးနဲ့ ကျွန်တော်တို့ကို မခန့်လေးစား လုပ်တာပါ၊ သူ့ကို ဒီအတိုင်းလွှတ်ထားမယ်ဆိုရင် သခင်မရဲ့ ဂုဏ်သိက္ခာ ထိခိုက်သွားနိုင်ပါတယ်'

ဟု ပြောလိုက်လေသည်။

ဝမ်းလျှန် မဲ့ပြုံးပြုံးလိုက်သည်။

'သူ့ရဲ့အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ပြောစမ်း'

'သူ့ရဲ့သိုင်းပညာဟာ နည်းနည်းတော့ ထူးဆန်းပါတယ်၊ သိုင်းကွက်တစ်ကွက်ပဲ ယှဉ်ပြိုင်ရသေးတယ်၊ ကျွန်တော် ရှုံးသွားပါတယ်'

'မင်းကို သိုင်းကွက်တစ်ကွက်တည်းနဲ့ အနိုင်ယူခဲ့တယ်ဆိုတော့ ဘယ်ဆိုးမလဲ၊ သူ့ပညာက အစ်ကိုကြီးကောင်း အဆင့်လောက်ရှိမှာပေါ့'

'သေချာပါတယ် သခင်မ'

'ဒါဆို အစ်ကိုကြီးကောင်း သဘောကျမှာပဲ'

ဟန်ကျိန်း ပြုံးလိုက်သည်။

* * *



အစ်ကိုကြီးကောင်းဆိုသည်ကား အနောက်ဘက်ကမ်း၌ နေထိုင်သည့် သိုင်းသမားတစ်ယောက် ဖြစ်ပေသည်။

မီးမိစ္ဆာကောင်းချီဆိုလျှင် မသိသူ မရှိသလောက်ပင်။

ကောင်းချီသည် ဝမ်းလျှန်းနှင့် အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသည်။

ဝမ်းလျှန်က....

'အစ်ကိုကြီးကောင်းဆီကို မင်းကိုယ်တိုင်သွားပြီး အကျိုးအကြောင်းပြောပြပါ၊ မေတ္တာခြံဝင်းကို ငါသွားတဲ့အခါ သူ့ကို အဖော်ခေါ်သွားချင်တဲ့ဆန္ဒ ရှိတယ်ဆိုတာ ပြောပြလိုက်'

'သခင်မကိုယ်တိုင် သွားမယ်ဟုတ်လား'

'ဟုတ်တယ်၊ လုဖုံးတို့ကိုလဲ ခေါ်သွားမယ်'

ဟန်ကျိန်း ဝမ်းသာသွားလေသည်။

မေတ္တာခြံဝင်းသည်ကား ဝမ်းလျှန်၏ရန်သူများ ဖြစ်လေဖြစ်ထရှိသည့်အတိုင်း၊ မီးတဟုန်းဟုန်း တောက်လောင်ကာ မီးတင်းနေထိုင်သူများ အတုံးအရုံး လဲကျသေဆုံးနေသည့် မြင်ကွင်းမျိုးအဖြစ် ပြောင်းလဲသွားတော့မည်ဟု ယုံကြည်မိသည်။

ဟန်ကျိန်းက....

'ကောင်းပါပြီသခင်မ၊ ကျုပ် အခုချက်ချင်း သွားလိုက်ပါ့မယ်'

စကားဆုံးလျှင် ဝမ်းလျှန်အား ဦးညွှတ်ဂါရဝပြုလိုက်ပြီး ခပ်သွက်သွက် ထွက်သွားလေသည်။

ဟန်ကျိန်းထွက်သွားပြီး မရှေးမနှောင်းတွင် အခန်းတွင်းသို့ လူငယ်လေးယောက် ဝင်လာကြသည်ကို တွေ့မြင်ရလေ၏။

ထိုလူလေးယောက်မှာ လုဖုံး၊ လုဟန်၊ လုစန်းနှင့်လုကျောက်တို့ ဖြစ်ကြလေသည်။

* * *

သူတို့လေးယောက်သည် ဝမ်းလျှန်ရှေ့သို့ရောက်လျှင်၊ ဒူးထောက် ဂါရဝပြုလိုက်ကြလေသည်။

ဝမ်းလျှန် သဘောကျစွာပြုံးလိုက်သည်။

သားဖြစ်သူလေးယောက်ကို ကြည့်ကာ ဦးခေါင်းတညိတ်ညိတ်ဖြင့်....

'သားတို့ မကြာခင် ခရီးထွက်ရလိမ့်မယ်၊ အသင့်ပြင်ထားကြပါ'

ဟု ပြောလိုက်လေသည်။

လုဖုံးတို့အား အားရကျေနပ်သွားကြသည်။

လုဖုံးက....

'မေမေ....ကျွန်တော်တို့ ခရီးထွက်ရမယ် ဟုတ်လား၊ ဘယ်ကိုသွားရမှာလဲဟင်'

ဟု မေးလိုက်သည်။



ဝမ်းလျှန်က....

'မေတ္တာခြံဝင်း'

'ခင်ဗျာ....'

'မေတ္တာခြံဝင်းကို သွားကြမယ်၊ အဲဒီကလူတွေဟာ မေမေ့ကို မခန့်လေးစား လုပ်ကြတယ်လေ၊ ဒါကြောင့် မေမေက သူတို့ကို သွားပြီးဆုံးမ မလို့'

'ဟေး....'

'ဟေး....'

လုဖုံး၊ လုဟန်၊ လုစန်းနှင့် လုကျောက်တို့ ဝမ်းသာအားရ အော်ဟစ်လိုက်ကြလေသည်။

သူတို့သည် အရှေ့ဘက်ကမ်းသို့ ကူးပြီး တိုက်ပွဲများရင်ဆိုင်ဖူးသည် မဟုတ်ပါလား။

ယခုလည်း တိုက်ပွဲဝင်ကြရတော့မည်ဆိုသည်ကို ကြားရလျှင် ငယ်များပီပီ ဝမ်းသာပျော်ရွှင်သွားကြခြင်း ဖြစ်လေသည်။

ဝမ်းလျှန်က....

'ဒီတစ်ခါတော့ သားတို့ဦးလေး ဝမ်းလျှန် ပါမှာမဟုတ်ဘူး။ မေမေ မိတ်ဆွေ အစ်ကိုကြီးကောင်းချိုကို ခေါ်သွားမယ် တ်ကူးထားတယ်'

'ဟာ....သိပ်ကောင်းတာပေါ့။ ဦးလေးကောင်းချိုက ရန်သူတွေကို ဆုံးမနေကျပဲ မဟုတ်လား'

'ကဲ....သားတို့ အဆင်သင့်ပြင်ထားကြ။ နေမပူခင် ခရီးထွက်ကြမယ်'

လုံးတို့လေးယောက် ချက်ချင်းဂါဝရပြုကာ ထွက်သွားကြလေသည်။

* * *

စမ်းလျှန်လည်း ထိုင်ရာမှထလိုက်သည်။

သူမ၏ရင်ထဲ လှုပ်ရှားနေ၏။

လုထင်း၏မျက်နှာကို မြင်ယောင်နေမိသည်။

မေတ္တာခြံဝင်းအား သွားရောက်တိုက်ခိုက်မည် ဆိုသည်ကို လုထင်း သဘောကျမည် မဟုတ်ကြောင်း နားလည်ထား၏။

ထို့အပြင် သူတို့သည် အနောက်ဘက်ကမ်းတွင် အေးချမ်းပျော်ရွှင်စွာ နေထိုင်ကြသော်လည်း သူတို့၏ အဓိက အသက်မွေးဝမ်းကြောင်း အလုပ်ကား လုယက်တိုက်ခိုက်ခြင်းဖြစ်သည်ကို လုထင်းမသိပါ။

အရှေ့ဘက်ကမ်းသို့ကူးကာ လုယက်တိုက်ခိုက်လေ့ရှိသဖြင့် သူတို့အား လူဆိုးဓားပြများဟု သတ်မှတ်ကြသည်က မဆန်းချေ။

သို့သော်....



ယနေ့တိုင် သူတို့၏လက်ချက်ဖြစ်သည်ဟု မည်သူမျှ လက်ပူးလက်ကြပ် မမိခဲ့သလို သက်သေအထောက်အထားဖြင့် ဖော်ထုတ်နိုင်စွမ်း မရှိခဲ့ချေ။

သက်သေအထောက်အထား ပေါ်ပေါက်ခြင်း မရှိရလေအောင် သူတို့ကလည်း အထူးဂရုစိုက်ခဲ့ကြသည် မဟုတ်ပါလား။

လုံးတို့အကြီးလေးယောက်ကား ဝမ်းလျှန် စိတ်တိုင်းကျဖြစ်နေပြီတည်း။

လုထင်းသာလျှင်အငယ်ဆုံးဖြစ်လေရာ ဝမ်းလျှန်က လုယက်တိုက်ခိုက်သူတစ်ယောက် ဖြစ်လာအောင် မကြိုးစားသေးခြင်း ဖြစ်၏။

လုယက်တိုက်ခိုက်ခြင်းကို မိရိုးဖလာအသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုပမာ သဘောထားလေရာ ကောင်းသည် ဆိုးသည်ဝေဖန်ခံရမည်ကို အရေးမစိုက်ချေ။

အားလုံးကလည်း ထမင်းစားရေသောက် အလုပ်တစ်ခုပမာသဘောထားခဲ့ကြ၏။

လုထင်းသာလျှင် အခြားသူများထက်ထူးကာ စိတ်သဘောထား ပျော့ပျောင်းသလို လုယက် တိုက်ခိုက်ရမည့် အလုပ်ကိုဝါသနာမပါသူ ဖြစ်နေ၏။

ထို့အပြင် ကောင်းသည်ဆိုးသည်အမြဲတစေ ဝေဖန်ပိုင်းခြားစဉ်းစားသူဖြစ်ရကား သူ့အား အတွေ့အကြုံရရှိစေရန် အရှေ့ဘက်ကမ်းသို့ စေလွှတ်ရမည်ကို ဝမ်းလျှန် မဝံ့မရဲ ဖြစ်ခဲ့သည်။

အခုထူးဆိုးသား အချစ်ဆိုးသားမို့ လုယက်တိုက်ခိုက်သည့် အလုပ်ဖြင့် အသက်မွေးရသော ဘဝတွင် ကျင်လည်ကျက်စားစေလိုစိတ် မရှိသည်ကလည်း တစ်ကြောင်း ဖြစ်လေသည်။

သူမ မျှော်လင့်ထားသည်ကား လုထင်းတစ်ယောက် ထင်ပေါ်ကျော်ကြားသော စာပေသမားတစ်ယောက် ဖြစ်လာရန် တည်း။

* * *

လုထင်းရာ၌ စာပေပညာ လိုက်စားရာ၌ ဝါသနာထုံသည် မဟုတ်လား။

လုဖုံးတို့က သိုင်းပညာကြိုးစားလေ့ကျင့်နေချိန် ဝယ်လုထင်းက စာအံ့နေလေ့ရှိ၏။

ထို့ကြောင့် လုထင်း၏ သိုင်းပညာမှာ လုဖုံးတို့ကို မမီဟုဆိုက ဆိုနိုင်၏။

လုထင်းအတွက် စိတ်မချသဖြင့် ဝမ်းလျန်ကိုယ်တိုင် သူမ၏ အကျွမ်းကျင်ဆုံး အဆိပ်ပညာကို သင်ကြားပေးခဲ့သည်။

လုထင်းမှာ အဆိပ်၏ ကြောက်မက်ဖွယ်ကောင်းပုံကို သိထားရကား သင်ယူရန် သဘောမတူခဲ့ချေ။



နောက်ဆုံး အဆိပ်အစား မေ့ဆေး အသုံးပြုမှုသာလျှင် လုထင်း သင်ကြားခဲ့၏။

လုထင်းက မေ့ဆေးပညာ တစ်ခုတည်းသာ တစိုက်မတ်မတ် လေ့ကျင့်ခဲ့ရာ လုဖုံးတို့ထက် သာသည် ဆိုနိုင်ပေ၏။

ဝမ်းလျန် တွေးတောစဉ်းစားရင်း သက်ပြင်းချလိုက်သည်။

ရှမ်းရှမ်းကိုသာ ဖမ်းဆီးခေါ်ဆောင်လာခဲ့ပါလျှင် လုထင်းသဘောကျနိုင်သည်ဟု တွေးကာ မေတ္တာခြံဝင်းအား တိုက်ခိုက်ဖျက်ဆီးရန် ခိုင်မာစွာ ဆုံးဖြတ်လိုက်လေတော့သည်။

ရှိစားကြီး

---

ကြီးမားသော ခြံဝင်းကြီးတစ်ခုအတွင်းရှိ အဆောက်အအုံကြီးရှေ့သို့ ရောက်လျှင် မြင်းသုံးကောင် အရှိန်သတ်ရပ်တန့်သွားကြလေသည်။

မြင်းစီးလာသူသုံးယောက် မြင်းပေါ်မှ လွှားခနဲ လွှားခနဲ ခုန်ဆင်းလိုက်ကြ၏။

မြေပေါ် ရောက်လျှင် တစ်ယောက်က....

'ဒီမှာ ကျွန်တော့် မိတ်ဆွေ အာချီနေတယ်ဗျ'

ဟု ကျွန်နှစ်ယောက်ဘက်လှည့်ကာ ပြောလိုက်လေသည်။

ထိုသူကား စုအိမ်း ဖြစ်လေသည်။

စုအိမ်နှင့်အတူလိုက်လာသူနှစ်ယောက်မှာလုထင်းနှင့်ဝမ်းတုပင် ဖြစ်ကြ၏။

ဝမ်းတုက အဆောက်အဦးကို တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး....

'မင်းရဲ့မိတ်ဆွေ က ကျုပ်ပစ္စည်းတွေကို စိတ်ဝင်စားပါ့မလား'

ဟု မေးလိုက်လေသည်။

စုအိမ် ခေါင်းညိတ်သည်။

'စိတ်ဝင်စားမှာပါ။ ကဲ... ကျွန်တော့်နောက်ကို လိုက်ခဲ့ကြပါ'

ပြောပြီး အတွင်းဘက် လှမ်းဝင်သွား၏။

လုထင်းနှင့် ဝမ်းတုတို့သည် နောက်မှ လိုက်သွားကြလေသည်။

* * *

အတွင်းဘက် ဝင်မိသည်နှင့် ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်ရှိ လူတစ်ယောက် ထွက်ပြီး ကြိုဆိုလာသည်ကို တွေ့မြင်လိုက်ရလေသည်။



ထိုလူမှာ အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ကုန်သည်ပွဲစားဟန်ရှိသူ ဖြစ်လေသည်။

စုအိမ်ကိုမြင်လျှင်....

'ဟော.... စုအိမ်။ ဘယ်ကဘယ်လို မျက်စိလည်လမ်းမှားပြီး ရောက်လာတာလဲ'

ဟု ဆီးကြိုနှုတ်ဆက်လိုက်၏။

စုအိမ်က....

'ကိစ္စလေးရှိနေလို့ အစ်ကိုကြီးအာချီဆီကို လာခဲ့တာပါ'

'ကိစ္စ ဟုတ်လား၊ ဆိုစမ်းပါဦး။ ဘယ်လို ကိစ္စများ ရှိနေလို့လဲ'

'ရတနာ ပစ္စည်းတစ်ချို့ ရောင်းချင်လို့ပါ'

'ဩော်....မင်းက ကျုပ်အတွက် ဖောက်သည်ရှာလာတာကိုး။ ကျေးဇူးပဲဟေ့၊ ကဲ....ပြောစမ်းပါဦး၊ ဘယ်လိုရတနာပစ္စည်းများလဲ'

'ရှေးစင်ပီသာတစ်ရာ တန်ဖိုးရှိတဲ့ပစ္စည်းတွေဗျ'

အာချီ မျက်လုံးပြူးသွားသည်။

'တန်ဖိုးကြီးလှချည်လား၊ ဒီကိစ္စ ပေါ့ပေါ့တန်တန်လုပ်လို့ မဖြစ်ဘူး။ ပစ္စည်းကောင်းရင် အမြတ်များများ ကျန်မှာပဲ။ မင်းပြောတာနဲ့ ကျုပ်တောင် သွားရည်ယိုလာပြီ။ ကဲ....ပြောစမ်းပါဦး၊ ဘယ်လိုပစ္စည်းမို့လဲ'

စုအိမ်က ဝမ်းတုဘက် လှည့်လိုက်လေသည်။

ဝမ်းတုက အာချီကို စိုက်ကြည့်ရင်း....

'အမြတ်များများ ကျန်မယ်ဆိုတာ သေချာတယ်၊ ရွှေစင်ပိဿာ တစ်ရာဆိုတာတော့ ကျုပ်က လျှော့ပေးထားတာ'

'ကောင်းပြီလေ....ပစ္စည်းကောင်းရင် ဈေးမဆစ်ဘဲ ဝယ်လိုက်ပါ့မယ်ဗျာ'

'နေဦး၊ ရွှေစင်ပိဿာတစ်ရာ ခင်ဗျား ပေးနိုင်ပါ့မလား လို့'

'ဒီအတွက် ကျုပ်တာဝန်ယူပါတယ်ဗျာ'

စုအိမ်းက ကြားဝင် ပြောလိုက်လေသည်။

ဝမ်းတု ဘာမှ မပြောတော့ချေ။

စုအိမ်းသည် သိုင်းပညာ မခေကြောင်း ကောင်းစွာ နားလည်ထားသည်။

စုအိမ်းအား သူ့အတွက် အသုံးချရန် စိတ်ကူးထားလေသည်။

ထို့ကြောင့် အခွင့်အရေးပေးကာ ဆက်ဆံနေခြင်းဖြစ်လေသည်။

* * *



ဝမ်းတုက အင်္ကျီရင်ဘတ်ကြား၌ သိမ်းဆည်းထားသော မြွေအရေခွံ အိတ်ကလေးကို ထုတ်ယူလိုက်၏။

ထို့နောက် အိတ်ကိုဖွင့်ကာ စားပွဲပေါ် သွန်ချလိုက်လေသည်။

ထိုအခါ....

စိန်ဖြင့်ပြုလုပ်ထားသည့် အမျိုးသမီးအသုံးအဆောင် လက်ဝတ် ရတနာများ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

အာချီ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပြောင်လာ၏။

ရတနာပစ္စည်းများကို စိုက်ကြည့်ရင်း....

'အတော့်ကို လက်ရာမြောက်တဲ့ လက်ဝတ်ရတနာတွေပဲ' ဟု မှတ်ချက်ချလိုက်လေသည်။

ဝမ်းတု ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....'

'ဒါ....ဒါတွေဟာ မြို့စားကတော်ရဲ့ အသုံးအဆောင်တွေပဲ'

ထိုစကားကြားလျှင် ဝမ်းတုမျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

အာချီကို စိုက်ကြည့်ရင်း....

'ဘယ်သူ့ပစ္စည်းဆိုတာ အရေးမကြီးပါဘူး။ ခင်ဗျား ဝယ်မယ်၊ မဝယ်ဘူးဆိုတာသာ ပြောပါ'

အာချီ သက်ပြင်းချကာ....

'ဒီလိုပစ္စည်းတွေကို ကျုပ်ကတော့ ဝယ်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဝယ်မယ့်လူတော့ ရှိပါတယ်ဗျာ'

'ဘာဗျ'

'ဝယ်မယ့်လူ ရှိတယ်လေ'

ဝမ်းတုက....

'ဘယ်သူဝယ်မှာလဲ'

'မြို့စားကြီး လုံးကျင်းချန်းပါ'

'ဘာ....'

ဝမ်းတု၏စကားသံ ဟိန်းထွက်လာလေသည်။

အာချိက မလှုပ်မယှက်ရပ်ကာ သူ့အား စိုက်ကြည့်နေလေ၏။

ထိုစဉ်....

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကတော့ ဝယ်ကိုဝယ်မှာပါ'

အောင်မြင် ခန့်ညားသော စကားသံ ထွက်ပေါ်လာလေသည်။

တဆက်တည်းပင် အခန်းတွင်းသို့ လူတစ်စု လှမ်းဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။



အခန်းတွင်းသို့ လူတစ်စု လှမ်းဝင်လာကြသည်။

ထိုလူမှာ....

လူတစ်ယောက်အားခြံရံကာဝင်လာကြခြင်း ဖြစ်သည်။

အခန်းတွင်းသို့ရောက်လျှင် လူစုခွဲကာ ဝမ်းတုနှင့် လုထင်းအား ဝိုင်းရံထားလိုက်ကြသည်။

ဝမ်းတု ကြောင်အမ်းအမ်း ဖြစ်သွား၏။

စကားပြောလာသူကို လှမ်းကြည့်လိုက်သည်။

ထိုလူမှာ အသက်ငါးဆယ်ကျော်ခန့်ရှိသူ ဖြစ်သည်။

တည်ကြည်ခန့်ညားသော ရုပ်သွင်ရှိပြီး အတိုးတန် ပိုးဖဲအင်္ကျီများကို ဝတ်ဆင်ထား၏။

ထိုလူက လက်နှစ်ဘက် နောက်ပစ်ကာ ဝင်လာသည်။

ထိုလူအား မြင်တွေ့လိုက်ရလျှင် ဝမ်းတု မျက်နှာပျက်သွားသည်။

'မြို့စားကြီး လုံးကျင်းချန်း'

ပါးလည်း လွှတ်ခနဲ ရေရွတ်လိုက်သည်။

ပိုးဖဲအင်္ကျီ ဝတ်ဆင်ထားသူက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်က လုံးကျင်းချန်းပါ'

ဝမ်းတုက စုအိမ်းဘက်သို့ လှည့်ကြည့်လိုက်သည်။

စုအိမ်းက ခပ်တည်တည် ရပ်နေ၏။

ဝမ်းတု အံကြိတ်ကာ....

'မင်းက သစ္စာဖောက်လိုက်တယ် ဟုတ်လား'

ဟု မေးလိုက်၏။

စုအိမ်းက ခေါင်းခါယမ်းလိုက်ပြီး....

'အစကတည်းက ခင်ဗျားဆီမှာ ကျုပ် သစ္စာခံတာမှ မဟုတ်ဘဲ၊ ဒါကြောင့် သစ္စာဖောက်တယ်လို့ မပြောနိုင်ပါဘူး'

'မင်း....မင်း'

စုအိမ်း သက်ပြင်းချကာ....

'လွန်ခဲ့တဲ့ ခြောက်လလောက်က မြို့စားကတော် ခရီးထွက်သွားရင်း လမ်းမှာ လူဆိုးဓားပြတစ်စုရဲ့ တိုက်ခိုက်လုယက်ခြင်းကို ခံလိုက်ရတယ်လေ၊ မြို့စားကတော်နဲ့ ကိုယ်ရံတော်ငါးယောက်စလုံး အသတ်ခံခဲ့ကြရတယ်'

သူက ခေတ္တနားလိုက်ပြီး....

'အဲဒီအဖြစ်ဟာ သိုင်းလောကမှာ ဟိုးလေးတကျော် ဖြစ်သွားတာပဲ၊ မြို့စားကြီးက လူဆိုးတွေကို ဖော်ထုတ်ဖို့ ကြိုးစားခဲ့တယ်၊ မိတ်ဆွေတွေဆီမှာ အကူအညီတောင်းခံတယ်'

သူက ဝင့်ကြွားစွာ ပြုံးလိုက်ရင်း....

'ဟင်း....ဟင်း....အခုတော့ လူဆိုးက သက်သေခံပစ္စည်းနဲ့ တကွ လက်ပူးလက်ကြပ် ဖမ်းမိပါပြီ'

'ဟား....ဟား....ဟား'



စုအိမ်း၏ စကားအဆုံးတွင် ဝမ်းတု သဘောကျစွာ ရယ်မောလိုက်သည်။

လုထင်းကား ကြောင်အမ်းအမ်း ဖြစ်နေ၏။

ဝမ်းတုပြောသည့် စကားများကို လည်းကောင်း၊ စုအိမ်းပြောသည့် စကားများကို လည်းကောင်း နားမလည်နိုင်ဘဲ ဖြစ်နေ၏။

ဝမ်းတုနှင့် စုအိမ်းကို တစ်လှည့်စီ ငေးမောကြည့်နေမိလေသည်။

ဝမ်းတုက....

'မင်းက မြို့စားကြီး လုံးကျင်းချန်းရဲ့လူ ဖြစ်နေလိမ့်မယ်လို့ ကျုပ် လုံးဝမစဉ်းစားမိခဲ့ဘူး'

စုအိမ်း ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်ကလဲ ခင်ဗျားထင်သလို မဟုတ်ပါဘူး'

'ဒါဖြင့် ဘာကြောင့် သူ့ဘက်က ကူညီခဲ့ရတာလဲ'

'ကျုပ်အဖေနဲ့ မြို့စားကြီးဟာ အင်မတန် ရင်းနှီးကြတယ်လေဗျာ၊ မြို့စားကြီး အကူအညီတောင်းတဲ့အခါ ဖေဖေက ကျုပ်ကို ကူညီဖို့ လွှတ်လိုက်လို့ပါ'

'ဩော်....လက်စသတ်တော့ ဒီလိုကိုး'

'ကဲ....ခင်ဗျား အေးအေးဆေးဆေး အဖမ်းခံမယ် မဟုတ်လား'

ဝမ်းတု ခေါင်းညိတ်လိုက်သည်။

* * *

'မင်းက ဟာကွက်မရှိအောင် စီစဉ်ထားတယ်ဆိုတော့ ကျုပ် ဘယ်တတ်နိုင်ပါတော့မလဲ၊ ဒါပေမယ့် တစ်ခုတော့ ပြောချင်တယ်'

'ပြောပါ'

'ကျုပ်တူက ဒီကိစ္စနဲ့ ဘာမှမပတ်သက်ဘူး၊ ပါလဲမပါဘူး၊ သိလဲမသိဘူး၊ ကျန်းနန်ကို အလည်အပတ် လိုက်လာတာ၊ ဒါကြောင့် သူ့ကိုတော့ လွှတ်ပေးစေချင်တယ်'

စုအိမ်းက လုထင်းကို လှမ်းကြည့်လိုက်သည်။

လုထင်း ငိုင်နေ၏။

ထိုစဉ်....

'ဘာထူးမှာလဲ၊ ခင်ဗျားတို့အားလုံး အတူတူပဲ၊ မကြာခင် တောင်ဖြူချောင်းဘက်ကမ်းကို ဝင်ရောက်ရှင်းလင်းပစ်ဖို့ ကျုပ် ဆုံးဖြတ်ပြီးပြီ၊ သိုင်းလောကက မိတ်ဆွေတွေဆီမှာလဲ အကူအညီ တောင်းထားပြီးပြီ'



လူတစ်ယောက် ကြားဝင်ပြောလိုက်သည့်စကားသံ ထွက်ပေါ်လာလေသည်။

ဝမ်းတု လှည့်ကြည့်လိုက်သောအခါ ထိုလူမှာ မြို့စားကြီး လုံးကျင်းချန်း ဖြစ်နေသည်ကို တွေ့ရလေသည်။

ဝမ်းတု ပြုံးလိုက်သည်။

'ခင်ဗျားတို့ဝင်ပြီး ရှင်းလင်းမယ် ဟုတ်လား'

'ဟုတ်တယ်'

'သူတို့က ဘာလုပ်ကြလို့လဲ'

'နေရာအနှံ့ဖြစ်ပေါ်နေတဲ့ လုယက် တိုက်ခိုက်မှုတွေဟာ သူတို့လက်ချက်ကြောင့် မဟုတ်လား'

'ခင်ဗျား ဘယ်လိုသက်သေပြမလဲ'

'လွယ်ပါတယ်။ ခင်ဗျားက အပြစ်တွေကို ဝန်ခံလိုက်တယ်လို့ ကြေညာလိုက်ရင် ပြီးတာပဲမဟုတ်လား'

'ဟား....ဟား....ဟား'

ဝမ်းတု သဘောကျစွာ ရယ်မောလိုက်လေသည်။

မြို့စားကြီး လုံးကျင်းချန်းက သူ့အား ပြုံး၍ ကြည့်နေ၏။

ဝမ်းတု အတန်ကြာ ရယ်မောလိုက်ပြီးမှ....

'ခင်ဗျားမဆိုးဘူး၊ ဒါပေမယ့် ကျုပ်ကို အထင်သေးလွန်းသွားတယ်၊ ကျုပ်က ကြောက်တတ်ရင် မြို့စားကတော်လေးလာတဲ့ မြင်းလှည်းကို ဘယ်လုပ်ပါ့မလဲ'

စကားဆုံးလျှင် လက်နှစ်ဘက် ဝေ့ယမ်းလိုက်လေလည်း။

ထိုအခါ အနီရောင်အခိုးအငွေ့များ အခန်းတစ်ခုလုံးသို့ လွင့်ပျံ့သွားတော့၏။

စုံအိမ်းက....

'သတိထား'

ဟု အော်ဟစ်သတိပေးလိုက်၏။

မြို့စားကြီး လုံးကျင်းချန်းနှင့် ကိုယ်ရံတော်များ ရှုတ်တရက် နောက်ဆုတ်ရှောင်တိမ်းသွားကြလေသည်။

ဝမ်းတုက....

'လုထင်းပြေး'

အော်ပြောရင်း ငိုင်နေသည့် လုထင်းလက်ကိုဆွဲကာ အပြင် ဘက်သို့ ဆွဲပစ်လိုက်လေသည်။

ရှုတ်တရက်မို့ လုထင်း၏ ခန္ဓာကိုယ် အပေါ်သို့ မြောက် တက်သွားကာ အပြင်ဘက် လွင့်စဉ်သွား၏။

ဝမ်းတုမှာ အန္တရာယ်နှင့် ရင်ဆိုင်နေပြီဖြစ်ကြောင်း နား လည်မိ၏။

သူထွက်ပြေးသွားမှသာလျှင်၊ ဝမ်းတုလည်း ကိုယ်လွတ် ရုန်းထွက်ပြေးနိုင်မည်ဟု ယုံကြည်မိရာ၊ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ ကိုယ်ဖော့ပညာအသုံးပြုရင်း အပြင်ဘက် ကျွမ်းပစ်ထွက်လိုက်၏။

ကျွမ်းသုံးပတ်ပစ်လိုက်သည်နှင့် အပြင်ဘက်သို့ ရောက်သွား သည်။

လုထင်းလည်း မြင်းပေါ် ခုန်တက်လိုက်လေသည်။



ထိုစဉ် ဝမ်းတု ပြေးထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

လုထင်း ဝမ်းသာသွားသည်။

'ဦးလေး....မြန်မြန်လာ'

ဟု အော်ဟစ်ခေါ်လိုက်သည်။

ဝမ်းတုက....

'ပြေး....ပြေး....မြန်မြန်ပြေး'

အော်ပြောနေစဉ် အနောက်ဘက်မှ စုံအိမ်း ခုန်ထွက်လာ ပြီး ဟန့်တားတိုက်ခိုက်လိုက်သည် တွေ့မြင်ရလေသည်။

• • •

လုထင်း ရင်ထိတ်သွားပြီး....

'စုအိမ်း မင်းဘယ်လိုလုပ်လိုက်တာလဲ'

ဟု အော်ပြောလိုက်လေသည်။

စုအိမ်းက....

'မင်း....မပြေးနဲ့'

အော်ပြောရင်း ဝမ်းတုကို တားဆီးတိုက်ခိုက်နေ၏။

ဝမ်းတုကလည်း ပြန်လှည့်တိုက်ခိုက်လေသည်။

ထိုစဉ်....

အဆောက်အအုံ အတွင်းဘက်မှ မြို့စားကြီး လုံးကျင်းချွန်းတို့ လူစု ပြေးထွက်လာကြသည်ကို တွေ့မြင်ရလေသည်။

ဝမ်းတု စိုးရိမ်ပူပန်လာသည်။

'လုထင်း မြန်မြန်ပြေး'

အော်ပြောရင်း လက်တစ်ဘက် ဝေ့ယမ်းလိုက်လေသည်။

လက်နက်ပုန်းတစ်ခု ရုတ်တရက် ပစ်လွှင့်လာပြီး လုထင်း စီးနင်းသည့် မြင်းကို ထိမှန်သွားလေသည်။

* * *

'ဟီး....ဟီး....ဟီး'

မြင်းညိုကြီးက ရှည်လျားစွာ ဟီလိုက်ပြီး ပတပ်ရပ်၏။

လုထင်းက မြင်းပေါ်မှ ပြုတ်ကျမသွားရအောင် မနည်း ဖက်တွယ်ထားလိုက်ရ၏။

မြင်းညိုကြီးကလည်း ကဆုန်ပေါက်ကာ ဒုန်းစိုင်းပြေးသွား၏။

လုထင်းမှာ မြင်းခေါင်းဆောင်ရာနောက်သို့ လိုက်ပါသွားရ၏။



ဝမ်းတုအတွက် စိုးရိမ်ပူပန်ကာ လှည့်ကြည့်လိုက်လျှင်၊ ဝမ်းတုမှာ စုအိမ်းလက်ချက်မိကာ မြေပေါ်လဲကျသွားသည်ကို တွေ့မြင်လိုက်ရ၏။

'ဂှစ်'

'ဂုန်း'

'အား....'

ဝမ်းတု၏ အသံနက်ကြီးကိုလည်း နားမခံသာအောင် ကြားလိုက်ရလေတော့သည်။

'ခွပ်...ခွပ်'
'ခွပ်...ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မေတ္တာခြံဝင်းရှေ့သို့ မြင်းခြောက်ကောင် ရောက်ရှိလာသည်။

မြင်းစီးလာသူများကား ဝမ်းလျှန်၊ လုဖုံး၊ လုဟန်၊လုစန်း၊ လုကျောက်နှင့် မီးမီစ္စာကောင်းချိုတို့ ဖြစ်ကြလေသည်။

သူတို့ရောက်ရှိလာသည်နှင့် ခြံဝင်းတံခါး အသင့်ဖွင့်ထားသည်ကို တွေ့မြင်ရလေသည်။

ဝမ်းလျှန် သဘောကျစွာ ပြုံးလိုက်သည်။

'ကျွန်မတို့လာမယ်ဆိုတာတောင် သူတို့သိနေကြတာပဲ'

ဟု ပြောလိုက်သည်။

မီးမိစ္ဆာကောင်းချီ ခေါင်းညိတ်လိုက်သည်။

ကောင်းတာပေါ့လေ၊ သူတို့ အဆင်သင့် ပြင်ထားလေ ပိုကောင်းလေပဲမဟုတ်လား၊ ခင်ဗျား ကတိတော့မဖျက်ရဘူး နော်'

ဝမ်းလျှန် ပြုံးလိုက်သည်။

'စိတ်ချပါရှင်'

မေတ္တာခြံဝင်းအား တိုက်ခိုက်ဖျက်ဆီးပြီးလျှင်၊ တွေ့ရှိရသည့် အဘိုးတန်ပစ္စည်းများ တစ်ဝက်ခွဲဝေပေးမည်ဟု ကတိပေးထားသည် မဟုတ်လား။

ထိုကတိကြောင့်လည်း ကောင်းချီ တက်တက်ကြွကြွဖြစ်နေခြင်းတည်း။

* * *

ဝမ်းလျှန်က လုဖုံးဘက်သို့လှည့်ကာ....

'သားကြီး....တို့ရောက်လာတဲ့အကြောင်း သွားပြီးအသိပေးလိုက်စမ်း'



ဟု ပြောလိုက်လေသည်။

လုဖုံး ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ မေမေ....'

လုဖုံးက မြင်းကို ခြံဝင်းအတွင်း ဒုန်းစိုင်းမောင်းနှင်သွားလေသည်။

ကျောက်ပြားခင်းထားသောလမ်းအတိုင်း အဆောက်အအုံရှေ့သို့တိုင် မောင်းနှင်သွားပြီး လက်တစ်ဘက် ဝေ့ယမ်းလိုက်လေသည်။

ထိုအခါ သူ၏လက်ထဲမှ ဓားပါးတစ်လက် အဆောက်အအုံ အတွင်းဘက် ပစ်လွှင့်ဝင်ရောက်သွားသည်ကို တွေ့ရ၏။

လုဖုံးက မြင်းကို ရပ်တန့်ကာ ခုန်ဆင်းလိုက်ပြီး....

'ရှမ်းလေ့ အခုမှဘာကြောင့် လိပ်လိုခေါင်းလျှိုပြီး ပုန်းနေတာလဲဗျ'

ဟု အော်ပြောလိုက်လေသည်။

* * *

ထိုအချိန်တွင် မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ဝမ်းလျှန်တို့လူစုလည်း ရောက်လာကြပြီ ဖြစ်သည်။

လုံးက….
'လိပ်ကြီး ရှမ်းလေ့ ထွက်ခဲ့စမ်းပါဦး'
ဟု ပြောလိုက်သည်။
သူ၏စကားကြောင့် ဝမ်းလျှန်တို့လူစု 'သဘောကျစွာ ရယ်မော လိုက်ကြသည်။
'ဝါး….ဟား….ဟား….'
သူတို့၏ ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။
သူတို့၏ ရယ်မောသံများနှင့် မရှေးမနှောင်းမှာပင်….
'ဘယ်သူလဲကွ၊ ဒီ နရာအထိတောင်လာပြီးဇော်ကားဝံ့တာ'
ကျယ်လောင်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။
စကားသံနှင့် မရှေးမနှောင်းတွင် အမှောင်ထဲ အတွင်းဘက်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။
ထိုလူမှာ….
တာကုန်း ဖြစ်လေသည်။
တာကုန်း၏လက်ထဲတွင် ဓားတစ်လက် ကိုင်ထားသည်။
ထိုဓားမှာ….
လုံးပစ်လှင့်လိုက်သည့် ဓား ဖြစ်သည်။
ဝမ်းလျှန်က….
'ဝမ်းလျှန်ဆိုတာ ရှင်ကြားဖူးမှာပေါ့'
ဟု ခပ်တည်တည် ပြန်ပြောလိုက်၏။



ဝမ်းလျှန်ဟူသောအမည် ကြားလျှင် တာကုန်း သဘော ကျစွာ ပြုံးလိုက်၏။
'ခင်ဗျားကိုယ်တိုင် လိုက်လာပြီကိုး….။ကောင်းပါပေတယ်။ ကျုပ်ရဲ့သခင်ကြီးကလဲ ခင်ဗျားတို့ကို ဆုံးမချင်နေတာနဲ့ အတော် ပဲ'

* * *

ဝမ်းလျှန် ပြုံးလိုက်သည်။
'ဒါဖြင့်လဲ သူ့ကို ခေါ်ထုတ်လိုက်စမ်းပါ'
'အထဲကိုကြွပါလား'
'အထဲဝင်ရမယ်၊ ဟုတ်လား၊ ဒါလဲကောင်းသားပဲ'
စကားဆုံးလျှင် ဝမ်းလျှန် မြင်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။
ထို့နောက်….
ပျော်ကားထမ်းများအပိုင်း အပေါ်ဘက်သို့ လှမ်းတက်သွားသည်။
တာကုန်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ် ဂါရဝပြုရင်း ဖိတ်ခေါ်နေ၏။

ဝမ်းလျှန် လှမ်းတက်သွားခြင်းကြောင့် လုဖုံး၊ လုဟန်၊ လုစန်းနှင့် လုကျောက်တို့လည်း လိုက်ပါသွားကြ၏။

မီးမိစ္ဆာ ကောင်းချီက....

'အထဲကို ဖိတ်ခေါ်တာ မရှိးသားဘူး'

ဟု လှမ်းပြီး သတိပေးသည်။

သို့သော် သူလည်း အတွင်းဘက် လှမ်းဝင်လာလေသည်။

သူတို့ခြောက်ယောက် အတွင်းဘက်သို့ ရောက်ရှိသွားလျှင် တာကုန်းက နေရာထိုင်ခင်းပေးကာ ဧည့်ခံလေသည်။

စားသောက်ဖွယ်ရာများ၊ အရက်များလည်း အဆင်သင့် ပြင်ထားသည်ကို တွေ့မြင်နိုင်၏။

ဝမ်းလျှန်တို့လူစု လက်ဖျားနှင့်ပင် မတို့ကြပါချေ။

တာကန်းက....

'စားလိုက် သောက်လိုက်ကြပါဦးဗျာ'

ဟု ပြော၏။

ဝမ်းလျှန် ခေါင်းယမ်းလိုက်သည်။

'ကျွန်မတို့ စားဖို့သောက်ဖို့ လာခဲ့တာ မဟုတ်ဘူး။ ရှမ်းလွေ ဘယ်မှာလဲ'

'သခင်ကြီး ရှိပါတယ်ဗျာ။ အခုပဲ လာပါလိမ့်မယ်'

သူ၏ စကားသံနှင့် မရှေးမနှောင်းတွင် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားရ၏။

ဝမ်းလျှန် လှမ်းကြည့်လိုက်သောအခါ အခန်းတွင်းသို့ လူသုံးယောက် ဝင်လာကြသည်ကို တွေ့ရလေသည်။



ထိုလူသုံးယောက်ကား ရှမ်းလွေ၊ ရှမ်းရှမ်းနှင့် အဘွားအို တစ်ယောက် ဖြစ်ပေသည်။

အဘွားအိုကား တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ခါးကုန်းနေသူ ဖြစ်၏။

ထိုအဘွားအို၏လက်ထဲ၌တောင်ဝှေးတစ်ချောင်း ကိုင်ဆောင်ထား၏။

သူမ လမ်းလျှောက်လာသည့်အခါ တောင်ဝှေးနှင့် ကြမ်းပြင် ထိတွေ့သံက တဒုတ်ဒုတ်မြည်ကာ ထွက်ပေါ်လာလေသည်။

တာကုန်းက....

'သခင်ကြီး ကြွလာပါပြီဗျာ'

ဟု ပြောလိုက်လေသည်။

ဝမ်းလျှန် မဲ့ပြုံးပြုံးလိုက်သည်။

ထိုင်ရာမှ ဆတ်ခနဲ ထရပ်လိုက်၏။

ထိုစဉ် ရှမ်းလွေမှာ သူတို့အနီးသို့ ရောက်လာပြီ ဖြစ်လေသည်။

ဝမ်းလျှန်က " လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်ရင်း....

'တွေ့ရတာ ဝမ်းသာပါတယ်ရှင်'

ဟု ပြောလိုက်၏။

ရှမ်းလွေ မျက်နှာပျက်သွားသည်။

ခရီးရောက်မဆိုက် ဝမ်းလျှန်က စတင် တိုက်ခိုက်လာပြီမဟုတ်ပါလား။

သူလည်း ချက်ချင်း လက်နှစ်ဖက်ဆုပ်ကာ....

'ကျုပ်လဲ ဝမ်းသာပါတယ်'

သူတို့၏လက်များ ဖသိမသာ ထိသွား၏။

'ဝုန်း....'

အသံတစ်ချက် ထွက်ပေါ်လာပြီး နှစ်ယောက်စလုံး နောက်ဆုတ်လိုက်ရလေသည်။

ဝမ်းလျှန် ပြုံးလိုက်သည်။

'ရှင် မဆိုးဘူး၊ ဒါကြောင့်လဲ ကြီးကျယ်နေတာပေါ့ ဟုတ်လား။ ကျွန်မသားကို ရှင့်သမီးနဲ့ ပေးစားရမှာ ကျွန်မကတောင်နာတယ်လို့ ထင်ရမှာရှင့်။ အခုတော့ ရှင်က တစ်ပြန်စီ....'

သူမ၏စကား မဆုံးမီ....

'ပါးစပ်ပိတ်ထားလိုက်စမ်း'

ကျယ်လောင်သော စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကြားဝင်ပြောလာသူကား တောင်ဝှေးကိုင်ဆောင်ထားသည့် အဘွားအို ဖြစ်၏။

* * *

အဘွားအိုက တောင်ဝှေးကို ကြမ်းပြင်ပေါ် ဝုန်းခနဲ မြည်အောင် ဆောင့်ချရင်း ....



'ညည်းပါးစပ် ပိတ်ထားလိုက်စမ်း။ ရာရာစစ ဇော်ကားလှချည်လား'

ဟု အော်ငေါက်လိုက်၏။

ဝမ်းလျှန် မျက်မှောင်ကုတ်သွား၏။

ထိုအဘွားအိုကို အကဲခတ်ကြည့်ကာ....

'ကျွန်မကို ပါးစပ်ပိတ်ထားခိုင်းဝံ့တာ နည်းတဲ့ သတ္တိမဟုတ်ဘူး။ ရှင် ဘယ်သူလဲဆိုတာ ပြောစမ်းပါဦး'

'သူက ကျုပ်ရဲ့ဇနီးပါဗျာ'

ရှမ်းလွေက ပြောပြလေသည်။

ဝမ်းလျှန် မဲ့ပြုံးပြုံးကာ....

'ကဲ.... မင်္ဂလာကိစ္စ၊ ရှင်တို့ဘယ်လိုသဘောရသလဲ'

'ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်တို့ သဘောမတူနိုင်ပါဘူး'

'ဒါဖြင့် သတို့သမီးကို ကျွန်မ ခေါ်သွားရတော့မှာပေါ့'

'ဘာ....'

'ကျွန်မသားက ရှင့်သမီးကိုတပ်မက်နေတယ်လေ၊ ဒါကြောင့် ခေါ်သွားရမှာပေါ့ရှင်'

'ကောင်းပြီ။ ခင်ဗျား ခေါ်သွားနိုင်ရင် ခေါ်သွားပါ'

စကားဆုံးလျှင် ရှမ်းလွေက ရှမ်းရှမ်းအား ခေါင်းညိတ်ပြလိုက်လေသည်။

ရှမ်းရှမ်းက ရှေ့သို့ လှမ်းထွက်လာ၏။

ဝမ်းလျှန်က....

'သတိထား....'

အောင်ပြောရင်း ရှေ့သို့ ခုန်ဝင်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ညီမလေးဝမ်းလျှန်၊ ဒီကိစ္စ ကျုပ်တာဝန်ထားပါ'

မီးမိန္တာကောင်းချို၏ စကားသံ ထွက်ပေါ်လာသည်။ ကောင်းချိုက ဝမ်းလျှန်ထက်ဦးအောင် ရှေ့သို့လှမ်းထွက်လာပြီး ရှမ်းရှမ်းအား လှမ်းဆွဲလိုက်လေသည်။

ထိုစဉ်....

'ဖတ်....'

မြည်သံတစ်ချက် ထွက်ပေါ်လာပြီး အဘွားအိုက ရှေ့သို့ တိုးကာ တောင်ဝှေးဖြင့် ရိုက်ချလာသည်။

မီးမိန္တာကောင်းချိုက ရှမ်းရှမ်းကို အရေးမစိုက်အားတော့ပါချေ။

အဘွားအိုဘက်လှည့်ကာ ရင်ဆိုင်ရလေသည်။

သူက လက်နှစ်ဘက်ဆန့်ထုတ်ကာ တောင်ဝှေးကို ဖမ်းထားလိုက်သည်။

ထိုစဉ်....

အဘွားအိုက လက်ဆတ်ခနဲလှုပ်လိုက်လျှင် တောင်ဝှေးမှာ ကောင်းချို ဆုပ်ကိုင်ထားသည့် လက်ကြားမှ လျှောထွက်ကာ ကောင်းချို၏ရင်ဝသို့ တိုးဝင်သွားလေသည်။

ကောင်းချို ရင်ထိတ်သွားသည်။

တောင်ဝှေးကို ဆက်ပြီး ဖမ်းမထားဝံ့တော့ဘဲ လက်လွှတ်ကာ နောက်သို့ ခုန်ဆုတ်လိုက်ရလေသည်။



ဝမ်းလျှန် မျက်မှောင်ကုတ်သွားသည်။

ကောင်းချိုလည်း မျက်နှာပျက်သွားရလေသည်။

အဘွားအိုကို စိုက်ကြည့်လိုက်ပြီး....

'ခင်ဗျား ဘယ်ဆိုးလို့တုန်း၊ ကျုပ်ရဲ့သိုင်းကွက်ကို ကြည့်ပါဦးဗျာ'

စကားဆုံးလျှင် လက်ငါးချောင်းကို စွန့်ကုတ်လက်သည်း ပုံသဏ္ဌာန်ပြုလုပ်ကာ ခုန်ဝင် တိုက်ခိုက်လေသည်။

အဘွားအို နှာခေါင်းရှုံ့လိုက်သည်။

'မင်းတို့သိုင်းကွက်ဟာ ဘာများထူးဆန်းလို့လဲ'

ပြောရင်းတောင်ဝှေးကို ဝေ့ယမ်းကာ ပြန်လည်တိုက်ခိုက်လေသည်။

* * *

သူမ၏ဝှေ့ယမ်းမှုကြောင့် လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာလေသည်။

ကောင်းချို၏အဝတ်အစားများပင် တဖျပ်ဖျပ်လူးလွန့်သွားသည်။

ကောင်းချို ရင်ထိတ်သွား၏။

အဘွားအို မခေကြောင်းတွေးမိစဉ် တောင်ဝေးမှာ သူ၏ ဓါးလည်သိုသိုင်းပြီး ရိုက်လာသည်ကို တွေ့ရသည်။

ကောင်းချိုက တောင်ဝေးပေါ်သို့ အလျားလိုက် အိပ်ချလိုက်လေသည်။

တောင်ဝေးက သူ၏ခန္ဓာကိုယ်အောက်မှ ဟူးခနဲ ဖြတ်ကျော်သွားလျှင် ဦးခေါင်းကိုအောက်၊ ခြေထောက်ကို အပေါ်အနေအထားဖြင့် ခြေထောက်ဆန့်ထုတ် ကန်ကျောက်လိုက်လေ၏။

အဘွားအိုက လွတ်နေသော လက်တစ်ဘက်ဖြင့် ရိုက်ချပစ်လိုက်သည်။

'ဖျောင်း'

'ဝုန်း'

ကျယ်လောင်သော အသံများ ထွက်ပေါ်လာလည်။

ကောင်းချို တစ်ဘက်သို့ လွင့်စဉ်သွားလေသည်။

ကြမ်းပြင်ပေါ် ခြေချမိလျှင် သူ၏ခန္ဓာကိုယ် ယိမ်းယိုင်သွားသည်။

သူ၏ ခြေထောက်တစ်ဘက် မခံမပ်နိုင်အောင် နာကျင်နေပြီတကား။

ကောင်းချို မျက်နှာပျက်နေသည်။

သို့သော် သူကအံတင်းတင်းကြိတ်ကာ ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

'ရပ်လိုက်ပါ'

ဝမ်းလျှန်က ဟန့်တားလိုက်လေသည်။

ကောင်းချို မကျေမနပ်ဖြင့် နောက်ဆုတ်လိုက်လေသည်။



ဝမ်းလျှန်က ရှေ့သို့လှမ်းထွက်ရင်း....

'ရှင့်ပညာမဆိုးဘူး....ကျွန်မ ယှဉ်ပြိုင်ကြည့်ပါရစေဦး'

ပြောပြောဆိုဆို ရှေ့သို့ လှစ်ခနဲတိုးကာ လက်ဝှါးနှစ်ဘက်ဆန့်ထုတ် တိုက်ခိုက်လေသည်။

သူမ၏ခန္ဓာကိုယ်သည် လေပွေတစ်ခုပမာ လျှင်မြန်စွာ တိုးဝင်သွားသည်။

အဘွားအို၏မျက်လုံး၊ လည်ပင်းစသော အရေးကြီးသည့်နေရာများသို့ ဦးတည် တိုက်ခိုက်ခြင်း ဖြစ်လေသည်။

အဘွားအိုက....

'ကြမ်းကြုတ်လှချည်လား'

ပြောရင်းတောင်ဝေးကို ကြမ်းပြင်ပေါ်ထောက်ကာ လက်တစ်ဘက်ကကိုင်ထားရင်း ခန္ဓာကိုယ်ယိမ်းနွဲ့ကာ ကျန်ထစ်ဘက်ဖြင့် ပြန်လည် တိုက်ခိုက်လိုက်သည်။

ဝမ်းလျှန်က အဘွားအိုအား တိုက်ခိုက်ပါသော်လည်း၊ သူမ၏တိုက်ခိုက်မှုမှာ အဘွားအိုကိုယ်စား ရှေ့၌ခံနေသည့် တောင်ဝေးကို တိုက်ခိုက်လိုက်သလို ဖြစ်နေပါတော့သည်။ ဝမ်းလျှန် ဒေါပွသွားသည်။

လက်နှစ်ဘက်သာမက ခြေထောက်နှစ်ဘက်ပါ အသုံးပြုကာ တရကြမ်း တိုက်ခိုက်လိုက်လေသည်။

အဘွားအိုကလည်း ခပ်ကြမ်းကြမ်း ပြန်လည် တိုက်ခိုက်လေသည်။ သူတို့ ထိပ်တိုက်ရင်ဆိုင်မိချိန်ဝယ် ဝမ်းလျှန်က အပိုင်တွက်ကာ အဘွားအို၏ဦးခေါင်းပေါ်သို့ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

အဘွားအိုက ရှောင်တိမ်းခြင်းမပြုဘဲ တောင်ဝှေးဖြင့် ခံပေးလိုက်သည်။

'ဖျောက်'

မြည်သံသဲ့သဲ့ ထွက်ပေါ်လာသည်။

ဝမ်းလျှန် မသဲမကွဲ ညည်းညူရင်း နောက်ဆုတ်သွား၏။

သူမ၏ လက်တစ်ဘက်ကား အောက်သို့ တွဲလောင်းကျသွားပြီ ဖြစ်သည်။

ဝမ်းလျှန် မျက်နှာပျက်သွား၏။

အဘွားအိုကို မယုံကြည်နိုင်စွာကြည့်ရင်း....

'ရှင်....ရှင်....'

ထိုစဉ်....

'သေပေတော့'

အော်ငေါက်သံနှင့်အတူ လုဖုံးက ဓားတစ်လက်ဖြင့် အဘွားအိုထံ ခုန်ဝင်တိုက်ခိုက်လိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။

ဝမ်းလျှန် ရင်ထိတ်သွား၏။

'လုဖုံး....မလုပ်နဲ့'

သူမအော်ဟစ် ဟန့်တားလိုက်ပါသော်လည်း၊ နောက်ကျသွားပြီ ဖြစ်လေသည်။

အဘွားအိုက တောင်ဝှေးဖြင့် ရိုက်ချလိုက်လျှင်....

'ဒြွမ်း'

'အား....'

လုဖုံး၏ဓား ထက်ပိုင်းကျိုးသွား၏။



ကျိုးပြတ်သွားသော ဓားဦးသည် တောင်ဝှေး ရိုက်ချက်ကြောင့် ချာခနဲလည်ကာ လုဖုံး၏ရင်ဝ၌ စိုက်ဝင်သွားလေသည်။

လုဖုံး စူးစူးရှရှ အော်ဟစ်လိုက်သည်။

ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ပြုတ်ကျသွား၏။ ကြမ်းပြင်ပေါ်၌ တစ်ချက်နှစ်ချက် လူးလွန့်ပြီးနောက် လုံးဝငြိမ်သက်သွားလေတော့သည်။

'သား....'

ဝမ်းလျှန်၏ ဆို့နစ်သောအသံ ထွက်ပေါ်လာ၏။

လုဟန်၊ လုစန်း၊ လုကျောက်တို့ ဒေါသခြောင်းခြောင်း ထွက်သွားကြ၏။

'ယား....'

ညာသံပေးကာ ဓားကိုယ်စီဖြင့် ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ဝမ်းလျှန်က တားဆီးရန် စိတ်မကူးတော့ချေ။

သူမ ကိုယ်တိုင်လည်း သံမဏိယပ်တောင် ဆွဲထုတ်ကာ ခုန်ဝင်သွား၏။

မီးမိစ္ဆာကောင်းချီလည်း မနေနိုင်ဘဲ တိုက်ပွဲအတွင်း ခုန်ဝင်သွား၏။

သူတို့ဝိုင်းရံတိုက်ခိုက်လာလျှင် ရှမ်းလေ့နှင့် ရှမ်းရှမ်းတို့လည်း အဘွားအိုဘက်မှဝင်ပြီး ကူညီကြ၏။

ဧည့်ခန်းအတွင်းဝယ် ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်ပေါ်လာလေတော့သည်။

'ဝိုး'

'ဝေါ'

အဘွားအိုး၏ တောင်ဝှေးသည် တရစပ် လှုပ်ရှားလျက်ရှိသည်။

တဒီဒီ မြည်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မရှေးမနှောင်းမှာပင်....

'ခြိမ်း....ခြိမ်း....ခြိမ်း'

သံသံချွင်းပြင်းထန်စွာ ကိုတွေ့မိသောအသံများ ဆက်တိုက် ထွက်ပေါ်လာလေသည်။

လုဟန်၊ လုစန်းနှင့် လုကျောက်တို့ ကိုင်ဆောင်ထားသော ဓားများကား၊ တောင်ဝှေးရိုက်ချက်ကြောင့် ကျိုးပဲ့ကုန်လေသည်။

သူတို့သုံးယောက် ချက်ချင်း နောက်ဆုတ်လိုက်ကြ၏။

ထိုစဉ် တာကုန်း၊ ရှမ်းလေ့နှင့် ရှမ်းရှမ်းတို့၏ ဆီးကြိုတိုက်ခိုက်ခြင်း ခံလိုက်ရပြန်၏။

တာကုန်းမှာ သူတို့လူစုအား အမုန်းကြီး မုန်းနေရကား ဓားတစ်လက်ဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လျှင်....

'ဝုန်း'

'အား'

'အမလေး'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

လုဟန်၊ လုစန်းနှင့် လုကျောက်တို့ ကြမ်းပြင်ပေါ်သို့ အတုံးအရုံး လဲကျသွားကြလေတော့သည်။



'ယား....'

ဝမ်းလျန် ဒေါသအိုး ပေါက်ကွဲသွားပြီဖြစ်လေသည်။

ညာသံတစ်ချက်ပေးရင်း သံမဏိယပ်တောင်ဖြင့် ပြင်းထန်စွာ တိုက်ခိုက်လိုက်၏။

အဆိပ်လက်နက်ပုန်းများ၊ အဆိပ်ငွေ့များလည်း တရစပ် ဖော်ထုတ်လိုက်လေသည်။

မီးမိစ္ဆာ ကောင်းချီကလည်း အားကျမခံ မီးလက်နက်ပုန်းများ ဖော်ထုတ်လိုက်၏။

'ဝုန်း... ဝုန်း'

မီးလုံးကြီးများ တစ်လုံးပြီးတစ်လုံး ထွက်ပေါ်လာသည်။

အဆိပ်လက်နက်ပုန်းများ၊ အဆိပ်ငွေ့များလည်း မိုးသီးမိုးပေါက်များပမာ ထွက်ပေါ်လာလေသည်။

'ဝုစ်'

အဘွားအိုက....

'သတိထား'

အော်ပြောရင်း နောက်ဆုတ်သွား၏။

ရှမ်းလေ့နှင့် ရှမ်းရှမ်းတို့လည်း နောက်ဆုတ်လိုက်ကြလေသည်။ တာကုန်းက နောက်ဆုတ်ရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားချေပြီ။

မီးလုံးတစ်ခုက သူ၏ အဝတ်အစားများကို စွဲလောင်သွား၏။

ထို့အတူ....

ဝမ်းလျန်၏ လက်နက်ပုန်းအချို့လည်း ထိမှန်သွားရာ....

'အား....'

စူးရှစွာ အော်ဟစ်ကာ ကြမ်းပြင်ပေါ် ဝုန်းခနဲ လဲကျသွားလေသည်။

'ဦးလေး....'

ရှမ်းရှမ်း၏အော်သံ ထွက်ပေါ်လာ၏။

အဘွား အိုက....

'သမီး မသွားနဲ့'

ရှမ်းရှမ်း၏လက်ကိုဆွဲကာ ဟန့်တားလိုက်လေသည်။

ရှမ်းလွှကား ရှေ့တိုးကာ ဝမ်းလျန်နှင့် ရင်ဆိုင်လိုက်လေသည်။ ဝမ်းလျန်က သံမဏိယပ်တောင်ဖြင့် ဆီးကြို ရိုက်ချလိုက်လေ၏။ ရှမ်းလွှက ဓားဖြင့်ခံပေးလိုက်သည်။

'ခြွမ်း'

ကျယ်လောင်သောအသံ ပေါ်လာသည်။ ထိုစဉ်....

ကောင်းချိုက ကြားဝင် တိုက်ခိုက်လိုက်လေသည်။

အဘွားအို မနေနိုင်ပါတော့ချေ။

'နောက်ဆုတ်လိုက်စမ်း'

အော်ငေါက်ရင်း တောင်ဝှေးဖြင့် ပြေးဝင် တိုက်ခိုက်လိုက်လေသည်။

လေးယောက်သား ထိပ်တိုက် ရင်ဆိုင်မိကြခြင်းဖြစ်ပေသည်။

ရှမ်းလွှ၏ဓားက ကောင်းချိုအား ခုတ်ချလိုက်မိ၏။

ဝမ်းလျန်၏ယပ်တောင်က ရှမ်းလွှ၏ရင်ဝကို ထိုးမိသွားသည်။ ထို့အတူ အဘွားအို၏ တောင်ဝှေးက ဝမ်းလျန်၏ ကိုယ်ပေါ် ရိုက်ချမိလိုက်လေသည်။

မသဲ့မကွဲ ညည်းညူသံများ ထွက်ပေါ်လာသည်။



ရှမ်းလွှနှင့်ကောင်းချိုတို့ ကြမ်းပြင်ပေါ် လဲကျသွား၏။

ဝမ် လျန်လည်း အနောက်ဘက် လွင့်စဉ်သွားလေသည်။

ဝမ်းလျန်သည် အပေါက်ဝသို့ ရောက်သွားသည်နှင့် ကြမ်းပြင်ပေါ် လဲကျနေသည့်သူမ၏သားလေးယောက်နှင့် ကောင်းချိုကို တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် အံတင်းတင်းကြိတ်ကာ အပြင်ဘက်သို့ ခုန်ထွက်သွားလေသည်။

ရှမ်းရှမ်းက....

'မပြေးနဲ့'

အော်ငေါက်ရင်း ပြေးလိုက်သွားရန် ဟန်ပြင်လိုက်လေ၏။

'မလိုက်နဲ့သမီး'

အဘွားအိုက ဟန့်တားလိုက်၏။

ရှမ်းရှမ်း ခြေလှမ်းရပ်သွားလေသည်။

အဘွားအိုက ရှမ်းလွှထံ ပြေးသွား၏။

'ဖေဖေ...

ရှမ်းရှမ်းလည်း စိုးရိမ်ပူပန်ကာ ပြေးသွားလေသည်။

အဘွားအိုက ရှမ်းလွှကို ပွေ့ယူလိုက်၏။

ရှမ်းလွှ၏မျက်နှာ ပြုံးနေသည်။

သို့သော်....

သူ၏ရင်ဝ၌ကား သွေးချင်းချင်း နီရဲသည်တကား....။

ရှမ်းလွှက....

'တစ်တောတော့ ရှင်းသွားပြီ'

ဟု ပြောလေသည်။

အဘွားအို စိတ်မကောင်းဖြစ်သွားသည်။

'သူတို့က အကြောင်းမဟုတ်ပါဘူး၊ ရှင် သက်သာသွားဖို့ အရေးကြီးတယ်'

ရှမ်းလေ့ ခေါင်းယမ်းလိုက်သည်။

'ငါ... ငါမနေရတော့ဘူးဆိုတာ သိပါတယ်။ သမီးလေးကို စောင့်ရှောက်ပါနော်'

'စိတ်ချစမ်းပါရှင်'

'သမီး....'

'ရှင်... မေမေ'

'လူဆိုးဓားပြတွေကို ဘယ်တော့မှ ချမ်းသာမပေးလေနဲ့'

'စိတ်.... စိတ်ချပါ မေမေရယ်'

ရှမ်းရှမ်း၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။ ရှမ်းလေ့ ပြုံးလိုက်သည်။

'ဝမ်းလျှန်မှာ သား ငါးယောက်ရှိတယ်လို့ သတင်း ကြားတယ်။ အခုတော့ သူ့ရဲ့ သား လေးယောက် သေသွားပြီ။ ကျန်သဲတစ်ယောက်ကို အလွတ်မပေးနဲ့ ကြားလား'

'ဒိတ်.... စိတ်ချပါ မေမေ'

အဘွားအိုက....

'ရှင် သိပ်စကားမပြောနဲ့။ ရှင့်ဒဏ်ရာ စိုးရိမ်ရတယ်'

'ငါ မနေရတော့ပါဘူးကွာ'

စကားပြောရင်း ရှမ်းလေ့ ချောင်းတဟွတ်ဟွတ် ဆိုးလာလေသည်။

အဘိုးအိုက သူ၏ရင်ဝမှ သွေးကြောများကို ထိုးပိတ်လိုက်၏။



ရှမ်းလေ့၏ ရင်ဝ၌ စီးကျနေသော သွေးများကား မည်းညစ်ညစ် ဖြစ်လာသည်ကို တွေ့မြင်ရလေသည်။

အဘွားအို မျက်နှာပျက်သွား၏။

ရှမ်းလေ့က....

'ဝမ်းလျှန်ကို မလွတ်စေနဲ့'

အဘွားအို အံကြိတ်ရင်း....

'သူက ကျွန်မရဲ့ တောင်ဝှေးရိုက်ချက် တစ်ချက် ထိသွားတယ်လေ။ ဘယ်နည်းနဲ့မှ အသက်မရှင်နိုင်တော့ဘူးရှင့်'

ရှမ်းလေ့ ပြုံးကာ မျက်လုံးမှိတ်ထား၏။

ထို့နောက် မျက်လုံးပြန်ပွင့်မလာတော့ချေ။

ရှမ်းရှမ်း၏ ငိုရှိုက်သံ ပျံ့လွင့်လာလေတော့သည်။

* * *

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အဆောက်အအုံရှေ့သို့ ရောက်ရှိလာသည်နှင့် မြင်းဒုန်းစိုင်းစီးနှင်းလာသူက လွှားခနဲ ခုန်ဆင်းကာ အတွင်းသို့ ပြေးဝင်သွားလေသည်။

'မေမေ.... မေမေ....'

ဟုလည်း တကြော်ကြော် ခေါ်လေ၏။

ထိုလူငယ်သည်ကား ကျန်းနန်မှ ပြန်လာခဲ့သည့် လုထင်းဖြစ်လေသည်။

အိမ်ထဲဝယ် ထူးထူးခြားခြားတိတ်ဆိတ်ငြိမ်သက်နေကြောင်း ပထမဦးဆုံးအကြိမ် သတိပြုမိလိုက်သည်။

လုထင်း မျက်မှောင်ကုတ်သွား၏။

'မေမေ.... မေမေ....'

ဟု ထပ်မံ ခေါ်လိုက်ပြေသည်။

အိမ်ထဲဝယ် တိတ်ဆိတ်နေသလို လူရိပ်လူရောင် မတွေ့ရပါချေ။ လုထင်း အံ့ဩသွား၏။

ထိုစဉ် အတွင်းဘက်မှ ညည်းညူသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

လုထင်း ရင်ထိတ်သွား၏။

ချက်ချင်း အတွင်းဘက်သို့ ပြေးဝင်သွားသည်။

မကြာပါချေ။

သူ၏မိခင် နေထိုင်သော အခန်းဆီသို့ ရောက်သွားသည်။

အခန်းရှေ့သို့ ရောက်လျှင် အခန်းတွင်းမှ ထွက်လာသည့် ရှောင်စုကိုတွေ့ရ၏။

လုထင်းက....

'ရှောင်စု မေမေကော'

ဟု အလောတကြီး မေးလိုက်သည်။

ရှောင်စုမှာ မမျှော်လင့်ဘဲ လုထင်းအား တွေ့မြင်လိုက်ရခြင်းကြောင့် ဝမ်းသာသွား၏။

သို့သော်....

သူ၏မျက်နှာ ချက်ချင်းညှိုးနွမ်းသွားသည်။

လုထင်းက....



'ရှောင်စု ငါမေးနေတာ ကြားတယ်မဟုတ်လား၊ မေမေ ဘယ်မှာလဲ'

'သခင်မကြီး အထဲမှာရှိပါတယ်'

လုထင်းက ရှောင်စုအား တွန်းဖယ်ကာ အတွင်းဘက်သို့ ပြေးဝင်လိုက်သည်။

အတွင်းဘက်ဝယ် ခုတင်တစ်လုံးရှိနေပြီး ဝမ်းလျှန် လဲလျောင်းနေသည်ကို တွေ့မြင်ရသည်။

'မေမေ'

လုထင်းက ခုတင်အနီးသို့ ပြေးသွားသည်။

သူ၏အသံကြောင့် ဝမ်းလျှန် မျက်လုံးဖွင့်ကြည့်သည်။ လုထင်းကိုမြင်လျှင်....

'သား....သားပြန်လာပြီလား'

'ဟုတ်ပါတယ် မေမေ၊ သားပြန်လာပါပြီ'

'သား....ဦးလေးတုကော'

'သူ....သူ....'

ဝမ်းလျှန်က....

'သူပြန်မလာဘူးလား၊ မေမေ့ကိုပြောပါဦး'

လုထင်း ခေါင်းငုံ့ကာ....

'ဦး....ဦးလေးတု သေသွားပါပြီ မေမေ'

'ဘာ'

ဝမ်းလျှန်၏ အက်ကွဲသောအသံ ထွက်ပေါ်လာသည်။

လုထင်းက အဖြစ်အပျက်များကို ရှင်းလင်းပြောပြလိုက်လေသည်။

ဝမ်းလျှန် ငြိမ်သက်စွာ နားထောင်နေ၏။

လုထင်း၏ စကား ဆုံးလျှင်....

'အင်း...မေမေတို့အဖြစ်က ဆိုးလှချည်လား'

ဟု ညည်းညူလိုက်သည်။

လုထင်း အံ့သြသွားသည်။

'မေမေ...မေမေ ဘာကိုဆိုလိုတာလဲဟင်'

'သား...ရှောင်စုကပြောတယ်၊ သားဟာ မေတ္တာခြံဝင်းက မိန်းကလေးကို မေတ္တာသက်ဝင်နေတယ်ဆို'

'ခင်ဗျာ'

လုထင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

မိခင်ဖြစ်သူကို မကြည့်ဝံ့ဘဲ ခေါင်းငုံ့ထားလိုက်၏။

ဝမ်းလျှန်က....

'သားအတွက် မေမေက မေတ္တာခြံဝင်းကို သွားခဲ့တယ်'

'ဟင်....မေမေ၊ မေမေသွားတယ် ဟုတ်လား'

'ဟုတ်တယ်၊ သားစိတ်ဆင်းရဲ နေတာကို မေမေ မကြည့်ရက်ဘူးလေ၊ ဒါကြောင့် မေမေက ဦးလေးကောင်းချို့နဲ့ သားရဲ့ အစ်ကိုတွေကိုခေါ်ပြီး မင်္ဂလာကိစ္စ သွားပြောခဲ့တယ်'

'သူ....သူတို့ ဘာပြောသလဲဟင်'

လုထင်း စိတ်ဝင်စားနေကြောင်း သိနိုင်ပေ၏။

'သူတို့ဘာပြောသလဲ ဟုတ်လား၊ သားအစ်ကိုလေးယောက်နဲ့ ဦးလေးကောင်းချို့တို့ အဲဒီမှာ ကျန်ရစ်ခဲ့ကြတယ်လေ'



'ဗျာ'

ဝမ်းလျှန်က အဖြစ်အပျက်များကို ရှင်းလင်းပြောပြလိုက်သည်။

သူမ၏ စကားဆုံးလျှင် လုထင်း၏ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွား၏။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာ၏။

* * *

ဝမ်းလျှန်က....

'သား...သူ့ကို မေတ္တာရှိသေးသလားဟင်'

လုထင်း ခေါင်းယမ်းလိုက်သည်။

'သား သူ့ကို လုံးဝစိတ်မကူးတော့ပါဘူး မေမေ'

'မေမေတို့ကို လူဆိုးဓားပြတွေဆိုပြီး သူတို့က ကဲ့ရဲ့ရှုတ်ချတယ်၊ လူရာမသွင်းကြဘူး'

လုထင်း အံကြိတ်လိုက်သည်။

ဝမ်းလျှန်က...

'မှန်တယ်သား၊ မေမေဟာ အများသတ်မှတ်ထားတဲ့ လူဆိုးဓားပြဆိုတာ အမှန်ပဲ၊ ဒါကြောင့် လုယက်တယ်ဆိုတဲ့အပေါ်

မှာ ခံယူချက်ခြင်း ဘယ်တူနိုင်ပါ့မလဲ၊ သားကော ဘယ်လို သဘောရသလဲ'

လုထင်းက ပြတ်သားသောလေသံဖြင့်....

'သားလဲ လူဆိုးဓားပြတစ်ယောက်ပါပဲ'

ဝမ်းလျှန်က ရယ်မောလိုက်သည်။

သူမ ရယ်မောလိုက်သံဖြင့် မျက်နှာတစ်ခုလုံး နီမြန်းလာသည်။

လုထင်း စိုးရိမ်သွား၏။

'မေမေ....သိပ်မရယ်နဲ့လေ'

'မေမေ ဝအောင်ရယ်စမ်းပါရစေ သားရယ်၊ မေမေတို့တစ်မိသားစုလုံး အရှုံးနဲ့ ရင်ဆိုင်ရပေမယ့် သားတစ်ယောက် ကျန်နေသေးတယ် မဟုတ်လား'

သူမသည် ခဏ အမောဖြေလိုက်ပြီးမှ....

'သား....သားဟာ မေမေ့ရဲ့ရန်သူ၊ သားဦးလေးရဲ့ ရန်သူတွေကို တိုက်ခိုက်ချေမှုန်းပစ်မယ်လို့ မေမေယုံကြည်တယ်'

နုံနယ်သော လုထင်း၏ နှလုံးသားကား မိဘ ညီအစ်ကို မောင်နှမများကြောင့် ခက်ထန်ကြမ်းတမ်းသည့်အသွင် ပြောင်းလဲသွားပြီ ဖြစ်သည်။

* * *



ယခုလို ပြဿနာများ ဖြစ်ပေါ်လာခြင်း မရှိပါလျှင် သူသည် လူကောင်းလူမွန် စာပေသမားတစ်ယောက် ဖြစ်လာနိုင်ပေသည်။

ယခုတော့....

လုထင်းက....

'ရန်သူတွေကို တိုက်ခိုက် ချေမှုန်းပစ်မယ်လို့ သား ကတိပေးပါတယ် မေမေ'

ဟု ပြတ်သားစွာ ပြောလိုက်သည်။

ဝမ်းလျှန် သဘောကျသွား၏။

'ဒါမှ မေဇမ္ဗသား'

လုထင်း၏ ဦးခေါင်းမှ ဆံပင်များကို လက်ဖြင့် ပွတ်သပ်ပေးလေသည်။

လုထင်း၏ရင်ထဲ ဆို့နင့်သွား၏။

ခံပြင်းနာကြည်းစိတ်များလည်း တဖွားဖွား ပေါ်ပေါက်နေလေပြီ။

ဝမ်းလျှန်က....

'မေမေ့ဘဝမှာ ဘယ်တော့မှ ပြောမပြဘူးလို့ ဆုံးဖြတ်ထားတဲ့ ကိစ္စတစ်ခု ရှိတယ်၊ အခုတော့ သားကိုဖွင့်ပြောမယ်လို့ စိတ်ကူးထားတယ်'

'ဘယ်လိုကိစ္စများလဲ မေမေ'

'သား....သားဖေဖေ အသက်ထင်ရှား ရှိသေးတယ်ကွယ့်'

'ဗျာ'

လုထင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

မိခင်ဖြစ်သူအား မယုံကြည်နိုင်စွာ ကြည့်လိုက်သည်။
ဝမ်းလျှန်က....

'သားမယုံဘူးလား'

'မေမေ....မေမေပြောတော့ သားဖေဖေ သေဆုံးသွားပြီဆို'

'မေမေ တမင်ပြောခဲ့တာပါ၊ တကယ်တော့ သားဖေဖေ အသက်ထင်ရှား ရှိနေသေး တယ်ကွယ့်'

'ဖေဖေ....ဖေဖေဘယ်မှာလဲ'

'သားဖေဖေဟာ ချန်အင်းမြို့မှာ ရှိနေတယ်။ စာပေပညာရှင် လုယုကျင်းဆိုရင် အားလုံးသိကြတယ်'

ဖခင်အကြောင်း ပထမဆုံးအကြိမ် သိလာရသဖြင့် လုထင်း၏ ရင်ထဲ ဝမ်းနည်းဝမ်းသာ ဖြစ်လာလေသည်။

လုထင်းသည် သူ့ဖခင်ကြီးအား မြူသည် မည်းသည်ကိုပင် မတွေ့မြင်ဖူးပါချေ။

ဖခင် အသက်ထင်ရှား ရှိနေကြောင်း သိရလျှင် တွေ့လိုစိတ်များ ပြင်းပြလာတော့သည်။

'သားဖေဖေဟာ မေမေနဲ့ စိတ်သဘောချင်း မတိုက်ဆိုင်လို့ သားမွေးပြီး မကြာခင်မှာပဲ လမ်းခွဲသွားခဲ့တယ်၊ ဒီနေ့အထိ မေမေနဲ့ ပြန်မတွေ့တော့ဘူး၊ သူက နောက်အိမ်ထောင်ပြုလိုက်တယ်လို့ ကြားတယ်'

လုထင်း၏ရင်ထဲ၌ ဝမ်းသာပျော်ရွှင်မှုများ ယူပစ်သလို လွင့်ပါးပျောက်ကွယ်သွားတော့သည်။



'သား ဒီမှာဆက်နေလို့ မဖြစ်တော့ဘူး၊ မေမေနဲ့ ဦးလေးတို့ မရှိတော့ဘူးဆိုရင် သားကို ဘယ်သူမှ ကာကွယ် စောင့်ရှောက်နိုင်တော့မှာ မဟုတ်ဘူး'

သူမ၏အသံက တိမ်ဝင်လာသည်။

'ဒါကြောင့် သားဖေဖေဆီ သွားပါ၊ အဲဒီမှာ နေထိုင်ပြီး သိုင်းပညာ လေ့ကျင့်ပါ၊ ပညာပြည့်စုံရင် ရန်သူတွေကို တိုက်ခိုက် ချေမှုန်းပါ'

သူ၏ဖခင်ထံတွင် သွားရောက်နေထိုင်ပြီး သိုင်းပညာ လေ့ကျင့်စေလိုကြောင်း ထင်ရှားပေသည်။

သို့သော်....

ဖခင်ကြီးမှာ နောက်အိမ်ထောင် ပြုထားသည်ဆိုခြင်းက ကြီးမားသော အဟန့်အတား ဖြစ်နေပေတော့၏။

'သား မေမေနဲ့ပဲ နေလို့မရဘူးလားဟင်'

'ဟင်း....ဟင်း....မေမေကမှ သားကို မစောင့်ရှောက်နိုင်တော့တာ'

'ဗျာ'

'ရှမ်းလေ့ရှဲဇနီး တောင်ငွေးရိုက်ချက်က အတော်ပြင်းတာပဲ၊ မေမေ ကြာကြာနေရမယ် မထင်ဘူး'

'ဗျာ'

'သားရယ် မေမေ့စကား နားထောင်ပါ၊ မေမေ စိတ်ချသွားချင်တယ်'

'မေမေ....သား....သားလေ....'

'မေမေ့စကားကို နားထောင်မယ် မဟုတ်လားဟင်'

လုထင်း ခေါင်းငုံ့လိုက်သည်။

ယခုအချိန်ဝယ် မိခင်ကြီး စိတ်ချမ်းသာစေရန် အရေး အကြီးဆုံး မဟုတ်ပါလား။

'သား....ကတိပေးပါတယ် မေမေ'

'မေမေ ဝမ်းသာလိုက်တာ သားရယ်'

ဝမ်းလျှန်၏ လက်တစ်ဘက်က လုထင်း၏လက်ကို တင်း ကြပ်စွာ ဆုပ်ကိုင်ထား၏။

* * *

သို့သော်....

သူမ၏လက် တဖြည်းဖြည်း လျော့ကျသွားသည်။

'မေမေ....'

ဝမ်းလျှန်က သူမအား ပြုံးကြည့်နေ၏။

သူမ၏အပြုံးကား ပီပြင်ခြင်း မရှိတော့ချေ။

'သား....မေမေ့ ခေါင်းအုံးအောက်မှာ သိုင်းကျမ်းစာအုပ် ရှိတယ်၊ သားယူသွားပါ၊ သိုင်းပညာ တတ်အောင်သင်ပြီး အခါအခွင့်သင့်ရင် မြောင်နယ်ခြားကို ရောက်အောင်သွားပါ'

'သား မြောင်နယ်ခြားကို သွားရမယ်၊ ဟုတ်လားဟင်'



'ဟုတ်တယ်၊ မြောင်နယ်ခြားမှာ အဆိပ်ရှိတဲ့ သစ်သီး သစ်ဖုတွေ၊ သတ္တဝါတွေ အများကြီးရှိတယ်'

လုထင်း စိတ်ဝင်စားလာသည်။

'သိုင်းကျမ်းစာအုပ်ထဲမှာ အဆိပ်ဖော်စပ်နည်း၊ အသုံးပြု နည်းတွေ ပါတယ်။ မြောင်နယ်ခြားမှာ ရနိုင်တဲ့ အဆိပ်တွေ အကြောင်း ပါတယ်'

သူမ၏အသံက တဖြည်းဖြည်း လေးလာသည်။

'ရှင်းရှင်းပြောရရင် မေမေဟာ မြောင်နယ်ခြားကို မရောက် ခဲ့ဘူး၊ အပြင်းထန်ဆုံးအဆိပ်တွေ မဖော်စပ်နိုင်ခဲ့ဘူး၊ ဒါကြောင့် ရန်သူတွေကို အနိုင်မရတာပေါ့'

သူမက အားတင်းလိုက်ပြီး....

'မြောင်နယ်ခြားကို သွားပါ၊ အပြင်းထန်ဆုံး အဆိပ်ကို ဖော်စပ်ပြီး အသုံးပြုပါ၊ သားကို ဘယ်သူမှ အနိုင်တို့ကြတော့ မှာ မဟုတ်ဘူး'

လုထင်း မနှစ်မြို့နိုင်ဘဲ ဖြစ်နေ၏။

သို့သော်....

မတတ်သာဘဲ ခေါင်းညိတ်လိုက်ရ၏။

'သား ကြိုးစားပါ့မယ် မေမေ'

'မေမေ ဝမ်းသာလိုက်တာ သားရယ်'

ဝမ်းလျှန်၏စကားသံ တိမ်ဝင်သွားသည်။

မျက်လုံးလည်း မှိတ်ထား၏။

လုထင်းက ရှေ့ဆက်ပြောမည်လားဟု စောင့်မျှော်နေ၏။

"ဆုမွန်ကျောင်း" စာမေ
2½ – 5ရ
4 –
3 –
5 –

သို့သော်....

အတန်ကြာသည်အထိ စကားသံ ထွက်ပေါ်လာခြင်း မရှိချေ။

'မေမေ....မေမေ'

သူက အငမ်းမရ ခေါ်လိုက်၏။

ဝမ်းလျှန့်ထံမှ တုံ့ပြန်သံ ထွက်ပေါ်လာခြင်း မရှိတော့ချေ။

လှထင်း မျက်လုံးပြူးသွား၏။

ဝမ်းလျှန်ကား သေဆုံးနေပြီတကား။

လှထင်း အားရပါးရ ငိုကြွေးလိုက်လေတော့သည်။

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်းကို ဆက်လက်ဖတ်ရှုပါရန်)

မိုးကျော်သူ